စိတ်ကူးချိုချိုအနုပညာ

mgyoe.com



နေဇင်လတ်

# ဝေလည်းဝေ ကြွေလည်းကြွေ



mgyoe.com

mgyoe.com

ဝေလည်းဝေ
ကြွေလည်းကြွေ

nzl0019
2500.00 Ks

mgyoe.com

mgyoe.com

ဝေလည်းဝေ ကြွေလည်းကြွေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၇၅၀၄၀၅ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၉၁၀၅၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ။.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုတင်ဇော (လှိုင်)

၇၉၅ . ၇၃

နေဇင်လတ်

ဝေလည်းဝေ ကြွေလည်းကြွေ / နေဇင်လတ် ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၂၆ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) ဝေလည်းဝေ ကြွေလည်းကြွေ

mgyoe.com

mgyoe.com

ဘမောင် 'အူဝဲ' ဆိုပြီး လူ့လောကထဲရောက်လာကတည်းက ကျုပ်က အတူပါလာတာ၊ သည်အသက်အရွယ် သည်အလုပ်အကိုင်တွေအထိ ဆိုပါတော့။ စားစားသွားသွား ထက်ကြပ်မကွာသူဆိုတော့ သူ့အကြောင်း ကျုပ်အကုန်သိတာ။ သူတောင် သူ့အကြောင်း ကျုပ်လောက်သိချင်မှသိမှာပါ။ သိပုံလည်း မပေါ်ပါဘူး။ တစ်ခါတလေအလုပ်လုပ်နေရင် လောကကြီးကို သူအကုန်မေ့တယ်။ တစ်ခါတလေ သူ့စိတ်ထဲဝင်ပြီး သတိပေးရသေးတယ်။ ကျုပ်ထင်တယ်၊ သူ့အမေ၊ သူ့ဇနီးတောင် ဘမောင်အကြောင်း ကျုပ်လောက်သိတာမဟုတ်ဘူး။

ကျုပ်ဘယ်လောက်အထိ ဘမောင်အကြောင်းသိလည်း–သိလား။ သူ့စိတ်ကူးထဲအထိ သိတဲ့သူ။ ကုန်ရောပေါ့၊ ကျုပ်လောက် ဘမောင်အကြောင်း ဘယ်သူမှမသိနိုင်ဘူး။

ဘမောင်ကို လူလတ်တန်းစား မိဘနှစ်ပါးကမွေးတာ။ ရွှေဒွန်းကိုက်၊ ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့သူတစ်ယောက် မဟုတ်ဘူး။ မထူးခြားတဲ့သူတစ်ယောက် အကြောင်း ဘာဖြစ်လို့ပြောနေလဲလို့ မေးကြလိမ့်မယ်။

'ဘဝဆိုတာမပြည့်စုံခြင်း' ကိုပြောချင်လို့။ မပြည့်စုံကြတဲ့ ဘဝအကြောင်း ဇာတ်ကောင်ရှာကြည့်တော့ ဝေးဝေးရှာမနေရဘူး။ ကိုယ်က အူမချေးခါးမကျန်သိတဲ့ ဘမောင်ကို သွားတွေ့တယ်။ သူ့အကြောင်း ပြောချင်လာတယ်။ ရွှေလင်ပန်းနဲ့ အချင်းဆေးသူတွေအကြောင်းပြောရင် ဘဝရဲ့မပြည့်စုံခြင်းဆိုတာ သိပ်ပြီး သရုပ်ပေါ်မှာ မဟုတ်လို့။

mgyoe.com

mgyoe.com

သူဖြတ်သန်းခဲ့ရတဲ့ဘဝက စိတ်ဝင်စားဖို့ ကောင်းတယ်။ ဘဝအစတွေမှာ ထက် ဘဝအလယ်ပိုင်းက တစ်ခါတလေ ကျုပ်တောင် ရင်ခုန်မိတယ်။ တည် တည်ငြိမ်ငြိမ်ရင်ဆိုင်ရဲတဲ့ သူ့သတ္တိကိုတော့ ကျုပ်က ကြိုက်တယ်။ မကြိုက်တာ တွေကလည်း အများကြီးပဲ။

* * *

ဘမောင်ကို (၁၉၅၀) နှစ်ဦးပိုင်းမှာမွေးတယ်။ ဒုတိယကမ္ဘာစစ်မှာ ပြေးရင်းလွှားရင်းကြီးပြင်းကြတဲ့ ဘမောင်မိဘနှစ်ပါးက အလယ်တန်းပညာ လောက်အထိပဲ သင်ဖြစ်ခဲ့ကြသူတွေ။ ဘမောင်အဖေက တစ်ကောင်ကြွက်။ ဘမောင်အမေက မောင်နှမတွေအများကြီး၊ အုပ်စုက ခပ်တောင့်တောင့်။ ဘမောင် အဖေရဲ့ ဦးလေးက ဘမောင်အမေကို သူ့တူနဲ့ပေးစားဖို့ သိပ်ပြီးသဘောကျ နေတာ။

တစ်ရက် အဲဒီအဘိုးကြီးက ဘမောင်အမေရဲ့ မိဘများဆီလာပြီး နားဖောက် တယ်။ စစ်ပြီးကာစအခြေအနေတွေကလည်း လှုပ်လှုပ်ရွရွဆိုတော့ သမီးများတဲ့ ဘမောင်အဘွားက ခေါင်းညိတ်လိုက်တယ်။ ဒါနဲ့ပဲ ဘမောင်ရဲ့ အဖေနဲ့အမေက အကြောင်းပါတော့တာ။

ဘမောင်အမေက မိသားစုတာဝန်ယူရင်း အိမ်ရှင်မ ဖြစ်လာတယ်။ ဘမောင် အဖေက မော်တော်ကားတွေ ထောင်တယ်။ အဲဒီတုန်းက ပါလီမန်ခေတ်၊ သစ် ထုတ်ခွင့်ပါမစ်တွေ ဘာတွေရပြီး စီးပွားဖြစ်လာကြတယ်။ သစ်ကျွဲအုပ်စုလိုက် ကြီးပိုင်ပြီး မိုးမိတ်သစ်ကွင်းက သစ်တွေကို ထုတ်တယ်။

ဘမောင်ကိုမွေးတော့ ညနေကျရင် ဖိုက်နာတတ်တဲ့ရောဂါလေး ပါလာ တယ်။ ဒီမောင် လေးနှစ်သားလောက်အထိပေါ့။ ညနေရောက်ရင် လူကြီးတွေ မနေရဘူး အသံကုန်ဟစ်တာ။ ညနေရောက်မှာ လူကြီးတွေ ကြောက်နေရတယ်။ ဆရာဝန်ပြတော့လည်း ဘာမှမထူးခြားဘူး။ နောက် အဲဒီတုန်းက နာမည်ကြီး တရုတ်ဆေးဆရာကြီး 'ဟန့်မော်' ဆီ သွားကြတယ်။ ဖယောင်းအုံထားတဲ့ ဆေးလုံးလေးတွေ ပေးလိုက်တယ်။ တစ်ပတ်လောက်ကြတော့ အရှင်းပျောက် သွားတယ်။ တိုင်းရင်းဆေးတွေ တကယ်မှန်ရင် အထင်သေးလို့မရဘူး။ နှစ်ချီ နာနေတဲ့ ဖိုက်နာရောဂါကို တစ်ပတ်နဲ့ဆေးသောက်ပြီး ပျောက်သွားတော့ အဲဒီ စိမ်းရွှေရွှေအနံ့လေးကို အခုထက်ထိ ဘမောင် မှတ်မိနေသေးတယ်။

မွေးတုန်းက ထူးခြားပေမဲ့ ကြီးတော့ ဘာမှမထူးခြားတဲ့ ဘမောင်အကြောင်း

mgyoe.com

mgyoe.com


ပြောစရာ ကျန်သေးတယ်။ ဘမောင်ကို 'စံပြ' ဆေးခန်းမှာ မွေးတာ။ ဒေါက်တာမြမြအေးရဲ့ ဆေးခန်းပေါ့။ ထူးထူးခြားခြားအဲဒီနေ့မှာ မိန်းကလေး ဆယ့်ရှစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် မွေးတယ်။ အဲဒီနေ့က (၁၉) ရက်။ ဒေါက်တာမြမြအေးက ဘမောင် ပိစိကွေးကို ချစ်လွန်းလို့ 'စိန်အောင်မင်း' လို့ နာမည်ပေးလိုက်တယ်။ အဲဒီတုန်းက ဇာတ်မင်းသားကြီး စိန်အောင်မင်းက တော်တော်နာမည်ကြီးဆိုပဲ။ မင်းသမီးအများကြီးနဲ့တွဲပြီး 'က' တတ်လို့ အဲဒီနာမည်ကို ပေးလိုက်တာ။ ဒေါက်တာမြမြအေးက ပိစိကွေးဘမောင်ကို ဘယ်လောက်ချစ်သလဲဆိုရင် အမေဆေးရုံကဆင်းတော့ အဖေလာကြိုတာတောင် မထည့်လိုက်ဘဲ သူကိုယ်တိုင်အိမ်လိုက်ပို့တယ်လို့ အမေပြောတာ ကြားဖူးတယ်။

'သည်ကလေးကြီးရင် စွံမယ်ထင်တယ်'

ဒေါက်တာမြမြအေးပေးတဲ့မှတ်ချက်။ အဲဒီမှတ်ချက်လေးကို အမေက ပြန်ပြောပြတော့ ဘမောင်လည်း မျှော်လင့်တာပေါ့နော်။ ဆရာမကြီးက ဆေးပညာမှာတော့ သူ့နေရာနဲ့သူပဲ။ လေးစားရတဲ့ဆရာမကြီး။ ဒါပေမဲ့ အတိတ်ကောက်လိုက်တာ တက်တက်စင်လွဲသွားရှာတယ်။ အရွယ်လေးလည်းရရော 'စွံ' ဖို့နေနေသာသာ ရည်းစားလေးတောင် 'ခလုတ်' အတိုက်ကောင်းလို့ ရလိုက်ရတာ။ 'မပြည့်စုံ' 'မချောမွေ့မှု' ရဲ့အရသာကို 'ရည်းစား' မှာတောင် တွေ့ရတယ်ဆိုတာနောက်တော့မှ ဘမောင်သိလာရတယ်။

ဘမောင်အမေက အဘွားနဲ့အတူ ရန်ကုန် (၂၄) လမ်းမှာ နေတယ်။ မြို့လယ်ကောင်ပေါ့။ တောက်တောက်၊ တောက်တောက်၊ လမ်းလျှောက်တတ်တဲ့အရွယ်ရောက်လာတော့ (၂၄) လမ်းက အောက်ကိုဆင်းရင် ကုန်သည်လမ်းမပေါ်ရောက်တာကိုး။ အဲဒီမှာ နိုင်ငံခြားဘဏ်တွေရှိတယ်။ ပလက်ဖောင်းပေါ်မှာဈေးသည်တွေရှိတယ်။ လမ်းလျှောက်တတ်တဲ့အရွယ်မှာ ကုန်သည်လမ်းပေါ်ဘမောင်က အမေနဲ့အတူ လမ်းလျှောက်ဖြစ်လေ့ရှိတယ်တဲ့။

အဲဒီတုန်းက ပန်းသီးတစ်လုံး ပြားနှစ်ဆယ်။ တော်တော်ကြီးရင် တစ်မတ်။ တစ်ဖက်တစ်လုံးကိုင်ပြီး ဘမောင်လမ်းသလားတယ်တဲ့။ အဲဒီပလက်ဖောင်းကဈေးသည်တွေအားလုံး ဘမောင်ပိစိကွေးကို အကုန်သိတယ်။ မုန့်တွေ ပေးကြတယ်။ ညနေ (၄) နာရီဆို ဗိုက်နာ၊ တစ်နာရီလောက်အော်ငိုပြီးရင် လမ်းလျှောက်၊ ပန်းသီးလေးကိုက်၊ ဟိုလူနမ်းလိုက်၊ သည်လူနမ်းလိုက်ခံပြီး အိမ်ပြန်။ အဲဒါဘမောင်ရဲ့ နေ့စဉ်အလုပ်ပဲ။

သည်လိုနဲ့ ဘမောင်အသက် (၄) နှစ်သားကျော်အထိ ရောက်လာတယ်။

mgyoe.com

mgyoe.com


အဖေ့ကို အမြဲမတွေ့ရတတ်ဘူး။ ခရီးခဏခဏ ထွက်တတ်လို့ ဘမောင်အဖေကို နည်းနည်းစိမ်းတတ်တယ်။ တကယ်ပြောရင် ဘမောင်က အဘွားလက်ပေါ် ကြီးလာတာ။ အဘွား နာမည်က 'ဒေါ်ကြွေ'၊ အမေ့နာမည်က 'ဒေါ်နု'။ အမေကလည်း အလုပ်လုပ်တယ်။ အထည်အလိပ် လက်ကားတစ်ယောက်။ သိမ်ကြီးဈေးမှာ သူ့ဆိုင်တွေရှိတယ်။ သူဌေးကြီးမဟုတ်ပေမဲ့ အတော်ချောင်ချောင်လည်လည် ဘဝမျိုး။

မိဘကတတ်နိုင်တော့ အဲဒီခေတ်တုန်းက အင်္ဂလိပ်ကျောင်းတစ်ကျောင်း ဖြစ်တဲ့ St. John Dioceason Boy's School မှာ ဘော်ဒါနေခဲ့ရတယ်။ အခု လမ်းမတော် အ.ထ.က (၁) ဆိုတဲ့ကျောင်းပေါ့။ အဲဒီတုန်းက ကျောင်းနေခွင့်ရဖို့ ကန့်သတ်ချက်တွေ အတော်လေးရှိခဲ့တယ်။ မူလတန်းမှာတင် (၃) နှစ်နေရတဲ့ ပညာရေးစနစ်။ LKG ဆိုတဲ့ Lower Kindergarten ၊ MKG ဆိုတဲ့ Middle Kindergarten နဲ့ HKG ဆိုတဲ့ Higher Kindergarten ။

ဘမောင်ရယ် အမေ့မောင်ကမွေးတဲ့ အစ်ကိုတစ်ဝမ်းကွဲနဲ့အတူ အဲဒီကျောင်းကို ဘုမသိ ဘမသိ ရောက်သွားတာ။ ကျောင်းအပ်ပြီး အိမ်က ပြန်သွားတော့ ရင်ထဲမှာဟာတာတာနဲ့ ချာတိတ်နှစ်ကောင် ကျန်ခဲ့ရော။ တစ်ခါမှ မိဘရင်ခွင်က မခွာဘူးသေးတဲ့ ဘမောင်တို့ ချာတိတ်ညီအစ်ကိုနှစ်ယောက် ရှုံ့မဲ့၊ ရှုံ့မဲ့နဲ့ပေါ့။ ငယ်စဉ်က အတွေ့အကြုံတွေဟာ ပိုပြီးအမှတ်တရရှိတယ်ဆိုတဲ့စကား တကယ် မှန်တယ်။ အဲဒီတုန်းက ခံစားချက်ကို အသက် (၅၀) ကျော်ထိ နွေးနွေးထွေးထွေးကို မှတ်မိနေသေးတယ်။

အမှတ်တရပိုပြီးဖြစ်စေတဲ့ ဖြစ်ရပ်လေး ရက်ပိုင်းမှာပဲ ဖြစ်ခဲ့ပြန်သေးတယ်။

'အိမ်ကငါတို့ကို မချစ်လို့ပစ်သွားတာ'

'အေး ... ဟုတ်တယ်'

ဘမောင် အစ်ကိုတစ်ဝမ်းကွဲက ဦးဆောင်တာ၊ ဘမောင်ကလည်း ထောက်ခံတယ်။

'ဘာလုပ်ရင်ကောင်းမလဲ'

'မသိဘူး'

အသက်တစ်နှစ်သာကွာပေမဲ့ ဘမောင်အစ်ကိုက Intelligent ပိုမြင့်တယ်။ သူ့နာမည်က 'ဝင်းမောင်ဦး'။ အဲဒီတုန်းက အင်္ဂလိပ်ကျောင်းသားတွေကို အင်္ဂလိပ်အမည်ပေးကြရတာ ကျန်သွားတယ်။ 'ဝင်းမောင်ဦး' က William ၊ ဘမောင်က Wiston။ လူကြီးတွေပေးလို့သာ လက်ခံလိုက်ရတာ အင်္ဂလိပ်နာမည်တွေက

mgyoe.com

mgyoe.com

ဘမောင်တို့အတွက် ခပ်စိမ်းစိမ်းပဲ။

"ငါကတော့ ကိုယ့်ကိုယ်ကို သတ်သေချင်တယ်"

"လုပ်လေ"

သံယောင်လိုက်တဲ့ ဘမောင်ရဲ့ 'လုပ်လေ' က ခပ်တုန်တုန်တော့ရှိတယ်။

"ဘယ်လိုသေရင်ကောင်းမလဲ"

"အဲဒါတော့ငါမသိဘူး"

ဝင်းမောင်ဦး ခဏစဉ်းစားတယ်၊ ပြီးတော့ ...

"ဒါဖြင့် ငါနဲ့လိုက်ခဲ့ . . . ၊ မင်းတကယ်လုပ်မှာနော်"

"အေးပါ"

နှစ်ယောက်သား ကျောင်းအနောက်က ရေတွင်းဘက်ဆီ သွားကြတယ်။ ဝင်းမောင်ဦးက ဦးဆောင်တာ၊ ဘမောင်က နောက်လိုက်။ ရေတွင်းနားကို ရောက်တော့ . . .

"Wiston ..., မင်းအရင်ခုန်ချကွာ"

"မင်းကရော"

"မင်းပြီးရင် ငါပေါ့"

ဘမောင် ရေတွင်းနှုတ်ခမ်းကအောက်ကို ငုံ့ကြည့်လိုက်တော့ ရင်ထဲ 'စိမ့်' ခနဲ အေးသွားတယ်၊ လက်တုန်ခြေတုန်လည်း ဖြစ်သွားတယ်။ ခြေဖျား လက်ဖျား တွေလည်း တစ်ခဏချင်း အေးစက်သွားတယ်။ ရေတွင်းရေမျက်နှာပြင်က သူ့မျက်နှာ ပြန်မြင်လိုက်တော့ ဆတ်ခနဲ ကိုယ်ကိုပြန်မတ်ပစ်လိုက်တာ ကျုပ် သတိထားမိတာပေါ့။

ကျုပ်ကအသံထွက်အောင် စကားပြောနိုင်တာ မဟုတ်ဘူး။ ဘမောင် ချာတိတ်ဆိုတဲ့ Wiston ကို ကြည့်ပြီး ဒီလောက်ဖြစ်လှတာ 'လုပ်ကြည့်ပါစေ' ဆိုပြီး ဆားကပဲ ကြည့်နေလိုက်တယ်။

"William . . . မင်းကအစ်ကိုပဲ . . . အရင်ဆင်း"

"ဟင့်အင်း . . . မင်းက ငါ့ညီဆိုတော့ ... အရင်ခုန်"

ဘမောင် ခဏစဉ်းစားတယ်။ William က လူပါး၊ ကိုယ်ဆင်းပြီး သူလိုက်မလာရင်ရော၊ ဘမောင် စဉ်းစားမိတာ။

"နှစ်ယောက်အတူခုန်ချမယ်ကွာ"

ဘမောင်က သံစဉ်ညီတယ်။

"မင်းအရင်ခုန်ချစမ်းပါ၊ ငါနောက်က လိုက်ပါမယ်ဆို"

mgyoe.com

ပြောသာပြောတယ်၊ ဘမောင် ခြေတစ်လှမ်းနောက်ဆုတ်သွားတယ်။ 'မင်းအရင်သွား၊ ငါအရင်ဆင်း' ဆိုပြီး ငြင်းနေကြတာနဲ့ ဘမောင်တို့ရဲ့ လူဖြစ်စ မဟာဗျူဟာစီမံကိန်းကြီး ပြိုကွဲသွားတယ်။ လူပျောက်လို့ဆိုပြီး အဆောင်မှူး မစ္စက်မေရီနဲ့ ကျောင်းသားကြီးတစ်အုပ်လိုက်ရှာရင်း ဘမောင်တို့ကို တွေ့သွားလို့။ မစ္စက်မေရီဆိုတာ တစ်ချိန်က မြန်မာ့အသံ အင်္ဂလိပ်ပိုင်းအစီအစဉ်မှာ သတင်းကြေညာတဲ့ ဦးအုန်းခိုင်ဆိုတဲ့ Kenley Smith ရဲ့အမေ။ သူတို့က ဘိုမျိုးတွေ။ အဖေအင်္ဂလိပ်၊ အမေအင်္ဂလိပ်။ Kenley ဆိုတာ တစ်ချိန်က နာမည်ကြီးအဆိုတော် မာရီကောန်ဝေးဆိုတဲ့ တင်မိုးခိုင်နဲ့သူငယ်ချင်း။ အဆိုတော် အောင်ကိုလတ်တို့ရဲ့ မိတ်ဆွေဖြစ်လာတဲ့သူ။ Kenley က ဘမောင်ထက် အသက်နည်းနည်း ပိုကြီးတယ်။ အခုတော့ ဆုံးသွားရှာကြပါပြီ။ Kenley မဆုံးခင်က ပြန်တွေ့ဖြစ်ကြသေးတယ်။

အဲဒီကစပြီး ဘမောင်တို့ညီအစ်ကိုနှစ်ယောက်လုံး စောင့်ကြည့်ခံ Under Watch ဖြစ်သွားတယ်။ ဘဝမပြည့်စုံမှုကို အဲဒီ လေးနှစ်သားထဲကစပြီး ခံစား လိုက်ကြရတာ။ မိဘရင်ခွင်က ရုတ်တရက် ခွဲထုတ်လိုက်ခံရတဲ့ ခံစားချက်၊ အရွယ်က ဥမမယ် စာမမြောက်၊ ခံစားကြည့်ပေါ့ အတော်ခါးသီးတာ။

* * *

အဲဒီတုန်းက ကျောင်းတွေက စည်းကမ်းအတော်ကြီးတယ်။ ဘော်ဒါ နေပြီဆိုကတည်းက အိမ်ပြန်လို့မရတော့ဘူး။ စနေ၊ တနင်္ဂနွေလည်း မပြန်ရဘူး။ နွေရာသီကျောင်းပိတ်တဲ့တစ်လလောက်ပဲ အိမ်ပြန်ရတာ။ အိမ်က ခဏခဏလာရင် လည်း မကြိုက်ဘူး။

ဘမောင်တို့ကို ကျောင်းအပ်တော့ အဒေါ့်မိတ်ဆွေက အပ်ပေးတာ။ အဖေက ခရီးထွက်နေလို့ ဘမောင်တို့ St. John ကိုရောက်ပြီး နှစ်လလောက် အကြာမှာ အဖေရန်ကုန်ပြန်ရောက်တယ်။ သားကိုတွေ့ချင်လို့ ကျောင်းကိုအလာမှာ အစစ်ခံလိုက်ရသေးတယ်။ အဆောင်မှူး မစ္စက်မေရီက ဘမောင်ကိုအဝေးက 'အဲဒါဘယ်သူလဲလို့' အရင်ပြပြီး မေးတယ်။ 'အဖေဟုတ်ပါတယ်' ပြောမှ တွေ့ခွင့် ပေးတာ။ ဧည့်ခန်းထဲကမထွက်ရဘူး၊ အဘွားကြီးက အဝေးက စောင့်ကြည့်တယ်။ ကန့်သတ်ချက်က ကလေးကို နာရီဝက်ထက် ပိုမတွေ့ရဘူး။ မုန့်ဖိုးများများ မပေးရ ဘူးပေါ့။ မုန့်ဖိုးဆိုလို့ ပြောစရာလေးရှိပါသေးတယ်။ အဲဒီခေတ်တုန်းက မူလတန်း ကျောင်းသားဆိုရင် မုန့်ဖိုးတစ်နေ့ ဆယ်ပြား၊ အလယ်တန်းကျောင်းသား တစ်မတ်၊

mgyoe.com

အထက်တန်းကျောင်းသား ငါးမူးပဲရတယ်။ ညနေဆို ဖလားကြီးထဲမှာ အကြွေစေ့တွေထည့်ပြီး ကျောင်းသားတွေတန်းစီ၊ တစ်နေ့ဆယ်ပြားပဲ။

ညနေ ငါးနာရီဆို ဘမောင်တို့ အလွန်ပျော်တာပေါ့။ တန်းစီ၊ မုန့်ဖိုး ဆယ်ပြား လက်ဖြန့်ပြီး မုန့်စားဆောင်သွား။ မုန့်တစ်မျိုး ငါးပြား၊ မုန့်နှစ်မျိုး စားလို့ရတယ်။ အကာပွင့် အားကစားဆောင်ဘေးမှာ တရုတ်ဆိုင်တစ်ဆိုင်ရှိတယ်။ မုန့်မျိုးစုံရတယ်။ အားကစားဆောင်တစ်ဖက်မှာ ညနေခင်းကျောင်းသားတွေကို ရောင်းပေးဖို့ ဆိုင်ခန်းလေးတွေ တန်းစီနေတယ်။ ကိုယ်ကြိုက်ရာဝယ်စား၊ ပြီးရင် ကစား။

ကျောင်းမှာ ဘောလုံးကွင်းကြီး (၂) ကွင်းရှိတယ်။ လမ်းမတော်ဘက်က ကြည့်ရင် မြင်ရတဲ့ကွင်းတစ်ကွင်းနဲ့ ဂျူမခန်းနာလို့ ခေါ်ခဲ့တဲ့ ဗဟိုသားဖွားဆောင် ဘေးကတစ်ကွင်း။ အဲဒီကွင်းထဲမှာ ကိုယ့်အဖွဲ့နဲ့ကိုယ် ကစားကြပေါ့။ အားကစား မှာ ကိုယ်ကစားချင်တာကို စာရင်းပေးထားရုံပဲ။ ပစ္စည်းထုတ်၊ ကစား၊ ပြန်အပ်၊ စနစ်တော့ အတော်ကောင်းတယ်။ ကျန်းမာရေးအတွက် အားကစားကို ကျောင်းက အားပေးတယ်။ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကတ်ဘောအပြင် အခု ပျောက် သလောက်ရှိသွားတဲ့ ခရစ်ကတ်ပါ ကစားလို့ရတယ်။ တင်းနစ်ကွင်းသွားချင်တဲ့ သူသွား၊ ကြက်တောင်ရိုက်ချင်တဲ့သူရိုက်။

မှတ်မှတ်ရရ၊ အဲဒီအချိန်မှာ ဂျူဒို စပြီးခေတ်စားခါစ ရှိသေးတယ်နဲ့ တူတယ်။ ဘမောင်တို့အတွက် အသစ်အဆန်းပေါ့။ ဂျူဒိုနည်းပြနဲ့ အဖွဲ့က ကျောင်းသားတွေကို သရုပ်ပြကစားပြပေးပြီး ဝါသနာပါသူတွေကို လေ့ကျင့်ပေးတော့တာ ပဲ။ ဘောလုံးကတော့ အဲဒီခေတ်ထဲက အများကိုဖမ်းစားထားနိုင်ခဲ့တဲ့ အားကစား။ ကျောင်းအချင်းချင်းချိန်းပြီး ကန်လေ့ရှိတယ်။

အဲဒီခေတ်တုန်းက ကျောင်းမှာ အသင်းတွေရှိတယ်။ အခု ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ အသင်းတွေလိုပေါ့။ Eagle, Panther, Lion စသဖြင့်၊ ကျန်တာ ဘမောင် မမှတ်မိတော့ဘူး။ ဘမောင်က Panther ဆိုတဲ့ ကျားနက်အသင်းသား။

နေ့စဉ်အလုပ်လေးတွေ ဘမောင်မှတ်မိသေးတယ်။ မနက် Bell တီးရင် အိပ်ရာထ၊ အဲဒါက ၆:၀၀ နာရီ။ ကိုယ့်အိပ်ရာ ကိုယ်ခေါက်၊ ကစ်ခင်း၊ ကစ်ခင်း တယ်ဆိုတာက အခုစစ်တပ်မှာ ပုံစံတကျလုပ်ရသလိုပဲ။ အဲဒါကို အဆောင်မှူးက နေ့စဉ်စစ်ပေးတယ်။ သပ်သပ်ရပ်ရပ်နဲ့ ပုံစံတကျမရှိရင် စည်းကမ်းပိုင်းမှာ အမှတ်လျော့တယ်။ မျက်နှာသစ်၊ ရေချိုး၊ အပေါ့အပါးသွားဖို့ စုပေါင်းသန့်စင်ခန်းကို

mgyoe.com

mgyoe.com

ကစ်ခင်းပြီးတာနဲ့ အပြေးတက်ကြရတယ်။ ပြီးရင် ဘမောင်တို့ 'သေတ္တာခန်း' လို့ အမည်ပေးထားတဲ့ အဝတ်လဲခန်းမှာ ကျောင်းယူနီဖောင်းကို လဲရတယ်။ သေတ္တာတွေကိုလည်း စင်တွေနဲ့ ဆောက်ပေးထားပြီး ကိုယ့်နာမည်ကိုယ်ကပ်၊ ဖုန်သုတ်၊ စိစိရိရိ ထားရတယ်။

အဲဒီတုန်းက ယူနီဖောင်းက ရှပ်လက်တိုအဖြူ၊ ဘောင်းဘီအတို၊ အရောင်တော့ မမှတ်မိတော့ဘူး။ ဘောင်းဘီတိုက အခုခေတ်လို သရီးကွာတားမဝတ်ရဘူး။ ဘောင်းဘီတိုဆိုရင် ဒူးခေါင်းပေါ်ရမယ်၊ ဘောင်းဘီရှည်ဆိုရင် ခြေမျက်စိဖုံးရမယ်။ နောက် Bell က ၇း၀၀ နာရီမှာ တီးပေးတယ်။ အဲဒီ ဘဲလ်သံကြားရင် ကိုယ့်ခုတင်ရှေ့ကိုယ်ရပ်စောင့်။ ပြီးရင် ဘယ်ညာလှည့်၊ တန်းစီ၊ ထမင်းစားဆောင်ဆိုတဲ့ Dinning Hall ဘက်သွား၊ သတ်မှတ်ပေးတဲ့နေရာမှာရပ်၊ ပြီးရင် ပြိုင်တူထိုင်၊ မနက်စာစား၊ မနက်စာကို ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်ထောပတ်သုတ်နှစ်ချပ်။

ဘမောင်ရဲ့အစ်ကို ဝင်းမောင်ဦးနဲ့ ကျောင်းအတူနေပြီး သူ့လိုမပြည့်စုံတဲ့ဘဝကို ပြောရဦးမယ်။ ဝင်းမောင်ဦးရဲ့အဖေက ဘမောင်အမေရဲ့မောင်။ ပဲနွယ်ကုန်းသူနဲ့ အိမ်ထောင်ကျပြီး ပဲနွယ်ကုန်းမှာ စတိုးဆိုင်ဖွင့် အခြေကျသွားတယ်။ ရန်ကုန်ကျောင်းတက်တော့ ဘမောင်အမေက ကြည့်ပေးရတယ်။ အမေက သူ့မောင်မျက်နှာငယ်မှာစိုးလို့ ဘမောင်ကို သည်းညည်းခံဖို့ တဖွဖွ မှာဖူးတယ်။ ညီအစ်ကိုဆိုတဲ့အရှိန်ကလည်းရှိနေတော့ သူ့ဒဏ်ကို ဘမောင်အတော်ခံလိုက်ရတယ်။

မနက်အိပ်ရာထရင် ကိုယ့်အိပ်ရာကိုယ်သိမ်း၊ တစ်နာရီအတွင်း ရေချိုး၊ သန့်ရှင်းရေးလုပ်၊ အဝတ်လဲအပြီး ကိုယ်စီလုပ်ကြရတဲ့အထဲမှာ ဝင်းမောင်ဦးက တစ်မူးဖိုး ပိုရှုတတ်တယ်။ ဘမောင်အိပ်ရာခေါက်ပြီးချိန်ရောက်ရင် ...

'ဟေ့ကောင် Wiston ၊ ငါ့အိပ်ရာခေါက်ပေး'

သူက အကြော့သား ရေချိုးတယ်။ ဘမောင်က နှစ်ယောက်စာ အိပ်ရာခေါက်ပေးရတယ်။ မနက်စာစားရင်လည်း

"Wiston ငါ့အတွက် ပေါင်မုန့် တစ်ချပ်ချန်"

ဘမောင်စိတ်ထဲ ခပ်ချဉ်ချဉ် ဖြစ်လာတယ်။ အမေ့စကား နားထောင်တတ်တဲ့ဘမောင်က မနက်စာကို သူများလိုပေါင်မုန့် နှစ်ချပ်မစားရဘူး တစ်ချပ်ပဲ။ ဝင်းမောင်ဦးက သုံးချပ်။ တစ်ခါတလေ တစ်ကိုက်လောက်ကိုက်ပြီး ချန်ထားခဲ့သေးတယ်။ ဘမောင်ကို အနိုင်ကျင့်တာ။ သည်ခေတ်စကားနဲ့ပြောရင် အစ်ကိုဆိုပြီး 'ကြော' တာပဲ။ ရှိသေးတယ်၊ ပထမဦးဆုံးအဖေနဲ့တွေ့တော့ မုန့်ဖိုး (၁၅) ကျပ်စီ

mgyoe.com

mgyoe.com

ပေးသွားတယ်။ အဲဒီခေတ်က နည်းတဲ့ငွေမဟုတ်ဘူး။ တစ်ရက်မှ ဆယ်ပြားရတာ။ ဆရာကြီးအောင်ရိန်တို့ရေးတဲ့ စံရှား၊ ဒိန်းဒေါင်ကာတွန်းဆို ဆိုဒ်ကြီးမှပြား (၆၀)၊ ဆိုဒ်သေးက (၁၀) ပြားရယ်။ မောင်ကမ္ဘာ၊ ဒီလုံး၊ ဗိုလ်ပုချိုဆိုတာတွေ ဘမောင်တို့ သိပ်ကြိုက်ခဲ့ကြတာပေါ့။

အဖေပြန်တော့ ဝင်းမောင်ဦးက ဘမောင်ဆီက မိုက်ကြေးခွဲတယ်။ ငါးကျပ်တောင်းယူတယ်။ အဲဒီတော့ သူက (၂၀) ကျပ်၊ ဘမောင်က (၁၀) ကျပ်ပဲ ရတော့တယ်။ အဲဒီကျောင်းမှာ ပြည်သူပိုင်မသိမ်းခင်အထိ ဘမောင်တို့ နေခဲ့ကြတယ်။ အဲဒီတစ်လျှောက်လုံးမှာ ဝင်းမောင်ဦးရဲ့အဖေ တစ်ခါလာဖူးတယ်။ တစ်ယောက်ကို (၂၀) ကျပ်စီပေးသွားတယ်။

"ဟေ့ကောင် Wiston၊ ငါ့တစ်ဆယ်ပြန်ပေး။ အဲဒါငါ့အဖေပေးသွားတာ"

ဘမောင် ဘာမှ မပြောပါဘူး။ သူ့ကို တစ်ဆယ်ပေးလိုက်တယ်။ ဝင်းမောင်ဦးဆိုတာ အဲဒီလိုလူမျိုး။ ငယ်ငယ်တုန်းက သူ့မှာ အံ့သြစရာတွေ အများကြီးရှိတာ ကြီးမှ ဘမောင်ပြန်စဉ်းစားကြည့်မိတယ်။ တော်တော် ဉာဏ်ရည်ထက်ခဲ့တဲ့ကောင်။ အဲဒီဉာဏ်ရည်ကို သူတလွဲသုံးပစ်တော့ ကြီးလာကြတဲ့အခါ ဘာမှ မည်မည်ရရဖြစ်သွားမရှာဘူး။

William လို့ခေါ်တဲ့ အဲဒီဝင်းမောင်ဦး ဘယ်လောက်ဉာဏ်သွားခဲ့သလဲဆိုရင် သြချယူရတဲ့အထိ။ St. John မှာ ကျောင်း စ နေတော့ ဒီကောင်နဲ့ ဘမောင်က ဖရက်ရှာ၊ ကျောင်းသားသစ်၊ အဆောင်မှာအငယ်ဆုံး။ ဘမောင်တို့အဆောင်မှာ မူလတန်းဆိုတဲ့ (၄) တန်းအရွယ်ထိနေကြရတယ်။ တစ်ဆောင်လုံးကို သူ့သြဇာညောင်းတယ်။ သူနဲ့ဘမောင်က LKG ။ အခုခေတ်ဆိုရင် မူကြိုအဆင့်ပဲ ရှိသေးတာ။ အဲဒီကျောင်းနေပြီး ဒုတိယနှစ်မှာ သူက အတန်းခုန်တက်သွားတယ်။ အဲဒီတုန်းက ဉာဏ်ရည်မီရင် အတန်းခုန် ပေးသင်ခွင့် ရှိခဲ့တယ်။ ဘမောင်က သာမန်ဆိုတော့ ဒုတိယနှစ်မှာ Middle KG ပဲရှိသေးတယ် သူက HKG ရောက်သွားရော။ အဲဒီ နှစ်မှာ (၄) တန်းကျောင်းသားတွေကိုပါ သူ့အစွမ်းကိုပြတော့တာပါပဲ။

တစ်ရက် Church ကအပြန်မှာ ဝင်းမောင်ဦးက အထူးအဆန်းပြမယ်ဆိုပြီး လူစုလိုက်တယ်။ ဗံဒါပင်ကြီးအောက်မှာ လူလည်းစုံရော လက်ထဲမှာပါတဲ့ ဘယ်က ဘယ်လိုရှာလာတဲ့ ဘလိတ်ဓားနဲ့ သစ်ပင်အခေါက်ကိုခြစ်ထုတ်တယ်။ ပြီးတော့ သူ့နားနဲ့ကပ်ပြီး နားထောင်လိုက်၊ စကားပြောလိုက်လုပ်တော့တာပဲ။ သစ်ပင်စောင့်နတ်က သူ့အဘိုးဆိုပဲ၊ ဘမောင်တောင် ခပ်ငိုင်ငိုင်ဖြစ်သွားတယ်။ သူ့အဘိုးက

mgyoe.com

mgyoe.com

သူ့ကိုအမြဲတမ်း မျက်ခြေမပြတ် စောင့်ရှောက်နေတယ်တဲ့။ ကျောင်းနောက်က ဒိုဘီတန်းမှာ သရဲတွေမွေးတာ၊ လိုချင်ခေါ်သုံး၊ တလောတုန်းက ဒိုဘီကုလားလေး သရဲတွေပြီးမေ့သွားတာ သူ့အဘိုးက အမြင်ကပ်လို့ လုပ်လိုက်တာတဲ့။ ဟုတ်လား၊ မဟုတ်လားတော့မသိဘူး၊ အဲဒီတလောတုန်းက ဒိုဘီကုလား သရဲတွေတယ်ဆိုပြီး သတင်းအတော်ကြီးသွားသေးတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီ ဒိုဘီကုလားနဲ့ ဝင်းမောင်ဦးက မျက်နှာကြောမတည့်ကြဘူး။

အဲဒီမှာတင် ပွဲကပြီးသွားတယ်။ ဒီကောင် ရုပ်ရှင်ရိုက်ဖို့ ကောင်းတယ်။ အခုပြန်တွေးကြည့်မိတော့ တကယ့်မျက်နှာသေနဲ့ လုပ်ချပစ်လိုက်တာ။ အရွယ်တူမှာ ဝင်းမောင်ဦး သည်လောက်အတွေးရှိခဲ့မှန်း ဘမောင်မသိခဲ့၊ မရိပ်မိခဲ့ဘူး။ သည်အရွယ်မှာ ဒီအတွေးမျိုး ကလေးတိုင်းရနိုင်ကြတာ မဟုတ်ဘူး။

အဲဒီသတင်း တစ်ဆောင်လုံးပြန့်သွားပြီး ကျောင်းသားတွေ အကုန်လုံး ဝင်းမောင်ဦးကို ခပ်ရှဲရှဲဖြစ်သွားတယ်။ ရွယ်တူနဲ့ ငယ်သူကတော့ မပြောနဲ့တော့။ အတန်းကြီးကျောင်းသားတွေတောင် သူ့ကိုမျက်နှာချိုသွေးနေရတယ်။ ဝင်းမောင်ဦး က အဲသလောက်စွမ်းခဲ့တာ။ တစ်ရက် လေးတန်းကျောင်းသားတစ်ယောက်နဲ့ ဝင်းမောင်ဦးတို့ အချီအချစကားများကြတယ်။ ဒီကောင်ကလည်း ထောင့် အတော် မကျိုးတာ။ သူက ချမယ်တကဲကဲနဲ့ ကျောင်းသားကြီးက ထိုးလဲ မထိုးချင်ဆိုတော့ သူ့ကိုတွန်းပစ်လိုက်တယ်။ ကံဆိုးချင်တော့ အဲဒီအချိန်မှာ ကျောင်းအုပ်ကြီး Mr.Boothe က အလာနဲ့ သွားပြီးကြုံပါလေရော။ ပထမပိုင်း ဖြစ်စဉ်ကိုမသိတဲ့ ကျောင်းအုပ်ကြီးက 'ကြီးနိုင်ငယ်ညှင်း' လို့ထင်သွားပြီး အဆောင်မှူး မစ္စက်မေရီကို ခေါ်ပြီး ကျောင်းသားကြီးကို ဒဏ်ပေးဖို့ပြောသွားတယ်။

ခေါင်းကိုက်သွားတာက အဆောင်မှူး မစ္စက်မေရီ။ နှစ်ဦးကို ခေါ်စစ်လိုက်တော့ ဝင်းမောင်ဦးလွန်နေမှန်း သိသွားတယ်။ ဒါပေမဲ့ ကြီးသူက သည်းညည်းခံရမည်ဆိုတဲ့မူနဲ့ ကျောင်းသားကြီးကို နာရီဝက်မတ်တတ်ရပ်ဒဏ်ပေးပြီး အဆုံးသတ်လိုက်တယ်။ ဝင်းမောင်ဦးကိုတော့ ...

'ယူအာ့ရ် နတိုးရီးယာစ်' ဆိုပြီး ဩဘာပေးလိုက်တယ်။ ဝင်းမောင်ဦးက လည်း ဝင်းမောင်ဦးပဲ၊ တစ်ဆောင်လုံးနဲ့ တည့်တာမဟုတ်ဘူး။ ဘမောင်လို ညီအစ်ကိုတစ်ဝမ်းကွဲတောင် တည့်အောင်မနေချင်ဘူး။ တစ်ရွာလုံးနဲ့တစ်ယောက်၊ တကယ့် အော်ကြောလန်၊ ဒါပေမဲ့ သူကတော့ခပ်မာမာပဲ။ လူကြည့်ရင် မထိ တထိနဲ့။ စာသင်ခန်းထဲမှာလည်း အတန်းပိုင်ဆရာမကို လူမိုက်ဆန်ဆန် စိုက်ကြည့် လို့တဲ့။ ထစ်ခနဲဆို မေးကြည့်စရာမလိုဘူး၊ တစ်ဖက်က ဝင်းမောင်ဦးလို့သာ

mgyoe.com

mgyee.com


မှတ်လိုက်။ တခြားတစ်ဖက်ကသာ လူလဲသွားမယ်၊ သူကတော့တစ်ဖက်မှာ လူမလဲတန်း။

တစ်ရက် သူ့အလှည့်ရောက်လာတယ်။ အငယ်တန်း Day ကျောင်းသား တစ်ယောက်ကို ထိုးမှုနဲ့။ ဒီတစ်ခါ သူကအကြီး၊ 'ကြီးနိုင်ငယ်ညှင်း' နဲ့ သူများကို နာရီဝက်မတ်တတ်ရပ်စေခဲ့တဲ့ ဝင်းမောင်ဦးတစ်ယောက်၊ သည်တစ်ခါ Day ကျောင်းသားကို အချက်များစွာထိုးမှုနဲ့ ဒဏ်ပေးခံရတယ်။ 'ကြီးနိုင်ငယ်ညှင်းမှု' က တစ်မှု၊ အချက်ပေါင်းများစွာ ထိုးလိုက်တဲ့အတွက် 'ရက်စက်မှု' က တစ်မှု၊ နှစ်မှုပေါင်း ဘယ်လိုအပြစ်ပေးမလဲဆိုပြီး အဆောင်မှူးခေါင်းဆောင်တဲ့ ဆရာ/ ဆရာမ လေးငါးယောက် အစည်းအဝေးထိုင်ကြတယ်။ အဲဒီခေတ်တုန်းက အဲသလို ဆုံးဖြတ်တဲ့အစဉ်အလာတစ်ရပ် ရှိခဲ့ဖူးတယ်။ အပြစ်သေးလို့ ခုံပေါ်တက် မတ်တတ် ရပ်တာလောက်ကို ဆရာ/ ဆရာမတစ်ဦးက အမိန့်ချနိုင်ခွင့်ရှိပေမဲ့ သည့်ထက်ကြီး တဲ့ပြစ်မှုဆိုရင် ဘုတ်အဖွဲ့က ဆုံးဖြတ်တယ်။ ပြစ်ဒဏ်မှာ အမှားပါမှာစိုးလို့၊ ပြီးတော့ ဘက်လိုက်မှုဖြစ်မှာစိုးလို့။ အပြစ်ရဲ့အတိမ်အနက်ကိုစဉ်းစားရာမှာ ကျောင်းသားရဲ့ Background ကိုလည်း ထည့်စဉ်းစားတယ်။ အရင်က ဘယ်လိုပြစ်မှုကျူးလွန်ခဲ့ သလဲ၊ သူ့ရဲ့စရိုက်၊ စိတ်ပိုင်းဆိုင်ရာအခြေအနေ၊ ရှုထောင့်စုံကပဲ။

ဝင်းမောင်ဦးအတွက် ငှဲညာစဉ်းစားစရာ တစ်ကွက်မှ မတွေ့ကြဘူး၊ အပြင်း ထန်ဆုံးအပြစ်ပေးဖို့ ဘုတ်က ဆုံးဖြတ်လိုက်တယ်။ တကယ့်တရားခွင်မှာ စဉ်းစား ကြတဲ့အတိုင်း စဉ်းစားဆုံးဖြတ်ကြတာ။ အကြီးဆုံးပြစ်မှုအတွက် 'အမှောင်ခန်း' ဆိုတာ ရှိတယ်။ သည်ခေတ်ဆိုရင် 'တိုက်ပိတ်' သဘောပေါ့။ အဲဒီအမှောင်ခန်းကို (၃–၄) နှစ်နေလို့ ကျောင်းသားတစ်ယောက် ရောက်တာမဟုတ်ဘူး။ ကျောင်းသား တွေ သိပ်ကြောက်တာ၊ ဝင်းမောင်ဦးတစ်ယောက် အမှောင်ခန်းမှာ တစ်နာရီလောက် နေလိုက်ရတယ်။ တစ်ဆောင်လုံးကတော့ နည်းသေးတယ်ထင်မလားပဲ။ အမှောင် ခန်းဆိုလို့ အကြီးကြီးမဟုတ်ဘူး။ အမှတ်မမှားရင် ရှစ်ပေပတ်လည်လောက်ပဲ ရှိမယ် ထင်တယ်။ လူတစ်ရပ်လွတ်ရုံလေး။ တစ်နာရီပြည့်လို့ အမှောင်ခန်းကထွက်လာရင် ဝင်းမောင်ဦး ဘယ်လိုနေမလဲဆိုတာ တစ်ဆောင်လုံး စိတ်ဝင်စားနေကြလေရဲ့။

အပြစ်မပေးခင် အမှောင်ခန်း မဝင်ခင်မှာ အဆောင်မှူးရှေ့ ဝင်းမောင်ဦးကို ဆရာဝန်က ဆေးစစ်တယ်။ အိုကေဆိုတော့ အမှောင်ခန်းထဲသွင်းတယ်။ အခန်းဝမှာ ကုလားထိုင်နှစ်လုံးချပြီး မစွက်မေရီနဲ့ ဆရာဝန် ထိုင်စောင့်ကြရှာတယ်။ ဘမောင်တို့ မယောင်မလည်နဲ့ မစွက်မေရီနား ခပ်လှမ်းလှမ်းက အရိပ်အခြေ ကြည့်တာပေါ့။ တချို့ကလေးဆို ငိုပြီ။ ဝင်းမောင်ဦး ဘာသံမှထွက်မလာဘူး။ အံကြိတ်ရင်း ခပ်

mgyee.com

တည်တည်ဝင်သွားတယ်။ ဆယ်မိနစ်လောက်ကြာတဲ့အထိ ဘာသံမှထွက်မလာလို့ ဆရာဝန်က တံခါးဖွင့်ပြီး ကြည့်ရသေးတယ်။ အခန်းထောင့်မှာထိုင်ပြီး ဆရာဝန်ကို ဝင်းမောင်ဦးက ခပ်စူးစူး မကျေနပ်တဲ့မျက်လုံးတွေနဲ့ ကြည့်နေတယ်ဆိုပဲ။ ဆရာဝန်က အချိန်ပြည့်လို့ အခန်းထဲကထုတ်လိုက်တော့ ဝင်းမောင်ဦးက ရှုတည်တည်နဲ့ ဘာမှပြန်မပြောဘူး။

"အာရ်ယူအောရိုက်၊ William"

Yes, No တောင်ပြန်မပြောဘဲ အံကြိတ်နေတဲ့ ဝင်းမောင်ဦးကို ဆရာဝန် လက်ဖျားခါသွားတယ်။ ဝင်းမောင်ဦးက ဒီလို လူမျိုးပါ။ ဒါပေမဲ့ အမှောင်ခန်း တစ်နာရီက ဝင်းမောင်ဦးကို တော်တော် ပြောင်းသွားစေတာတော့ အမှန်ပဲ။ နောက်ပိုင်း ဝင်းမောင်ဦး သိပ်မရမ်းတော့ဘူး။ တတိယနှစ် မူကြိုကျောင်းသားအရွယ်မှာ သည်လိုလူမျိုးရှိခဲ့တယ်ဆိုရင် တော်တော်အံ့သြသွားမယ်။ သူ့စရိုက်က အဲဒီအရွယ်ထဲက ပြခဲ့တာ။ ဘမောင်တို့က ကလေးစိတ်ပဲ ရှိသေးတယ်။ ဝီလီ (အတိုကောက်) ဆိုတဲ့ ဝင်းမောင်ဦးက လူကြီးစရိုက်။ အမှောင်ခန်းပြန် ဝီလီက အဲဒီထဲက ဘယ်သူနဲ့မှ စကားသိပ်မပြောတော့ဘူး။ လူတွေကို မကျေနပ်တဲ့မျက်လုံးနဲ့ ပိုကြည့်တတ်လာတယ်။

ဘမောင် ဝီလီကိုကြည့်ပြီး နည်းနည်းတော့ ဖြုံသွားတယ်။ တစ်ချိန်ချိန်မှာ တစ်ခုခုလုပ်မလားဆိုပြီး၊ ရင်ထဲက မကျဘူး ဖြစ်နေရတယ်။

"ဟော့ကောင် Wiston မင်းအဖေကိုခေါ်ပေး။ ဒါမှမဟုတ် အန်ကယ်ကို ခေါ်၊ ငါကျောင်းထွက်မယ်"

အန်ကယ်ဆိုတာက အမေ့မောင်အငယ်ဆုံး။ သူကလည်း St. John မှာ (၁၀) တန်းကျောင်းသား။ သူက Day ကျောင်းသား။ ပြီးတော့ အတန်းကြီးဆိုတော့ သိပ်မတွေ့ဖြစ်ကြဘူး။ တစ်ခါတလေ စနေ၊ တနင်္ဂနွေ အိမ်ပြန်ဖို့ခွင့်တောင်းပြီး သူခေါ်သွားမှ ဘမောင်တို့ အိမ်ရောက်ကြရတာ။

"မဖြစ်ဘူးဝီလီ၊ မင်းကျောင်းမထွက်ရဘူး"

***

နောက်ဆုံး ဘမောင်တို့အားလုံး ကျောင်းထွက်ခဲ့ကြရပါတယ်။ ၁၉၆၂ လား ၆၃ လားပဲ၊ ပြည်သူပိုင်တွေသိမ်းတော့ ကျောင်းတွေပြောင်းကြရင်း ကျောင်းသားအားလုံးလိုလိုလောက် ထွက်ခဲ့ကြရတယ်။

ငယ်စဉ်ကာလက အမှတ်တရတွေဟာ ကြီးလာတဲ့အထိ ပိုပြီး ပီပြင်တဲ့

mgyoe.com

mgyoe.com
ပုံရိပ်ကို စွဲစေပါတယ်။ သည်တစ်ခါမှာ ဘမောင်က ဇာတ်လိုက်။ ပြီးခဲ့တုန်းကတော့ ဝင်းမောင်ဦးခေါ်တဲ့ William ၊ ဝီလီပေါ့။ အဖြစ်က ဒီလို ...။

တစ်ရက် ညနေဘက် အားကစားချိန်မှာ ဘမောင် မဆော့ချင်တာနဲ့ ဘောလုံးကွင်းဘေးနား အတန်းကြီးကျောင်းသားတွေကန်တဲ့ ဘောပွဲကို ထိုင်ကြည့်ဖြစ်တယ်။ နာရီဝက်လောက်ကြည့်ပြီး ပွဲသိပ်မကောင်းတာနဲ့ အဆောင်ပြန်မယ်ဆိုပြီး လမ်းလျှောက်အလာ၊ လမ်းမှာ ငွေကိုးဆယ့်ငါးကျပ် ကောက်ရတယ်။ အဲဒီအချိန်က အဲဒီငွေဟာ ဘမောင်လို ဒုတိယတန်းကျောင်းသားအတွက် အလွန်များတဲ့ငွေပဲ။ ရင်တွေတဒိုးဒိုးခုန်သွားတယ်။ ကျပျောက်တဲ့သူတော့အတော်နှမြောမှာပဲလို့။ သည်လောက်ကိုင်နိုင်တာ အလယ်တန်း သို့မဟုတ် အထက်တန်း ကျောင်းသားကြီးထဲကပဲ ဖြစ်မယ်ဆိုတာ ဘမောင်စဉ်းစားမိလိုက်တယ်။ St. John မှာ အဆောင်ကြီးသုံးဆောင်ရှိတယ်။ မူလတန်းအတွက်တစ်ဆောင်၊ အလယ်ကအဆောင်က အလယ်တန်းကျောင်းသားတွေအတွက်၊ ဟိုဘက်ဘေးဆုံးက အထက်တန်းကျောင်းသားကြီးတွေရဲ့အဆောင်။ ဘယ်သူကိုမှ ကောင်းကောင်းမသိတော့၊ ဘမောင်လည်း အဲဒီငွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မစ္စက်မေရီကို ရှာတော့တာပဲ။

ဘမောင်တို့က အဆောင်ရဲ့ အပေါ်ထပ်ဟောခန်းကြီးထဲမှာ နံရံတစ်ဖက်စီကပ်ပြီး ခုတင်တန်းစီ အိပ်ရတယ်။ ခုတင်နှစ်တန်းပေါ့။ ဟောခန်းရဲ့အဆုံးမှာ မစ္စက်မေရီတို့နေတဲ့အခန်းရှိတယ်။ အဲဒီအခန်းကျော်ရင် သီးခြားအခန်းတစ်ခန်းထပ်ရှိသေးတယ်။ အဲဒီသီးခြားအခန်းက ကျောင်းသားတွေ နေထိုင်မကောင်းတဲ့အခါ တခြားကျောင်းသားတွေကိုကူးမှာစိုးလို့ လူနာဆောင်သဘောလုပ်ထားတာ။

ဘမောင် ကောက်ရတဲ့ငွေအားလုံးကို မစ္စက်မေရီဆီ အပ်လိုက်တယ်၊ ကောက်ရပုံ ကောက်ရနည်းကိုလည်း ပြောပြလိုက်တယ်။ မစ္စက်မေရီက ဘမောင်ကို တခြားသူတွေထက်ပိုချစ်တယ်။ ခပ်အေးအေးနေတတ်လို့။ ခေါင်းကလေးကို ပွတ်ပေးပြီး ...

"Son, you're so honest, you'll get something in return"

ဆိုပြီး ပြောတယ်။ အဲဒီတုန်းကအကြောင်းပြောဖို့ နည်းနည်းကျန်သွားသေးတယ်။ ဘိုကျောင်းနေတော့ အားလုံးဘိုလိုပြောရတယ်။ မှတ်မှတ်ရရ ဘိုလိုမပြောမိလို့ Fine ချခံရတာ မှတ်မိသေးတယ်။ တစ်ရက် စာပို့သမားလာတာကို အပေါ်ထပ်က တွေ့လိုက်ရတဲ့ ဘမောင်က Ward မှာရှိတဲ့ တခြားသူငယ်ချင်းတွေကို

"စာပို့သမားလာတယ်ဟေ့" လို့ မြန်မာလို ဝမ်းသာအားရအော်ပြီးအပြော နောက်လည်းလှည့်လိုက်ရော အဆောင်မှူး မစ္စက်မေရီကို တွေ့လိုက်ရတော့တာပဲ။
mgyoe.com

mgyoe.com

Fine (၁၀) ပြား အချခံလိုက်ရတယ်။ အဲဒီနေ့ရတဲ့မုန့်ဖိုးကုန်ပြီး ဗိုက်မှောက်နေလိုက်ရတယ်။

"Wiston, say it again in English"

"Postman is bringing our letters"

ဘမောင်ကောက်ရတဲ့ငွေ (၉၅) ကျပ်အတွက် ဘုတ်အဖွဲ့အစည်းအဝေးထိုင်ကြတယ်။ ပိုင်ရှင်အထက်တန်းကျောင်းသားကို ပြန်ပေးတယ်။ ကလေးအရွယ်ဆိုတော့ သည်ထက် ဘာမှပိုမသိဘူး၊ သိချင်စိတ်လည်း ရှိခဲ့တာမဟုတ်ဘူး။

အဲဒီတုန်းက အင်္ဂလိပ်တွေ နေမဝင်အင်ပါယာတည်ထောင်တယ်ဆိုတာ သိပ်မဆန်းဘူး။ မဟာဗျူဟာသိပ်သုံးတဲ့သူတွေ၊ ကြီးလာမှသိတာနော်။ ဘုတ်အဖွဲ့က အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်ချက်တွေ အများကြီး ချမှတ်ခဲ့တယ်ဆိုပဲ။ ဆုံးဖြတ်ချက်တစ်ခုက ငွေကောက်ရပြီး ရိုးသားစွာ ပြန်အပ်တဲ့ဘမောင်ကို ကြီးကြီးကျယ်ကျယ်ဂုဏ်ပြုဖို့ အစီအစဉ်တစ်ခု ပါလာတယ်။ မှတ်မှတ်ရရ တနင်္ဂနွေနေ့၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေအားလုံး Assembly Hall မှာစုပြီး ဂုဏ်ပြုပွဲလုပ်ပေးတယ်။ ဘမောင် စင်မြင့်ပေါ်ကို ပထမဦးဆုံး တက်ဖူးတဲ့ အတွေ့အကြုံပဲ။ ဒူးတွေတုန်လို့။ ရင်ထဲကဝမ်းသာမှု၊ ကြည်နူးမှု၊ ပီတိတွေ တစ်ထမ်းကြီးနဲ့။ ပြီးတော့ တာဇံကား ပြပေးတယ်။ တာဇံကားကို ပထမဦးဆုံး ကြည့်ဖူးတာ။ ပစ်ကမီလို့ခေါ်တဲ့ လူပုလေးတွေနဲ့ တာဇံ၊ တောထဲက မြင်ကွင်း။ ပြီးတော့ ငှက်ပျောသီးမီးဖုတ်စားပြီး ပူလို့ လက်ကလွှတ်ရှုံ့ပိုက်တာ။ ဒါလောက်ပဲ ဘမောင်မှတ်မိတယ်။

အဲဒီည ထူးခြားတဲ့အတွေ့အကြုံကြောင့် ချာတိတ်ဘမောင် အိပ်မပျော်ဘူး။ ဟိုဘက်လှိမ့်လိုက်၊ သည်ဘက်စောင်းလိုက်နဲ့ ကျုပ်ကြည့်ပြီး ရယ်ချင်သေးတယ်။ ဒါနဲ့ပဲ မိုးစင်စင်လင်းသွားတယ် ဆိုပါတော့။ နောက်နေ့ကစပြီး Wiston ဆိုတဲ့ ဘမောင် တစ်ယောက် St. John မှာ နာမည်ကြီးသွားတယ်။ စာတော်လို့တော့ မဟုတ်ဘူးနော်။

အင်္ဂလိပ်တွေရဲ့ မဟာဗျူဟာက ဘမောင်ကို ဂုဏ်ပြုတာနဲ့ ရပ်သွားတာ မဟုတ်ဘူး၊ St. John က စည်းကမ်းကောင်းတယ်။ စာရိတ္တပြုပြင်မှုမှာ ရှေ့တန်း၊ ရိုးသားတဲ့ ဘမောင်လို ကျောင်းသားမျိုး မွေးထုတ်နိုင်တယ်စသဖြင့် တခြားကျောင်းတွေကို သတင်းဖြန့်တော့တာပဲ။ အဲဒီတုန်းက မစ်ရှင်ကျောင်းတွေ အများကြီး။ St. Paul ဆိုတဲ့ အ. ထ. က (၆) ဗိုလ်တထောင်က ပညာရေးမှာထူးချွန်တယ်။ ဒဂုံ အ. ထ. က (၁) မက်သဒစ်ကလည်း နာမည်ကြီးပဲ။ ပြီးတော့ စင်ထရယ်(လ်)၊

mgyoe.com

အများကြီးကျန်သေးတယ်။

မြန်မာပြည်လွတ်လပ်ရေးရပြီး၊ ပါလီမန်ဒီမိုကရေစီကျင့်သုံးတော့ St. ကျောင်းတွေ ဖွင့်ခွင့်ရတယ်။ သူတို့နိုင်ငံက ဘုန်းတော်ကြီးတွေ ကျောင်းအုပ် လာလုပ်ကြတယ်။ Day ကျောင်းသားတွေအတွက် ဘာသာရေး လွတ်လပ်ခွင့်ရှိပေမဲ့ ဘော်ဒါနေတဲ့ ဘမောင်တို့အတွက် တနင်္ဂနွေတစ်ခါ Church တက်ရတယ်။ ဘာမှန်းမသိညာမှန်းမသိ Christian ဖြစ်သွားရော။

ကျောင်းပိတ်လို့အိမ်ပြန်ရင် အဘွားက တံခါးဝမှာ မြေးဖြစ်တဲ့ဘမောင်ကို စောင့်ရှာတယ်။ ပြီးရင် သူ့သမီး၊ ဘမောင်အမေနဲ့ တွေ့ခွင့်မပေးသေးဘူး။ ဘမောင်နဲ့ အဘွား စကားနည်းနည်းပြောရတယ်။

“သား ဘုရားရှိခိုးလား”

“ဟုတ်ကဲ့အဘွား”

“အေး ... သူ့ကျောင်းနေလို့ သူ့ဘာသာကို ရေလိုက်ငါးလိုက် ယူရပေမဲ့ သားဟာ ဗုဒ္ဓဘာသာပဲ၊ အဲဒါမှတ်ထားနော် ... သား”

“ဟုတ်ကဲ့ပါအဘွား”

အဘွားက သိပ်ကျေနပ်ဟန် မပြသေးပါ၊ သံသယမျက်လုံး အငွေ့အသက်ကို ဘမောင် အကဲခတ်မိပါသေးတယ်။

“သား ... မင်း ဩကာသ ရသေးလား။ သံဗုဒ္ဓေကော”

“ရပါတယ်အဘွား၊ အိပ်ရာဝင်တိုင်း သားဘုရားရှိခိုးတယ်”

“ဒါဖြင့်ဆိုပြ”

ဘမောင် အစပိုင်း ဆိုပြပြီး ကျေနပ်မှ အဘွားက ဘမောင်ကို အမေနဲ့ တွေ့ခွင့်ပေးတာ။ အဘွားက ကျောင်းစာဘယ်လောက်ရသလဲကို ဘယ်တော့မှ မမေးဘူး။ သူသင်ပေးထားတဲ့ ဘုရားစာဘယ်လောက်ကျန်သေးလဲကိုပဲ အရင်မေးတယ်။ နေ့ခင်းဘက်ဆို ဒုတိယတန်းကျောင်းသားဖြစ်တဲ့အထိ အဘွားက ဘမောင်ကို ပုခက်ထဲထည့်ပြီးလွှပ်ရင်း ရတတ်သမျှဘုရားစာတွေ သင်ပေးတုန်းပဲ။

ရေဆိုတာ ထည့်တဲ့ခွက်ပေါ်လိုက်ပြီး ပုံသဏ္ဌာန်ပြောင်းတာ၊ ခွက်လှရင် ပုံလှပြီး ခွက်မကောင်းရင် ရေမကောင်းပါ။

“မင်းက ဗုဒ္ဓဘာသာနော်။ သူတို့ကျောင်းမှာနေလို့ ဘုရားကျောင်း တက်ရပေမဲ့ အိပ်ရာဝင်ရင် တို့ဘုရားကိုပဲ ရှိခိုးအိပ် ... ဟုတ်လား . ..မြေး”

“ဟုတ်ကဲ့အဘွား ... သားညတိုင်း လက်အုပ်မိုးပြီး ဘုရားရှိခိုးတယ်”

အဘွားရဲ့ ကျေနပ်ပီတိအပြုံးကို အဲဒီတော့မှ ဘမောင်တွေ့ရတော့တယ်။

mgyoe.com


လူကြီးတွေဆိုတာ သူ့အတွေး သူ့ရှုထောင့်နဲ့ သူပေါ့။ လိုချင်တဲ့ပုံစံ လူငယ်တွေကို သွတ်သွင်းပေးတတ်တာ သူတို့ရဲ့အလေ့ပဲ။

St. John မှာ နေ့ဘက်ကျောင်းတက်ရင် ဘောင်းဘီတို၊ ရှပ်အဖြူလက်တိုနဲ့ ကျောင်းတက်ရတယ်။ တနင်္ဂနွေနေ့ Church ဆိုတဲ့ ဘုရားကျောင်းသွားရင် ဘောင်းဘီအရှည်နဲ့ သွားရတယ်။ ဘုရားကျောင်းက မဝေးဘူး။ ကျောင်းရှေ့ ကားလမ်းကျော်လိုက်တာနဲ့ ရောက်တယ်။ ဘမောင်တို့ဗုဒ္ဓဘာသာနဲ့ ကွာတာ ရှိတယ်။ သူတို့က တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းမှန်မှန်သွားတယ်။ ဗုဒ္ဓဘာသာ အများစုက နေ့တစ်နေ့သတ်မှတ်ပြီး ဘုရားသွားတာ။ ဘုန်းကြီးကျောင်း သွားတာ မရှိဘူး။ ဝါတွင်းသုံးလပတ်လောက်မှာတော့ တချို့သွားလေ့ရှိပါရဲ့၊ ဒီထက်မပိုဘူး၊ လူနည်းစုလောက်ပဲ။

တနင်္ဂနွေနေ့ ဘုရားကျောင်းသွားပြီးရင် လွတ်လပ်ရေးရတယ်။ အဆောင် ပြန် အဝတ်လဲပြီးရင် ကျောင်းဝင်းထဲက ကစားကွင်းဘက်ပြေးတော့တာပါပဲ။ ဘမောင်တို့က မူလတန်းကျောင်းသားဆိုတော့ Out pass ဆိုတဲ့ အပြင်ထွက်ခွင့် မရဘူး။ အထက်တန်းကျောင်းသားကြီးတွေကတော့ Out pass ရတယ်။ အလယ်တန်း အဆင့်အတွက် Out pass ရသလား၊ မရသလား သိပ်မမှတ်မိတော့ဘူး။

ကျောင်းမှာ အားကစားတစ်ခုခု ကစားရတယ်။ မလုပ်မနေရ မဟုတ်ပေမဲ့ အားကစားတစ်ခုခု ကစားလေ့ရှိအောင် အဆောင်မှူးက ကစားခိုင်းတယ်။ အဲဒီ တုန်းက ဘောလုံးက လူစိတ်အဝင်စားဆုံးအားကစား၊ ဒုတိယက Cricket ဆိုတဲ့ ဘောလုံးလေးကို တုတ်တံနဲ့ရိုက်တဲ့ အားကစားနည်း။ ကြက်တောင်၊ ဘတ်စကတ် ဘော၊ ဘောလီဘောတွေလည်း ရှိတယ်။ အားကစားပစ္စည်းကို တစ်ယောက် ယောက်က တာဝန်ခံပြီး ထုတ်ရတယ်။ ပြီးရင်ပြန်အပ်။ စနစ်က သိပ်ကြီးတယ်။ စည်းကမ်းကို ဘာလုပ်လုပ် အလေးထားတယ်။ စည်းကမ်းနဲ့စနစ်ပိုင်းမှာတော့ သူတို့ကိုဘယ်သူမှမမီဘူး။ မလိမ်တတ်၊ မညာတတ်အောင် လေ့ကျင့်ပေးတယ်။ စည်းရုံးအောင်အသိထည့်ပေးတယ်။ အများနဲ့ပူးပေါင်းဆောင်ရွက်တတ်အောင် အခြေခံအုတ်မြစ်ချပေးတယ်။

သာသနာပြုကျောင်းတွေက အပြိုင်အဆိုင်ဆိုတော့ ပညာရေးမှာလည်း သူ့ထက်ငါ တော်အောင် အကောင်းဆုံးဆရာ/ ဆရာမတွေကို ခေါ်လေ့ရှိတယ်။ မြန်မာစာဘာသာကလွဲရင် သင်္ချာ၊ ပထဝီကအစ အားလုံးအင်္ဂလိပ်လိုပဲ သင်တယ်။ အားလပ်ချိန် အချင်းချင်းစကားပြောရင်တောင်မှ အင်္ဂလိပ်လိုပဲ ပြောရတယ်။ မြန်မာလိုပြောသံကြားရင် Fine ချတယ်။ ဒါကြောင့် အဲဒီခေတ်က အင်္ဂလိပ် ကောင်း

mgyoe.com

ကြတာ။ ခြင်းချက်အနေနဲ့ ဘမောင်တို့တော့ မပါဘူးပေါ့။ အဲဒီခေတ်က (၇) တန်း၊ (၈) တန်းလောက် နေရလိုက်ရရင် အင်္ဂလိပ်ဘာသာစကား ကောင်းကောင်း အခြေခံရသွားပြီ။ ဘမောင်တို့အရွယ်က စကောစကအရွယ်ဆိုတော့ လမ်းလျှောက် တတ်ကာစကလေး ခြေချော်လဲသလို ဖြစ်သွားတယ်။ ဘမောင် ဒုတိယတန်း ကျောင်းသားဘဝမှာ ပြည်သူပိုင်သိမ်းလိုက်တော့ မြန်မာကျောင်းတွေ ပြောင်း လိုက်ရလို့။ ပြီးတော့ ငါးတန်းကျမှ အင်္ဂလိပ်စာကို ABCD ကပြန်ပြီး သဘော လောက်သင်တော့ ဒုံရင်းပြန်ရောက်သွားရော။

St. John မှာ ကျောင်းတက်တုန်းက နှစ်လတစ်ခါက်လောက်တော့ အိမ်ပြန်ခွင့် ခဏရတယ်။ အမေ့မောင်အငယ်ဆုံး ဦးလေးလုပ်သူကလည်း အဲဒီ ကျောင်းမှာ (၁၀) တန်းကျောင်းသားဆိုတော့ သူကခေါ်ပြီး အိမ်ပို့ပေးတယ်။ အိမ် အပြန်ခရီးမှာ အဲဒီတုန်းက သိမ်ကြီးဈေးလဟာပြင်ဆိုတာမှာ အုန်းထမင်းစားရ တယ်။ ဘမောင်က အုန်းထမင်းနဲ့ ကြက်သားဆီပြန်ကို သိပ်ကြိုက်တာ။ ပြီးရင် ကူးဖီးလ်စား၊ ဗိုက်ကလေးပွတ်ပြီး အိမ်ပြန်၊ အဘွားနဲ့အမေကဆီးကြို၊ ဝမ်းသာစရာ၊ ပျော်စရာတွေက တပွေ့ပဲ။

မှတ်မှတ်ရရ၊ တစ်ခါက ဦးလေးကိုယ်စား အဖေကလာခေါ်ရာမှာ မျက်နှာ စိမ်းမို့ ကျောင်းကသိပ်မထည့်ချင်ဘူး။ အဖေ့ကိုဧည့်ခန်းမှာထိုင်ခိုင်းပြီး ဘမောင်ကို အဝေးကပြတယ်။ 'အဖေဟုတ်ပါတယ်' ဆိုမှ အဆောင်မှူး မစ္စက်မေရီက မသင်္ကာမျက်လုံးနဲ့ ထည့်ပေးလိုက်တာ။ အဲဒါကို အဖေက အိမ်ရောက်တော့ ပြောပြ တယ်။ အမေက ပြောမဆုံးဘူး။ 'ကောင်းတယ်တဲ့'၊ သူ့သားအတွက် စိတ်ချရတယ် တဲ့။

နွေရာသီစာမေးပွဲပြီးလို့ Summer Holiday အိမ်ပြန်ရရင် ဘမောင်တို့ လွတ်လပ်ရေးရသလို ခံစားရတယ်။ အဘွား၊ အမေ၊ အဖေတို့နဲ့ တစ်ဝကြီး နေရမယ်ပေါ့။ အိမ်ကလာခေါ်မယ့်အချိန်ကို လက်ချိုးပြီးစောင့်ကြရတယ်။

အခု ဗဟိုသားဖွားဆေးရုံလို့ခေါ်တဲ့ ဂျူမခန်တာဆေးရုံက ကျောင်းနဲ့ ကပ်နေတာ။ ကျောင်းဝင်းထဲက ဘောလုံးကွင်းကြီးပဲ ခြားတယ်။ ခြံစည်းရိုးစပ်မှာ ပေါက်နေတဲ့ကုက္ကိုပင်ကြီးတွေက အကြီးကြီးပဲ။ ဘမောင်တို့ သူငယ်ချင်း လေး ငါးယောက် အဲဒီအပင်ကြီးအောက် သွားလေ့ရှိတယ်။ နွေရဲ့လေအပူကိုခံရင်း ကုက္ကိုပင်ကြီးပေါ်က 'ဥဩ' ငှက်လေးတွေရဲ့ 'ဥဩ' 'ဥဩ' ဆိုတဲ့ အသံလေးကို နားထောင်ချင်လို့။ ပြီးတော့ ဘာရယ်မဟုတ်၊ အိမ်ပြန်ရမယ်ဆိုတဲ့ ဝမ်းသာမှုနဲ့အတူ နှစ်လတာလောက် ခွဲရမယ်ဆိုတဲ့ ကျောင်းတော်ကြီးကို လွမ်းသလိုခံစားရင်း

mgyoe.com

mgyoe.com


မျက်ရည်လေးတွေ စို့တတ်ကြတယ်။ လေး၊ ငါးနှစ်နေခဲ့ပြီဆိုတော့လည်း သံယောဇဉ်က ရှိပြီလေ။

* * *

အဲဒီကျောင်းတွေရဲ့ ပညာရေးစနစ်ထဲကတစ်ခုကို ပြောချင်သေးတယ်။ အင်္ဂလိပ်တွေက မဟာဗျူဟာကို အသုံးချတတ်ကြတယ်။ ကြီးမှသိတာပါ။ တစ်ခါက ဘမောင် မြန်မာစာ စာမေးပွဲကျတယ်။ သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံက ဂုဏ်ထူးမှတ် ကျော်တယ်။ အတန်းပိုင်ဆရာမကပေးလိုက်တဲ့ Report Card ကို အဆောင်မှူး မစ္စက်မေရီကို ပြရတယ်။ ပြီးရင် သူက လက်မှတ်ထိုးပြီး အတန်းပိုင်ဆရာမကို ပြန်ပေးရတယ်။ မစ္စက်မေရီက တစ်ဦးချင်းရဲ့ Report Card ကို သေသေချာချာကြည့်တာ။ ပြီးရင် စာအုပ်တစ်အုပ်ထဲမှာ အသေးစိတ် တစ်ဦးချင်း မှတ်တော့တာပဲ။ နောက်ပိုင်း မစ္စက်မေရီနဲ့ ဘာသာရပ်ဆိုင်ရာ ဆရာ/ ဆရာမတွေ အစည်းအဝေးထိုင်တယ်။ မည်ကာမတ္တမဟုတ်ဘူး။ တစ်ခါတလေ အချေအတင်တွေရှိတယ်။ အဆောင်မှူးတွေက သြဇာကြီးတယ်။ Principal ဆိုတဲ့ ကျောင်းအုပ်ကြီး Mr. Boothe ကို တိုက်ရိုက်တင်ပြခွင့်ရှိတယ်။ သူ့သဘောထားကိုလည်း ကျောင်းအုပ်ကြီးက အရေးတယူရှိရတယ်။

သုံးသပ်ချက်က (၃)ဘာသာဂုဏ်ထူးထွက်ပြီး ကျန်ဘာသာလည်း အမှတ်ကောင်းပြီး မြန်မာစာမှ ကျရတာ ဘာသာရပ်ဆိုင်ရာဆရာမ အသင်အပြ လိုအပ်ချက်ကြောင့်လားဆိုတဲ့ ဈွဲချက်ပဲ။ အစည်းအဝေးမှာ ဘာတွေ အသေးစိတ် ဆွေးနွေးကြတယ်ဆိုတာတော့မသိဘူး။ ဘမောင်တို့ နောက်ရက်ကစပြီး မြန်မာစာအချိန်ပိုနဲ့ မိတော့တာပဲ။ မြန်မာစာအမှတ် (၆၀) ကျော်ရမှပဲ အဲဒီအချိန် ပိုနဲ့လွတ်တော့တယ်။ သူတို့တွေ အဲသလိုလုပ်ကြကိုင်ကြတာ။ ကျောင်းသားအပေါ် အဲသလို ဂရုစိုက်ကြတာ။ ဘမောင်ရဲ့ မြန်မာအညွှ့ ကအဲဒီက စလိုက်တာ။ စက်မှုတက္ကသိုလ်လည်း ရောက်ရော ထပ်ပြီး တစ်ကျော့ပြန်ပေါ်လာသေးတယ်။ မြန်မာစာ 'ကျ' သူများ ဌာနမှူးခေါ်တွေ့ခံရတဲ့အထဲမှာ ဘမောင်က ထိပ်ဆုံးက။

ဘမောင်က မြန်မာစာကိုချစ်တယ်၊ ဒါပေမယ့် မတော်ခဲ့ဘူး။ တစ်ခါမှလည်း ဂုဏ်ထူးမထွက်ခဲ့ဖူးဘူး။ ကြီးလာတော့ မြန်မာစာကိုချစ်တဲ့စိတ်နဲ့ပဲ ဆောင်းပါးတွေရေးဖြစ်ခဲ့တယ်။

အချိန်ပိုတို့၊ ကျူရှင်တို့ဆိုတာ အခုခေတ်မှ မဟုတ်ဘူး ဘမောင်တို့ခေတ်မှာထဲက ရှိခဲ့တာ။ တစ်ခုတော့ ကွာသွားတယ်။ ဘမောင်တို့ခေတ်မှာ အချိန်ပိုတက်ရ

mgyoe.com

mgyoe.com

ပြီဆိုရင် ကိုယ့်အရည်အချင်းကိုယ်သိတော့။ ညံ့လို့သင်ရတာဆိုတာ လူတိုင်းသိတယ်။ အခုခေတ် ဘမောင်တို့သားသမီးနဲ့၊ မြေးတွေကျတော့ ကျူရှင်က ဘာသာစုံယူနေရတယ်။ ညံ့လို့၊ စာမေးပွဲကျလို့၊ စာမလိုက်နိုင်လို့လား မေးတော့လည်း မဟုတ်ပြန်ဘူးတဲ့။ စဉ်းစားလို့ကိုမရဘူး။ တကယ်ဆို ကျောင်းက ဆရာ/ ဆရာမတွေ သင်ကြားတာနဲ့တင် လုံလောက် သင့်တယ်၊ ခံစားရတာ တစ်မျိုးကြီးပဲ။ ဘမောင်တို့တုန်းက Time-table အရပဲ စာအုပ်ထည့်သွားဖို့လိုတယ်။ လွယ်အိတ်က ခပ်ချောင်ချောင်ပဲ။ အခုမြေးတွေလက်ထက်ကျတော့ ဘာသာစုံစာအုပ်နေ့စဉ်ထည့်ကြရတယ်။ Time-table မရှိဘူးလားမေးတော့လည်း 'ရှိတယ်တဲ့'။ ဒါပေမဲ့ ...

"ဘိုးဘိုးမသိပါဘူး"

ဆိုပြီး မြေးတွေက သိပ်အရေးမလုပ်ချင်ဘူး။ ကိုယ်လည်း သိပ်မမေးရဲဘူး။ အကြောင်းတော့ ရှိပါလိမ့်မယ်။ လွယ်အိတ် အပြည့်၊ အရွယ်နဲ့မလိုက်ဘူး။ သူတို့ကိုယ်အလေးချိန်နဲ့ လွယ်အိတ်အလေးချိန်ယှဉ်ရင် လွယ်အိတ်အလေးချိန်ကတောင်ပိုများနေမယ်နဲ့တူတယ်။ မြန်မာတွေ အရပ်ပုရခြင်းရဲ့ အကြောင်းရင်းထဲကတစ်ခုဖြစ်မယ်နဲ့ တူတယ်။

* * *

အဲဒီတုန်းက ဘမောင်တို့ တရှိုက်မက်မက်ဖတ်ခဲ့ရတဲ့ ကာတွန်းစာအုပ်တွေ သတိရမိသေးတယ်။ မဂ္ဂဇင်းဆိုက် ကာတွန်း တစ်အုပ် ပြား (၆၀)။ အိတ်ဆောင်ဆိုတဲ့ Pocket Size ကာတွန်းစာအုပ်က(၁၀) ပြား။ မောင်ကမ္ဘာ၊ ဒီလုံး၊ ဗိုလ်ပုချို၊ ဦးလူပေါနဲ့ ညဏ်ကျယ်လေး၊ ဦးစိတ်တိုနဲ့မျောက်ညို၊ ပြီးတော့ သရဲတစ္ဆေ ကာတွန်းတွေ အများကြီးပဲ။ မောင်ကမ္ဘာက စုံထောက်ဇာတ်လမ်း။ သူ့ခေါင်းက ကမ္ဘာလုံးပုံ၊ အရွယ်က ချာတိတ်၊ ဖြိုလိုက်ရင် လူဆိုးဂိုဏ်းချည်းတွေပဲ။ ဒီလုံးနဲ့ ဗိုလ်ပုချိုက သူရဲကောင်းဇာတ်လမ်း၊ မကောင်းသူပယ်၊ ကောင်းသူကယ်၊ စံရှားနဲ့ဒိန်းဒေါင်လည်း ပါသေးတယ်၊ ပရော်ဖက်ဆာဆိတ်ဖွားကဏ္ဍကလည်း မသေးဘူး။

ဘမောင်တို့ စာအုပ်ဝယ်ချင်တော့ ဘာလုပ်တယ်မှတ်လဲ၊ သိလား၊ တစ်နေ့ (၁၀) ပြားမုန့်ဖိုးကို ငါးပြားပဲ သုံးတယ်။ မုန့်ဈေးတန်းမသွားဘူး။ ကျောင်းထောင့်လမ်းအပြင်ဘက်မှာ အကြော်သည်တစ်ဦး ရှိတယ်။ အကြော်တစ်ခုဆယ်ပြား၊ အကြီးကြီးပဲ၊ အဲဒီအကြော်လည်း မစားနိုင်ဘူး။ အကြွတ်ကြော်ဆိုတာရှိတယ်။

mgyoe.com

mgyoe.com

မုန့်ရည်ကကျတဲ့ ဘောထွက်ကြော်တွေ။ ပြီးတော့ အနားစွန်းက ကြွေသွားတဲ့ အပိုင်းအစတွေ။ အဲဒါ ငါးပြားဖိုးဆိုရင် သတင်းစာစက္ကူကတော့နဲ့ တစ်ထုပ်ရတယ်။ ကျောင်းသားပေါက်စတွေဆိုတော့လည်း ပိုထည့်ပေးတာနဲ့ တွက်ခြေအတော် ကိုက်တယ်။ အဲဒါဝယ်စားရင် တစ်ညနေစာ ကိစ္စပြီးပြီ။ တစ်နေ့ငါးပြားစုရင် နှစ်ရက်ဆို Pocket Size ကာတွန်းတစ်အုပ်ဝယ်ဖတ်လို့ ရတယ်။ (၁၂) ရက်စုရင် မဂ္ဂဇင်းဆိုက် ကာတွန်းကြီးတစ်အုပ် ဝယ်ဖတ်လို့ရတယ်။ တစ်ခါတလေ မိဘတွေလာလို့ (၁၅) ကျပ် (၂၀) ပေးသွားရင်တော့ လုပ်ချင်တာလုပ်တော့။

နွေရာသီအိမ်ပြန်လို့ အထုပ်အပိုးပြင်ရင် ဘမောင်ရဲ့ ကာတွန်းစာအုပ်တွေက တစ်ထမ်းကြီးပဲ။ ကာတွန်းအောင်ရှိန်လို့ ထင်တာပဲ။ မေ့တော့ခပ်မေ့မေ့ပဲ။ သရဲပုံတွေဆွဲတာ၊ တော်တော်ဖတ်လို့ကောင်းတယ်။ ဗိုက်ကွဲကြီးမှာ ချုပ်ရိုးရာက အကြီးကြီး၊ သွားရည်တွေကလည်းကျလို့။ ဖတ်လည်းဖတ်တယ်၊ ကြောက်လည်းကြောက်တယ်။ အဲဒီတုန်းက သရဲအကြောင်း ဘယ်လောက်စွဲသလဲဆိုရင် အိပ်မက်ထဲအထိ ခဏခဏလာတတ်တယ်။ သရဲလိုက်လို့ပြေးရတာလည်း မကြာခဏပဲ။ ကြောက်သေးပါလို့ ရွှဲခနဲစိုပြီး လန့်နိုးရင် အိပ်ရာပေါ် ရွှဲရွှဲက ပေါက်ပြီးသား။ ဒါလည်းမနေနိုင်ဘူး။ ရှာဖွေပြီးဖတ်ရမှကျေနပ်တာ။

အဲဒီတုန်းက ကလေးစာအုပ် တော်တော်ထွက်တယ်။ နာမည်တော့ မေ့သွားပြီ။ မဂ္ဂဇင်းဆိုဒ်၊ ကာလာနဲ့၊ သုတစုံဖတ်ရတယ်။ Money for Value ဆိုတဲ့ ကိုယ်သုံးတဲ့တန်ဖိုးနဲ့ ညီမျှတာကိုရတယ်။

St. John ဆိုတဲ့ကျောင်းဝင်းကအကျယ်ကြီး။ ကျောင်းရှေ့မှာ ကတ္တရာလမ်း၊ ဟိုဘက်မှာ Church ၊ ကတ္တရာလမ်းနဲ့ မျက်နှာချင်းဆိုင် ကျောင်းဝင်းထဲမှာ နှစ်ထပ်ဆောင်အဆောင်ကြီး သုံးဆောင်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဘော်ဒါတွေနေဖို့။ ဘော်ဒါသမားတွေက အဲဒီအဆောင်ကြီးတွေရဲ့ အပေါ်ထပ်မှာ နေရတယ်။ Main Building လို့ခေါ်တဲ့ မူလတန်းဆောင် ဘော်ဒါအောက်မှာ ကျောင်းအုပ်ချုပ်ရေးရုံး ရှိတယ်။ အလယ်တန်းနဲ့ အထက်တန်းဆောင်ရဲ့ အောက်ထပ်မှာ စာသင်ခန်းတွေ၊ မူလတန်းဆောင် နောက်ဘက်မှာ Dinning Room ။ အကျယ်ကြီးပဲ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအတွက် အတန်းလိုက် (၃) တန်း ထားပေးထားတယ်။

မနက် (၇း၀၀) နာရီ Breakfast ။ အဲဒါကတော့ ပုံစံမပြောင်းဘူး။ ပေါင်မုန့်ထောပတ်သုတ်နှစ်ချပ်နဲ့ ကော်ဖီတစ်ခွက်။ နေ့လယ် (၁၁း၀၀) နာရီမှာ မနက်စာထမင်း၊ တစ်ပတ်စာ Menu ဆွဲထားပြီးသား။ ဘယ်နေ့ဆိုရင် ဘာဟင်း၊

mgyoe.com

များသောအားဖြင့် ကြက်သားကျွေးတာပဲ များတယ်။ ငါးမစားဖူးဘူး။ နေမကောင်းတဲ့အခါမျိုးမှာတော့ သီးခြားဆောင်မှာနေရပြီး ငါးခြောက်နဲ့ ဆန်ပြုတ်စားဖူးတယ်။ ကျောင်းအနောက်ဘက်က ဝင်းကြီးက အကြီးကြီးပဲ၊ ဝန်ထမ်းတွေနေတာ၊ ဒိုဘီလိုင်းရှိတယ်။ ကြက်ခြံ နှစ်ထပ်ဆောင်ရှိတယ်။ ဆရာ/ဆရာမတွေရဲ့ ကွာတာလည်းရှိတယ်။

ကြက်ခြံကို တိ/မွေးကုဆရာဝန်က တစ်ပတ်တစ်ခါ ပုံမှန်လာစစ်တယ်။ ဘော်ဒါသမားတွေစားဖို့ ပဲ၊ ဟင်းသီးဟင်းရွက် ပေးသွင်းတဲ့ ကန်ထရိုက်ရှိတယ်။ လတ်ဆတ်မှုကို စစ်ဆေးပြီးမှ လက်ခံတာ၊ လာဘ်ထိုးလို့မရဘူး။ တစ်ခါမှတ်မိသေးတယ်။ ဟင်းသီးဟင်းရွက်တွေ လတ်ဆတ်မှုစံချိန်မမီလို့ ဟင်းရွက်ပို့ကားကြီးပြန်ထွက်သွားရတာ။ ကြက်ခြံပတ်ဝန်းကျင်မသန့်ရှင်းလို့ ကြက်ခြံ အလုပ်သမားတွေ အရေးယူခံရတာ။ စစ်ဆေးသူက ကြက်သတ်တာကစပြီး ခုတ်ထစ်တာ၊ Kitchen မှာ ချက်တာအထိ စံချိန်မီ/မမီ အမြဲတမ်းစစ်ပေးတယ်။ ဒါကြောင့် ဟင်းက ဒီနေ့ကောင်းပြီး နောက်နေ့မကောင်းဘူးဆိုတာ မရှိဘူး။ လက်ရာနဲ့ အရသာ တစ်သမတ်တည်းပါပဲ။ ပဲဟင်းထဲမှာ ကျောက်ခဲပါတာ တစ်လုံးနှစ်လုံးဆိုကိစ္စမရှိဘူး။ ကျောင်းသား (၄-၅) ယောက်ခြားမှာ ကျောက်ခဲတွေ့လို့ကတော့ တာဝန်ရှိသူ မသက်သာဘူးမှတ်။ ပန်းကန်၊ ဇွန်း၊ ခက်ရင်းညစ်ပတ်တာ၊ လက်သုတ်ပဝါညစ်ပတ်တာတွေ့ရင် ချက်ချင်း တိုင်နိုင်တယ်။ ဘော်ဒါကျောင်းသားတွေကို သိပ်ပြီးဂရုစိုက်တယ်။

ဘမောင်တို့ သောကြာနေ့ကို သိပ်မျှော်တယ်။ နေ့တိုင်း ကြက်သားနဲ့ တခြားအသားတွေစားနေရတော့ အပြောင်းအလဲ လိုချင်တယ်။ သောကြာနေ့ဆို ကုလားဟင်း၊ ပါပလာကြော်နဲ့။ ကုလားဟင်းက မဆလာနံ့ကို ခပ်ဝေးဝေးက ရတတ်တယ်။ အဲဒီနေ့ဆို Study Time မှာ မျက်လုံးမှေးပြီသာမှတ်။ ဘမောင်တို့ အဲဒီနေ့ဆို ထမင်းနှစ်ခါစားတယ်။ ထမင်းစားချိန်မရောက်ခင် ကျောင်းပေါ် ပြန်မတက်ခင်မှာ Dinning ဘက်ကို ခဏသွား၊ မဆလာနံ့လေးခံရင်း အနံ့နဲ့ တစ်ခါစား၊ ပြီးတော့ ကျောင်းပေါ်တက်၊ ရေမိုးချိုး၊ (၆း၃၀) မှာ ပါးစပ်နဲ့ တစ်ခါစား။ ရှားရှားပါးပါး၊ တစ်ပတ်မှတစ်ရက်တည်း။ အဲဒီကုလားစာကို ကြိုက်တာ အခုထက်အထိပဲ၊ ကြုံရင်ကြုံသလို ချစ်တီးထမင်းစားလေ့ရှိသေးတယ်။

တစ်ခါတစ်ခါကျရင် ဘမောင်တို့ရဲ့ သား၊ သမီး၊ မြေးတွေကို သနားမိတယ်။ တစ်နေ့တာ Timetable သိပ်မရှိရှာဘူး။ ကျူရှင်ပြေးနေရတာနဲ့ ဖတ်ဖတ်မောနေတာပဲ တွေ့ရတယ်။ Value of Life နည်းသလားလို့ ခံစားရတယ်။

mgyoe.com

mgyoe.com


မြေးအကြီး (၉) တန်း ကျောင်းသားက တစ်နေ့မုန့်ဖိုး (၅၀၀) ကျပ်၊ မြေးအလတ်မ (၅) တန်းကျောင်းသူက မုန့်ဖိုးတစ်နေ့ (၃၀၀) ကျပ်၊ ဘမောင်တို့ခေတ်က တစ်နေ့ (၁၀) ပြားအကြောင်း တစ်ခါတလေပြောမိရင် ခွက်ခွက်လန်အောင် ရယ်ကြတယ်။

မှတ်မိသေးတယ်။ (၁၉၆၃) ပြည်သူပိုင်သိမ်းတော့ ကျောင်းတွေ ပြောင်းကြရတာ။ ဘော်ဒါစနစ်လည်းပျက်၊ အင်္ဂလိပ်ဆရာတွေလည်းပြန်တော့ ဘမောင်တို့လည်း တာဝတိံသာက ရုတ်တရက် ပြုတ်ကျတာပေါ့။ အဲဒီတော့ ဘမောင်က ဒုတိယတန်းကျောင်းသား။ ဘမောင် (၄) တန်းရောက်တော့ ဘမောင်အဖေရဲ့ တပည့်တစ်ယောက်ကို အဖေက လက်ဖက်ရည်ဆိုင်ထောင်ပေးထားတဲ့ဆီ ဘမောင် မကြာခဏရောက်တတ်တယ်။ လက်ဖက်ရည်တစ်ခွက် ပြား (၂၀) ခေတ်၊ ကုန်ဈေးနှုန်းတက်လို့ တစ်ခွက် (၂၅) ပြားဖြစ်တော့ စားသုံးသူတွေ ပူညံပူညံဖြစ်ကြသေးတယ်။ သတင်းစာမှာ ဆောင်းပါးတစ်ပုဒ်ပါလာတယ်။ လက်ဖက်ရည်တစ်ခွက် ပြားနှစ်ဆယ်က နှစ်ဆယ့်ငါးပြားဖြစ်တာကို သည်းခံကြဖို့၊ ကမ္ဘာမှာလည်း ကုန်ဈေးနှုန်းဆိုတာ နှစ်စဉ်တက်နေတတ်တာမို့ တစ်ချိန်မှာ လက်ဖက်ရည်တစ်ခွက် တစ်ကျပ်ဖြစ်လာနိုင်တာကို ရေးထားတဲ့ဆောင်းပါးပါ။

"လက်ဖက်ရည်တစ်ခွက် တစ်ကျပ်များဖြစ်ရင် လျှာပဲဖြတ်ပစ်တော့မယ်၊ မသောက်တော့ဘူး"

အဲဒီတုန်းက ကြုံးဝါးတာ၊ ကြုံးဝါးတဲ့အတိုင်းသာ လျှာဖြတ်ဖြစ်ရရင် ဘမောင် စက်မှုတက္ကသိုလ် ပထမနှစ်မှာတင် လျှာပြတ်သွားပြီ။ အဲဒီအချိန်မှာ လက်ဖက်ရည်တစ်ခွက် တစ်ကျပ်ဖြစ်သွားပြီ၊ (၁၉၇၀) အစဦးပိုင်းတွေပေါ့။ အခုတော့လည်း လက်ဖက်ရည်တစ်ခွက် (၂၀၀)ဟာ မထူးဆန်းတော့တဲ့အရာ ဖြစ်နေပါပြီ။ ကုန်ဈေးနှုန်းဆိုတာ ကမ္ဘာမှာကို နှစ်စဉ်မှန်မှန်တက်ပေးရတဲ့ အရာပါ။ တစ်နှစ် (2%) လောက်ပေါ့။ မတက်မကောင်း၊ တက်မကောင်း၊ မပေါင်းမကောင်း၊ ပေါင်းမကောင်းတဲ့ မိတ်ဆွေလေ။

***

ပြည်သူပိုင်ကျေးဇူးကြောင့် ကျောင်းတွေပြောင်းကြရတော့ အသေအချာမှတ်မိတာ နှစ်ခုရှိတယ်။ ပထမတစ်ခုက အင်္ဂလိပ်စာ သူများထက် ပိုတော်တာ၊ နောက်တစ်ခုက သူများထက် အသက်ပိုကြီးနေတာ။ မြန်မာကျောင်းတွေမှာ သူငယ်တန်းတစ်နှစ်ပြီးရင် ပထမတန်းကိုတက်ရပေမဲ့ ဘမောင်တို့က သူငယ်တန်းမှာ (၃) နှစ်နေခဲ့ရတော့ ပျမ်းမျှအသက် (၂) နှစ် ပိုကြီးနေတယ်။ စကားပြောရင် St. John

mgyoe.com

က လေသံမပျောက်သေးလို့ အင်္ဂလိပ်စာလေး ပိုကောင်းတာပဲရှိတယ်။ ဒုတိယတန်းကျောင်းသားမှာ အင်္ဂလိပ်စာမသင်ရတော့ဘူး။ ဗုဒ္ဓဘာသာက အင်္ဂလိပ်စာနေရာယူလာတယ်။ ဘမောင် သိပ်သဘောကျတဲ့ဘာသာပဲ။ သင်ရင် စိတ်ချမ်းသာတယ်။ ဒါပေမဲ့ စာမေးပွဲကျရင် စိတ်ညစ်ရတယ်။ ဗုဒ္ဓဘာသာကို ဘယ်တော့မှ အမှတ် (၆၀) ကျော်အောင် မဖြေနိုင်ဘူး။

ထူးချွန်တဲ့သူတွေထဲမှာ ဘမောင်က ပါခဲ့တာ မဟုတ်ပါဘူး၊ St. John မှာ ဉာဏ်ရည်မီရင် အတန်းခုန်တက်ခွင့်ရှိလို့ ဘမောင်ရဲ့အစ်ကိုက တစ်တန်းကြီးသွားပေမဲ့ ဘမောင်က သူငယ်တန်းမှာ (၃) နှစ်အပြည့်နေခဲ့တယ်။ ပြည်သူပိုင်သိမ်းလို့ မြန်မာကျောင်းတွေပြောင်းတော့ ဒုတိယတန်းကျောင်းသားတစ်လျှောက်လုံး အလယ်လောက်ကပဲ အောင်ခဲ့တာ။ လိုချင်တဲ့စိတ်၊ သာချင်တဲ့စိတ်လည်း မရှိဘူး။ ဒါနဲ့ပဲ တတိယတန်းကျောင်းသား ဖြစ်လာရော။

Motivation ဆိုတဲ့ လှုံ့ဆော်စိတ်က တစ်ခါတစ်ရံ သိပ်ထူးဆန်းတယ်။ တိုက်ဆိုင်တဲ့အခါမှာ ရသွားတယ်၊ ဆက်ပြီးထိန်းသွားတတ်ဖို့ပဲ လိုတယ်။ ဘမောင်အဖေက ဘမောင်ကို တတွတ်တွတ် အမေလိုပြောတာမဟုတ်ဘူး။ လူတွေရဲ့ Psycho ကိုသိတယ်လို့ ပြောလို့ရတယ်။ တစ်ခါတလေမှ ဘမောင်ကို ဆုံးမတတ်တာ။ သူပြောရင်လည်း ထိထိမိမိပဲ။ မှတ်မှတ်ရရ အဲဒီနှစ်က ဘမောင်တို့ တတိယတန်းကျောင်းသား၊ (၆) လပတ်စာမေးပွဲပြီးတော့ အဖေဆီ စာရေးရင်းနဲ့ ဘာသာစုံရမှတ်တွေကို ထည့်ပေးလိုက်တယ်။ နှစ်ပတ်လောက်ကြတော့ အဖေ့ဆီက စာပြန်လာတယ်။ သားဆီကစာဖတ်ရလို့ ဝမ်းသာတယ်ပေါ့၊ အမှတ်စာရင်းတွေလည်း မဆိုးပါဘူးပေါ့။ ဒါပေမဲ့ သူ့မိတ်ဆွေသား အတန်းတူရဲ့ရမှတ်ကို ဘမောင်ရတဲ့အမှတ်တွေနဲ့ယှဉ်ပြီး ထည့်ပေးလိုက်တယ်။ အဲဒီလူရဲ့အမှတ်တွေက အားလုံးလိုလို ဘမောင်ထက် သာနေတာချည်းပဲ။

ဘမောင်စိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ မခံချင်သလိုမျိုးဆိုတာတော့ သိတယ်။ ဒီထက်ပိုပြီး ပြောမပြတတ်ဘူး။ နောက်တစ်ခါ အဖေ့ဆီစာရေးရင် အမှတ်ကောင်းကောင်း ထည့်နိုင်အောင် လုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ အဲဒီအမှတ်ယှဉ်ပြမှုဟာ ဘမောင်ကို Motivation ဆိုတဲ့ လှုံ့ဆော်စိတ်ပေးလိုက်တာ။ ကျောင်းက ပြန်လာရင် ဘမောင် မကစားတော့ဘူး။ စာဖတ်ဖြစ်သွားတယ်။ (၉) လပတ်မှာ အမှတ်သိသိသာသာတက်လာပြီး အဆင့် (၅) ရတယ်။ အမြဲတမ်းကိုယ့်အပေါ်မှာ လူ (၂၀) (၂၅) လောက်ရှိမှ နေတတ်တဲ့ဘမောင်၊ ဒီတစ်ခါအပေါ်မှာ လူ (၄) ယောက်ပဲ ရှိတော့တယ်။ အတန်းတင်စာမေးပွဲလည်းပြီးရော ဘမောင်အပေါ်မှာ

mgyoe.com

mgyoe.com


ဘယ်သူမှမရှိတော့ဘူး။ အဲဒီအရှိန်က ဆက်တက်သွားလိုက်တာ (၄) တန်းမှာလည်း တောက်လျှောက်ပဲ။ (၅) တန်းမှာတော့ (၂) ကြိမ် လောက်တစ်ပြန်တစ်လဲ 'သိန်းရွှေ' ဆိုတဲ့သူနဲ့ အဆင့် (၁) ကို တစ်လှည့်စီယူကြတယ်။ (၆) တန်းရောက်တော့ 'သိန်းရွှေ' ခါးပြတ်သွားတယ်။ သူကအစ်မနဲ့နေရတာ။ ဘမောင်နဲ့ အဆင့် (၁) လုဘက်ဆိုပေမဲ့ သိပ်ခင်ကြတာ။ သူရရ–ကိုယ်ရရ ခပ်ပြုံးပြုံးပဲ၊ 'သိန်းရွှေ' က ကျောင်းမလာခင် ကြက်စာတွေ ကျွေးရတယ်။ ထမင်းအလကားမစားရရှာဘူး။ ဘမောင်က အိမ်အလုပ် ဘာမှလုပ်ရတာမဟုတ်ဘူး။ တကယ်တော့ 'သိန်းရွှေ' ရလဒ်က ပိုပြီးတန်ဖိုးရှိတယ်။ အေးအေးလူလူ စာဖတ်ခွင့်ရတဲ့ မိဘတွေကို ကျေးဇူးတင်တယ်။ ဒါပေမဲ့ 'သိန်းရွှေ' ထက်သာသွားတာကို စိတ်မကောင်းဖြစ်မိရပြန်ရော။

ခြောက်တန်းရောက်တော့ ဘမောင်က ဘာသာစုံဂုဏ်ထူးထွက်တယ်။ 'သိန်းရွှေ' ခမျာ အလုပ်တစ်ဖက်နဲ့မို့ စိတ်ဓာတ်ကျ ရှာတယ်နဲ့တူတယ်။ အဆင့် (၁၀) ကျော်သွားရှာတယ်။ ခြောက်တန်းဆိုတာ ကလေးအရွယ်ပဲရှိသေးတာ၊ စိတ်ဓာတ်ကျမယ်ဆိုရင် ကျနိုင်ခြေအများကြီးရှိတယ်။ ခုနစ်တန်းနှစ်ရောက်တော့လည်း ဘမောင် ဘာသာစုံဂုဏ်ထူးရတယ်။ အဲဒီမှာ ဘာသတိသွားထားမိသလဲဆိုရင် အဆင့် (၁) ဆိုတာ လူအများအာရုံစိုက်ခံရပြီး မလိုသူများတယ်ဆိုတာပဲ။ အဆင့် (၂)တို့ (၃) တို့ဆိုရင် သိပ်စိတ်မဝင်စားကြတော့ဘူး။ အဲဒီသင်ခန်းစာက အသက်ရပြီး စီးပွားရေးလုပ်တော့ မဟာဗျူဟာတစ်ရပ် ဖြစ်လာတယ်။ ကောင်းကောင်း အသုံးချနေရတဲ့ မဟာဗျူဟာပါ။ ဘာကိုမှလူသိမခံတော့ဘူး၊ မလွဲသာ မရှောင်သာတဲ့ ကိစ္စတချို့မှလွဲရင်ပေါ့။

ဆရာတွေမှာလည်း သူ့တပည့်၊ ကိုယ့်တပည့်နဲ့၊ သူတို့တပည့်ကို တော်စေချင်တာ သဘာဝကျပါတယ်။ ဒါပေမဲ့ ပုထုဇဉ်တွေဆိုတော့ သူတို့တပည့်တွေ ဘမောင်ကိုမကျော်နိုင်လေ ဘမောင်အပေါ် မရှုစိမ့်လေ ဖြစ်လာတယ်။ ဘယ်လောက်များအံ့ဩဖို့ ကောင်းသလဲဆိုရင် နှစ်ပေါင်း (၄၀) ကျော်မှ ပြန်သိရတဲ့ဖြစ်ရပ်တစ်ခု။ အဲဒီအထက်တန်းကျောင်းကို ဘမောင်တတ်နိုင်သမျှ အလှူငွေထည့်တယ်။ ကိုယ်နေခဲ့တဲ့ကျောင်းကိုး။ အဲဒီမှာ ကျောင်းသားဟောင်းတွေနဲ့ ပြန်တွေ့ဖြစ်ကြတယ်ပေါ့။ ငယ်စဉ်ကကိစ္စတွေ စကားစမြည်ကြရင်း ဘမောင်ကို သိပ်ချစ်တယ်လို့ထင်ထားတဲ့ဆရာမက အဲဒီပြန်ပြောပြတဲ့မိတ်ဆွေကို ငယ်ငယ်က ဘမောင်ကို နိုင်အောင်လုပ်ခိုင်းခဲ့တယ်တဲ့။ ငယ်ငယ်တုန်းက လူကဲမခတ်တတ်သေးဘူး။ အဲဒီစကားကြရတော့ စိတ်တော့မကောင်းဘူး။ အံ့ဩသွားတာပဲရှိတယ်။ အခုတော့ မရှိကြတော့ပါဘူးလေ။ ဘမောင်တို့တောင် ငါးဆယ်ကျော်ကြ

mgyoe.com

mgyoe.com
ပြီပဲ။ အသက်ကြီးသူ၊ အတွေ့အကြုံကြွယ်သူတွေရဲ့ ပရိယာယ်တစ်ခုလို့ပဲ စိတ်မကောင်းစွာနဲ့ မှတ်ထားလိုက်ပါတယ်။

(၇) တန်းနှစ်မှာ ဘမောင်တို့ လူမှုရေးပညာ တော်တော်ရလိုက်တယ်။ အတန်းပိုင်ဆရာဆီက ရတာ။ ဆရာ့နာမည်က ဦးကျော်ရင်၊ လူပျိုကြီး၊ အသက်က ဘွဲ့ရပြီးခါစဆိုတော့ သိပ်မကြီးသေးဘူး။ နှစ်ဆယ်ကျော်အစိတ်ပေါ့။ ဘမောင်တို့က (၁၃) (၁၄) နှစ်အရွယ်တွေ၊ လူပျိုပေါက်စ။ ဆရာနဲ့အလွန်ရင်းနှီးတဲ့ တပည့်မတစ်ယောက်ရှိတယ်။ ဆရာနဲ့ စားအိမ်သောက်အိမ်လို ရင်းနှီးတာ။ သူ့အစ်မက (၉) တန်းကျောင်းသူ။ သူ့အတန်းရောက်တာဟာ ဘမောင် ကျောင်းပြောင်းဖို့ ဖြစ်လာတယ်။ သူ့စိတ်ဓာတ်စစ်ဆင်ရေးဒဏ်မခံနိုင်လို့။ ငယ်စဉ်က ဆရာပေးလို့ရလိုက်တဲ့ အဲဒီပညာကို ဘမောင်ကြီးလာတော့ ခံခဲ့ဖူးလို့လားမသိဘူး တော်တော် အကျွမ်းတဝင်သုံးနိုင်သွားတယ်။ ဆရာ့ကိုကျေးဇူးတင်တယ်။ ကောင်းတာတွေလည်း အများကြီးရခဲ့တယ်။ တစ်ရက် အချိန်ပိုသင်မယ်ဆိုပြီး စနေနေ့ ကျောင်းသားတွေကို ခေါ်လိုက်တယ်။

"တမသင်ခင်၊ မင်းတို့ကို ဝမ်းသာစရာနဲ့ မင်္ဂလာစကားတစ်ခွန်း ပြောရဦးမယ်။ မထား လင်နောက်လိုက်သွားပြီ"

ဆရာ့စကားအဆုံး တစ်တန်းလုံးက ဘမောင်ကို စောင်းငဲ့ကြည့်ကြတယ်။ ရှက်လိုက်တာ၊ မျက်နှာဘယ်ထားရမှန်း မသိဘူး။ အဲဒီ မထားဆိုတာလည်း ဘမောင်တို့ အတန်းထဲက၊ ဆရာပိုင်တဲ့အတန်းထဲက။ မထားက ဘမောင်ကို အရေးပေးတာ အားလုံးကသိတယ်။ ဘမောင်နဲ့တောင် ဘာလိုလို ထင်ကြသေးတယ်။ ကိုယ့်တပည့်မ ယောက်ျားယူသွားတာ ဝမ်းသာစရာတဲ့၊ မင်္ဂလာစကားတဲ့။ အရွယ်မရောက်သေးသူအတွက် တကယ်ဆိုဝမ်းနည်းရမှာ။ ဆရာဦးကျော်ရင် ပစ်လိုက်တဲ့မြားက ဘမောင်ရင်ဝကို မှန်တာ အရှိန်တော်တော်ပြင်းတယ်။ အဲဒီမြားချက်မျိုး တရစပ်ပဲ တစ်နှစ်လုံးခံခဲ့ရတယ်။ အာစရိယဂိုဏ်းဝင်တဲ့ဆရာတွေ သိပ်သတိထားသင့်ကြပါတယ်။ တပည့်အပေါ် ကျောသား၊ ရင်သား မခွဲခြားသင့်ဘူး။ နုနယ်တဲ့နှလုံးသားကို အတွေ့အကြုံနဲ့ အနိုင်မယူသင့်ဘူး။ ဒါပေမဲ့ ကျေးဇူးတင်ပါတယ်။ အမှတ်မထင် အတန်းကိုဆုံးမတဲ့ သူ့စကားထဲမှာ ဘမောင်အတွက် အားဆေးတွေပါလာတယ်၊

"လူဆိုတာ အတက်အကျရှိတယ်။ ဆုံးရှုံးတိုင်း စိတ်ဓာတ်ကျစရာမလိုဘူး၊ အင်အားအဖြစ် ပြောင်းတတ်ဖို့ပဲလိုတယ်"

ဘမောင် မြားဒဏ်ရာတွေကို အင်အားအဖြစ် အကုန်ပြောင်းလိုက်တယ်။
mgyoe.com

mgyoe.com

အဲဒီကျောင်းမှာ နောက်ဆုံးနေမယ့်နှစ်လို့လည်း ဆုံးဖြတ်လိုက်တယ်။ မပေးချင်တာကို ရအောင်ယူသွားမယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။ အရင်ကထက် စာပိုဖတ်ဖြစ်သွားတယ်။ ဒီတစ်ခါ ဖတ်ဖြစ်တဲ့စာမှာ ဆန္ဒနဲ့အင်အားတွေ အဆစ်ပါသွားတယ်။ ဖိုင်နယ်ဖြေတော့ ဘာသာစုံဂုဏ်ထူး ဘမောင်ဆီ ရောက်လာပြန်တာပဲ။ အင်အားမမျှလို့ တိုက်ပွဲကို ဘမောင်ရှောင်ဖို့ အသိရလာတယ်။ အဲဒီအသိက ဘမောင်ကို နောက်တစ်ကျောင်း ပြောင်းသွားစေတယ်။ အဲဒီအတွေ့အကြုံတွေက စီးပွားရေးလုပ်တော့ မဟာဗျူဟာတစ်ရပ် ဖြစ်လာပြန်တယ်။ အင်အားမတူရင် မတိုက်ဖို့၊ စိတ်စောပြီးတိုက်လို့ ရှုံးတာထက် အင်အားမွေးပြီး တန်းတူမှတိုက်တာက ဉာဏ်အရာအသုံးချရာရောက်တယ်ဆိုတာ အဲဒီကျောင်းမှာ ဘမောင်အကြောင်း ပြောစမှတ်ဖြစ်ကျန်သွားတယ်။ တစ်ယောက်နှစ်ယောက်သော ဆရာ/ဆရာမက လွဲရင် ကျန်တဲ့ ဆရာ/ဆရာမ အားလုံးက ဘမောင်ကို ချစ်ကြပါတယ်။ ပုထုဇဉ်ဆိုတာ ရဟန္တာမှမဟုတ်တာ။ အားလုံးတော့ ခြောက်ပစ်ဘယ်ကင်းနိုင်ကြပါ့မလဲ။ သိုးမည်းဆိုတာ တစ်ကောင်နှစ်ကောင်လောက်တော့ ပါတတ်တာ သဘာဝကျပါတယ်။

ဘမောင် ကြီးလာတော့ ပြန်တွေးကြည့်မိတယ်။ ဖြတ်သန်းခဲ့ရတဲ့ ကာလတစ်လျှောက် ခါးသီးတဲ့အတွေ့အကြုံတွေက တစ်ချိန်ကျ ဘမောင်အဆင်ပြေစေဖို့ သင်ခန်းစာတွေ ကြိုပေးနေသလိုပဲ။ တချို့အတွေ့အကြုံဆိုရင် ဘဝမှာ အဓိကလက်နက်အဖြစ် ပြန်ပြီးအသုံးချနိုင်နေရတယ်။ အဲဒီအတွေ့အကြုံပေးခဲ့သူတွေကို စဉ်းစားတတ်လာတော့ ပြန်ပြီးကျေးဇူးတင်နေမိတယ်။ အပ့်အပိုးတွေပဲ။ ပါရမီဖြစ်ခြင်းတွေပဲလို့။ မရှိတော့တဲ့ဆရာတွေရော၊ ရှိသေးတဲ့ဆရာတွေရော ကျေးဇူးတင်ပါတယ်။ တကယ်တင်တဲ့ကျေးဇူးပါ။

* * *

ဘမောင်မိဘတွေက လူလတ်တန်းစားတွေ၊ ဘမောင်ကို မြို့လယ်ကောင် 'စံပြ' သားဖွားခန်းမှာမွေးပြီး၊ နေတော့ (၂၄) လမ်းမှာ။ နောက်မကြာခင်မှာ တောင်ဥက္ကလာမြို့သစ်ကို ရွှေ့ဖြစ်ကြတယ်။ အဲဒီမှာလည်း ပညာနည်းခြင်းရဲ့ ရလဒ်နဲ့ သင်ခန်းစာတွေ အများကြီးပဲ။ ရုပ်ရှင်ရုံဆောက်ဖို့ အဘွားက စိတ်သန်တယ်။ အကြံပေးသူက ရုပ်ရှင်ရုံဆောက်ချင်ရင် အဲဒီမှာ သန်းခေါင်စာရင်းရှိမှဆိုလို့ ပြောင်းလိုက်ကြတာ။ နောက်ပိုင်း ရုပ်ရှင်ရုံလည်းမဆောက်ဖြစ်၊ နေဖြစ်သွားတာပဲ အဖတ်တင်သွားတယ်။ ဘမောင်တို့က St. John မှာ သူငယ်တန်းတက်နေ

mgyoe.com

တော့ ဘာမှမသိသေးတဲ့အရွယ်။

ပြည်သူပိုင်သိမ်းပါတယ်ဆိုမှ ဘယ်လိုလုပ် ပုဂ္ဂလိကလုပ်ငန်း ကြီးကြီးမားမား လုပ်ခွင့်ပေးပါတော့မလဲ။ မိဘတွေ လက်ထက်က အယုံလွယ်လိုက်တာများ။ အမေ့အောက် အဒေါ်အငယ်က ရုပ်ရှင်ကန်ထရိုက်ဆွဲတယ်။ အောင်သိဒ္ဓိ၊ လှ၊ ပဒေသာရုပ်ရှင်ရုံနဲ့ ကံဘဲ့က နာ့မည်တူ အောင်သိဒ္ဓိရုံ၊ အဲဒီရုံ (၄) ရုံကို သူ့ကားတွေမလွတ်စေရဘူး၊ တစ်ရုံမဟုတ်တစ်ရုံပဲ။ အမေ့အောက် အဒေါ်အကြီးက 'ပြည်တော် xxx ရုပ်ရှင်ဖြန့်ချိရေး' ဆိုပြီး ဘိုကလေးဈေးလမ်းမှာ လုပ်ငန်းစဖွင့်တယ်။ နောက်တိုးတက်လာပြီး ဗိုလ်အောင်ကျော် လမ်းကိုရောက်လာတယ်။ အဘွားက ရှယ်ယာအများဆုံး။ နောက်သားသမီးတွေက နည်းနည်းစီ။

အဲဒီတုန်းက သရဲ၊ တစ္ဆေကားတွေ သိပ်ခေတ်စားတယ်။ ဒေါ်မြလေး၊ တာတေကြီးအတွဲဆို လူသိပ်ဝင်တာပဲ။ 'ဆရာမနိုင် နှစ်ဆောင်ပြိုင်' ဆို တော်တော်ပေါက်တယ်။ ရာဇဝင်ကား၊ နိပါတ်တော်ကားတွေလည်း ထွက်တယ်။ အဲဒီတုန်းက ရုပ်ရှင်ရုံဝင်ကြေးက ငါးမူး၊ သုံးမတ်၊ တစ်ကျပ်၊ တစ်ကျပ်ခွဲခေတ်။ ရုံပြည့်ပြီဆိုရင် ကန်ထရိုက်တာတွေက ခေါက်ကုလားထိုင်ဘေးမှာ ထိုးပေးတယ်။ ရတဲ့ငွေကို ဂိတ်မန်းနီး (Gate Money) လို့ခေါ်တယ်။ ပေါက်တဲ့ကားဆိုရင် ရုံဝင်ကြေးရော၊ ဂိတ်မန်းနီးရော တော်တော်ရတယ်။ အိမ်ပြန်လာရင် အကြွေထုပ်ဖြည်ပြီး ရေရတာ အရသာအတော်ရှိတယ်။ မိဘတွေရတော့ ဘမောင်တို့လည်း ပျော်တာပေါ့။

အဲဒီတုန်းက အဒေါ်ဩဇာက သိပ်ညောင်းတော့ ဘမောင်တို့ ကိုယ်တိုင်မပြတဲ့ကားလည်း ရုပ်ရှင် အလကားကြည့်ရတယ်။ ကြည့်ချင်တဲ့ ကားကို အဒေါ်ငယ်ကိုပြောလိုက်ရင် သူကဖုန်းဆက်ချင်ဆက်၊ မဆက်ချင် စာလေး ရေးပေးလိုက်ရင်ပြီးတယ်။ အဲဒီခေတ်တုန်းက Sunday Show ဆိုပြီး သက်သက်ရှိတယ်။ တနင်္ဂနွေသီးသန့်တစ်ပွဲတည်းပြတဲ့ကား။ နိုင်ငံခြားကားပဲတင်တယ်။ (၉း၀၀) နာရီက (၁၂း၀၀) နာရီ။ အဲဒီကားမျိုးကို ဘမောင်က ကြိုက်တတ်တယ်။

ဘမောင်ရဲ့အမေက အဘွားရဲ့သားသမီးတွေထဲမှာ အကြီးဆုံးဆိုပေမဲ့ အေးလွန်းတော့ သိပ်အရာမဝင်ဘူး။ အမေ့ ညီမအကြီးဖြစ်တဲ့ အဒေါ်အကြီးက ဩဇာအကြီးဆုံး။ နောက် အဒေါ်အငယ်၊ အဒေါ်နှစ်ယောက်ကြားမှာ ဦးလေးအကြီးရှိတယ်။ သူက အတော်ချမ်းသာတယ်။ ဒါပေမဲ့ သူလည်းခပ်အေးအေးဆိုတော့ ဩဇာမရှိဘူး။ အောက်ဆုံးက St. John မှာ အတူနေတယ်ဆိုတဲ့ ဦးလေးအငယ်။ ရုပ်ရှင်လုပ်ငန်းစလုပ်တော့ အဒေါ်အကြီးက ဦးဆောင်တာ၊ ဦးလေးအငယ်က အရွယ်မရောက်သေးဘူး။ သူအရွယ်ရောက်တော့ သူ့ကိုဦးစားပေးလာကြတယ်။

mgyde.com

mgyoe.com


အဲဒီတုန်းက ကျောင်းမှာ Master ရတာ အမေတို့မောင်နှမတွေကြားမှာ သူက ဦးဆုံးမို့လား။

အဘွားအကြောင်းလည်း စိတ်ဝင်စားစရာကောင်းတယ်။ အဘိုးက အတော်ကိုချမ်းသာတယ်တဲ့။ ရွှေဆိုသေတ္တာလိုက် ထားခဲ့တယ်လို့ ပြောကြတယ်။ ပဲခူးက ရွှေမောဓော ဘုရားကြီး ငလျင်လှုပ်လို့ပြင်ဆင်ရတော့ သူ့အုတ်စက်က အုတ်တွေနဲ့ ပြင်တယ်လို့ ပြောတယ်။ မြစ်ဝကျွန်းပေါ်တစ်လျှောက် သူ့အပေါင်ဆိုင် မရှိတဲ့မြို့ မရှိဘူးတဲ့။ အဘိုးရဲ့ ပထမဇနီးက ကလေးလုံးဝမမွေးဘူး။ နောက် ဆုံးသွားတယ်။ အဘွားနဲ့ကျတော့ မွေးလိုက်တာ တစ်ဒါဇင်လောက် ရှိတယ်တဲ့။ အမေ့အထက်က အစ်ကိုကြီးတွေအားလုံး လွတ်လပ်ရေးတိုက်ပွဲမှာ ဂျပန်တွေ သတ်တာ ခံလိုက်ရတယ်။ အမေ့ညီမ တစ်ယောက်ကတော့ မွေးပြီးသိပ်မကြာခင် ဆုံးသွားတယ်။ ဘမောင်တို့ မွေးတဲ့အချိန်မှာ အမေ့မောင်နှမငါးယောက်ပဲ ကျန်တော့တယ်။

အဘိုးက ကလေးသိပ်ချစ်တတ်တယ်လို့ အဖွားပြောသံကြားဖူးတယ်။ မွေးစားထားတဲ့ကလေးက အရေအတွက် (၇၀) လောက်ရှိတယ်တဲ့။ အလှူအတန်း လည်း အလွန်ရက်ရောတယ်။ စီးပွားလည်း အလွန်ဖြစ်တယ်တဲ့။ အဘိုးနာမည်က ဦးဆားဝါး၊ အဘွားနာမည်က ဒေါ်ကြွေ။

လောကစံဆိုတာ အနိမ့်အမြင့်ရှိတယ်။ ဒုတိယကမ္ဘာစစ်လည်းဖြစ်ရော လွတ်ရာပြေးကြရင်း ပစ္စည်းတော်တော်များများ ဆုံးရှုံးသွားတယ်။ အလုအယက် ခံလိုက်ကြရတယ်။ ဒါတောင်မှ လွတ်လပ်ရေးရပြီး အေးချမ်းတော့ ရွှေသေတ္တာ တစ်လုံးလောက် ကျန်သွားသေးတယ်။ အဘိုးလည်း ဆုံးသွားတယ်။ အဘွားနဲ့ သားသမီးများပေါ့။ ရန်ကုန် (၂၄) လမ်းမှာရှိတဲ့ အိမ်ကိုဝယ်ပြီး သားသမီးတွေကို အဘွားက ရင်အုပ်မကွာ ကျွေးမွေးလာတယ်။ သူ့ရှိတဲ့ရွှေ လူမသိဘူး။ အဘွားက ခပ်အေးအေး၊ တကယ့်တရားသမား။ သိပ်နူးညံ့တယ်၊ စိတ်ဆိုးတာ တွေ့ရခဲတယ်။ အဘွားက ဘာမှမလုပ်တတ်ဘူး။ အဘိုးထားခဲ့တဲ့ရွှေထဲကပဲ လိုရင်နည်းနည်းစီ ထုခွဲပြီး သားသမီးတွေကို ကျွေးလာတာ၊ အမေ့မောင်အကြီးက (၁၉) နှစ်အရွယ်မှာ အိမ်ထောင်စကျတယ်။ ဘာမှအလုပ်မလုပ်တဲ့ အဘွားက ဦးလေးကို ရွှေတွေ တစ်ထမ်းကြီး အမွေပေးလိုက်နိုင်တယ်။ အားလုံးအံ့ဩသွားတယ်။ နောက် အမေ့ ညီမအကြီး အိမ်ထောင်ကျပြန်တယ်။ သူလည်းပဲ သည်အတိုင်းပဲ ရွှေရတာ မနည်းဘူး။ အဲဒီတုန်းက ဘမောင်မှတ်မိသေးတယ်။ ဆွဲကြိုးဆိုရင် အခုလိုပါးပါး မဟုတ်ဘူး ထုနဲ့ထည်နဲ့။ အနည်းဆုံး ရှစ်ကျပ်သား၊ တစ်ဆယ်သား။ လက်

mgyoe.com

mgyoe.com

ကောက်ဆိုရင် ခေါင်းပွမဟုတ်ဘူး။ ခြေကျင်းတစ်စုံဆိုရင် နှစ်ဆယ်သားကျော်တယ်။ အတုံးလိုက်အတစ်လိုက်။

အမေအိမ်ထောင်ကျတယ်။ အမေလည်း ထုံးစံအတိုင်းပဲ မနည်းဘူးရတယ်။ အဲဒီခေတ် ရွှေအတုံးလိုက် အတစ်လိုက်ကို ဘာကြောင့်မှတ်မိသလဲဆိုရင် အမေ ရွှေထုတ်ရောင်းတုန်းက ကိုင်ကြည့်ဖူးလို့။

မှတ်မိသေးတယ်။ ဘမောင် အဲဒီတုန်းက ငါးတန်းနှစ်။ အဖေက သူ့သစ်ကွင်းတွေ သစ်ထုတ်ပြီးရင် ရန်ကုန်အပြီးပြောင်းပြီး စီးပွားရေးလုပ်မယ်လို့ ကြံစည်ထားတာ။ ကံဆိုးချင်တော့ သစ်ကွင်းထွက်ဖို့ သစ်ကားတွေ Camp မှာထားတုန်း မီးအရှို့ခံလိုက်ရတယ်၊ ကုန်ရောပဲ။ ရှို့တဲ့သူက တခြားမဟုတ်ဘူး၊ သူ့တပည့်။ အဖေကလည်း အမေ့ဘက်က အဘိုးလိုပဲ တောင်ငူမှာ မိဘမဲ့ကလေးတွေကို မွေးစားထားတာ (၁၀) ယောက်ကျော်တယ်။ အရွယ်ရောက်ရင် လုပ်ငန်းတည်ထောင်ပေးတယ်။ တပည့်တွေအပေါ်ကောင်းသလောက် အကျိုးကျေးဇူးမခံစားရတဲ့ အဖေ၊ ဘမောင်အလှည့်ကျတော့ အဲဒါတွေ သင်ခန်းစာယူတတ်သွားတယ်။

သေသေချာချာ မှတ်မိတယ်။ အဲဒီမီးရှို့တဲ့သူနာမည်က 'တင်ငွေ'၊ ညာခြေမှာ ခြေချောင်းလေး (၃) ချောင်းပဲပါတယ်။ အဲဒီသူ (၁၂) နှစ်သားလောက်မှာ ယောင်ပေပေလုပ်နေလို့ အဖေကခေါ်ခိုင်းရင်း မွေးစားဖြစ်သွားတာ။ အလုပ်ကြိုးစားတယ်၊ စည်းကမ်းရှိတယ်၊ အသောက်အစားမရှိဘူး။ အရွယ်ရောက်တော့ တော်လို့ဆိုပြီး GMC ခေါင်းတိုတစ်စီးပေးလိုက်တာ အမေနဲ့အဖေ ရန်ဖြစ်ယူရတယ်။ အဲဒီတုန်းက သုံးသောင်းခွဲလောက် တန်တဲ့ကား။

ဘမောင်တို့လူမျိုးတွေ ကန်စွန်းရွက်ကိုက်ရတဲ့အချိန်မှာ ဘာမှပြဿနာမရှိဘူး။ ကြက်သားကိုက်ချိန်ကျရင် ပြဿနာရှိလာတယ်။ အဲဒီ 'တင်ငွေ' ဆိုသူက ကားပိုင်လည်းဖြစ်ရော အရင် 'တင်ငွေ' နဲ့ တခြားစီဖြစ်သွားတယ်။ အလုပ်ကောင်းကောင်းမလုပ်တော့ဘူး။ ကားကောင်းကောင်း မပြင်တော့ဘူး။ တစ်ရက်အဖေ့ကားအုပ်ဆီမှာ သူ့ကားထည့်ဖို့ လာပြောတယ်။ သစ်ဆွဲတဲ့ကားကြီးတွေဆိုတာ တော်တော်ပြင်ထားရတာ။ တောထဲမှာ အပျက်မခံနိုင်ဘူး။ အဖေက...

"မင်းကားကို သူများကားတွေအတိုင်း စံချိန်မီအောင်ပြင်၊ ပြီးမှလာခဲ့။ အခုပုံစံနဲ့လက်ခံလို့မရဘူး"

အဲဒီလို လောလောဆယ်ငြင်းပယ်မှုကို 'တင်ငွေ' က စိတ်ဆိုးသွားတယ်။ အဖေက စည်းကမ်းကြီးတယ်။ အလုပ်လုပ်ရင် ဘာမှမသိတော့ဘူး။ စီးပွားလေး

mgyoe.com

mgyoe.com

ဖြစ်လာတော့ သူများမနာလိုတာခံရတယ်။ အဲဒီသူတွေက 'တင်ငွေ' ကို မြှောက်ပေးတော့ အရက်ဝင်ထားတဲ့ 'တင်ငွေ' က ညဘက်မီးတင်ရှို့ဖြစ်တာ။ အိပ်မောကျနေတဲ့ အချိန်ဖြစ်တော့ Camp တစ်ခုလုံး ကားတွေမီးလောင်တာ ခံလိုက်ရတယ်။ နောက်ဆုံးနှစ်ပဲလို့ စိတ်ကူးထားတဲ့အဖေက အမြတ်နဲ့ခွဲခွာရတဲ့ နောက်ဆုံးနှစ်မဖြစ်ရှာဘဲ အရှုံးနဲ့ ထွက်ခွာခဲ့ရတဲ့ နောက်ဆုံး နှစ်ဖြစ်သွားတယ်။

ဘမောင် အဲဒီတုန်းကမြင်ကွင်းကို အခုထက်ထိ မှတ်မိသေးတယ်။ တစ်ရက် ညစာကို အဖေရယ်၊ အမေရယ်၊ ဘမောင်ရယ်စားနေတုန်း ကြေးနန်းဝင်လာတယ်။ နောက်နေ့ အဖေလိုက်သွားတယ်။ တစ်ပတ်လောက်ကြတော့ ရန်ကုန်ပြန်လာတယ်။ စခန်းတစ်ခုလုံး ကားတွေအရိုးပြိုင်းပြိုင်းကျနေတာပဲ။ မီးလောင်ထားလို့။ အဲဒီတုန်းက အလျော်အစားရှိတယ်။ သစ်ထုတ်လုပ်မှု အချိန်မမီလို့ အဖေ ထပ်ရှုံးသေးတယ်။ ရည်မှန်းချက်ကြီးတဲ့ အဖေ့စိတ်ဓာတ် အောက်ဆုံးရောက်သွားရှာတယ်။

အမေက သတ္တိအတော်ရှိတဲ့ အမျိုးသမီး၊ ယောကျ်ားစီးပွားပျက်တော့ လျော်ဖို့အတွက် သူ့ရွှေတွေ ထုတ်ရောင်းပေးရှာတယ်။ မှတ်မှတ်ရရ၊ ဘမောင်က ခုတင်ပေါ်မှာထိုင်ပြီး ကြည့်နေတာ။ သိပ်ငယ်တော့ ရင်ထဲကမကောင်းတာကိုလည်း ဖွင့်မပြောတတ်ဘူး။ အမေလုပ်နေတာကို ခုတင်တိုင်မှီရင်းပဲ ငေးကြည့်နေမိတယ်။ အမေက သူ့ခြေကျင်း၊ လက်ကောက်၊ ဆွဲကြိုး၊ ဘယက် တော်တော်များများ ထုတ်ရောင်းဖို့ ချိန်ခွင်တစ်လက်နဲ့ချိန်ပြီး အလေးချိန်ကိုစာရွက်နဲ့မှတ်နေတယ်။ ရွှေတစ်ကျပ်သား (၂၀၀) ကျပ်ခေတ်၊ ဆီတစ်ပိဿာ သုံးကျပ်ခွဲ၊ အမေ ချိန်ခွင်တစ်လက်နဲ့ ရွှေချိန်နေတာကို ဘမောင်ကိုင်ကြည့်ရင်း အဲဒီခေတ်က လက်ဝတ်ရတနာတွေကို ထုနဲ့ထည်နဲ့လုပ်တယ်ဆိုတာ သိရတာ။

အဖေ အဲဒီအချိန်မှာ ဒီပရက်ရှင် တော်တော်ရသွားရှာတယ်။ ဘမောင်ကို ဖခင်မေတ္တာ အနီးကပ်ပေးမယ်။ ပါရမီက အိမ်လေးကိုပြောင်းမယ်ဆိုပြီး မက်ထားတဲ့ အိပ်မက်တွေ ကြေမွသွားလို့။ အဖေ့ကိုကြည့်ပြီး အမေက သနားနေတယ်။ အဲဒီမှာ မေတ္တာရဲ့အင်အားကို ဘမောင် အမှတ်မထင် သွားတွေ့လိုက်တယ်။ မှီခိုလုပ်နေတဲ့အမေက ခင်ပွန်းသည်စိတ်ဓာတ်ကျနေတာကို ပြုစုရင်း၊ ရပ်ကွက်ထဲ အပေါင်ခံပြီး သူ့စီးပွားကို ထူထောင်ခဲ့တယ်။ အဘိုးအချစ်ဆုံးသမီးဖြစ်လို့ ဘာမှ မလုပ်ဖူးတဲ့ အမေက အိုးမကွာ အိမ်မကွာ၊ သားသမီးနဲ့လင်သားကိုလည်း ကြည့်နိုင်မယ့် အကောင်းဆုံးအလုပ်ကို ရွေးလိုက်တာ။

ဘမောင် MBA သင်တုန်းက 'အတိုးနှုန်း' တွေအကြောင်း သင်ရသေး

mgyoe.com

တယ်။ ကမ္ဘာ့အတိုးနှုန်းတွေက အမေ့အတိုးနှုန်းတွေလောက် မစုံသေးဘူး။ စာသင်ရင်း ပြုံးမိသေးတယ်။ နေ့ပြန်တိုး၊ လဝက်တိုး၊ တစ်ပတ်တိုး၊ တစ်လတိုး၊ အပေါင်ပါအတိုး၊ ရွှေတိုး၊ ကျောက်တိုး၊ ငွေတိုး အများကြီးပဲ။ ဘမောင် တချို့သိပ်မမှတ်မိတော့ဘူး။ အမေ့စီးပွားက ဆုံးတာနည်းပြီး ရတာများတယ်။ စီးပွားဖြစ် အတော်မြန်တယ်။ အပေါင်ဆုံးတွေပြန်ရောင်းတော့ တချို့ အတိုးတွက် ထက်တောင် ပိုရတာရှိသေးတယ်။ မုဆိုးစိုင်သင်ဆိုသလို အပေါင်ခံရင် ကျောက်တွေကို ကြည့်တတ်လာတယ်။ စိန်တွေ ကြည့်တတ်လာတယ်။ တစ်ဆင့်တက်ပြီး ဝယ်ရောင်းကို အမေက တစ်စစ နယ်ချဲ့လာတယ်။ လူမသိ၊ သူမသိ အမေ စီးပွားဖြစ်တာ တော်တော်မြန်တယ်။ သူစီးပွားဘယ်လောက်ဖြစ်သွားတယ်ဆိုတာ ဘယ်သူ့ကိုမှ ဖွင့်မပြောဘူး။ ဘမောင်ကိုတောင် စက်မှုတက္ကသိုလ်နောက်ဆုံးနှစ် ကျမှ ဦးဆုံးဖွင့်ပြောတာ။

* * *

တစ်ရက် အမေ့ညီမ၊ ရုပ်ရှင်ဖြန့်ချိရေးဦးစီးတဲ့သူ အိမ်လာလည်တယ်။ ကိတ်မုန့်တစ်ဘူးပါလာတယ်။ အမေ့ကိုပေးတော့ အမေက ဘာမပြော၊ ညာမပြော လွှင့်ပစ်လိုက်တယ်။

"နင်တို့ကျွေးမှစားရရင် ငါ့သားသမီးတွေ လျှာမြက်ပေါက်နေပြီ၊ အခုမှ လာမျက်နှာမလုပ်နဲ့"

"ငါစီးပွားပျက်တုန်းက ဘယ်သူတွေ ဘယ်လောက် အကူအညီပေးခဲ့သလဲ၊ အားလုံးမသိချင်ဟန်ဆောင်ကြတယ် မဟုတ်လား"

အမေ့အသံတွေတုန်နေတယ်။ သုံးလေးနှစ်စာလောက် စုထားရတဲ့ နာကြည်းယူကြုံးမရမှုတွေ ပေါက်ကွဲနေတယ်။ အမေမို့ အမေ့ဘက် လိုက်ပြော တာမဟုတ်ဘူး။ အမေစီးပွားပျက်တုန်းက အမျိုးအရင်းခေါက်ခေါက်တွေ ရှောင်ဖယ်ဖယ် လုပ်ခဲ့ကြတယ်။ အဲဒီတုန်းက ကားစီးနိုင်တဲ့သူဆိုတာ အတော်ရှား တယ်။ အဲဒီခေတ် ရုပ်ရှင်ကုမ္ပဏီမှာက ကုမ္ပဏီပိုင်ကား (၃) စီး၊ ဘမောင်တို့ မိသားစု ဘတ်(စ်)ကားတိုးစီးရတဲ့အချိန်မှာ အမေ့မောင်နှမတွေအားလုံး ကား ကိုယ်စီ၊ စီးပွားကိုယ်စီ ခပ်တောင့်တောင့်နဲ့။ ရုပ်ရှင်ကုမ္ပဏီမှာ 'ပေါက်' ကားတွေ တန်းစီထွက်လို့။ အမြတ်တွေ သောက်သောက်လဲရနေချိန်မှာ အမေက ဟင်း တစ်ခွက်၊ အစွက်တစ်ခွက်နဲ့ ခြိုးခြံနေရှာတယ်။

အမေ့သား ဘမောင်မို့လား မသိဘူး၊ ဘမောင်လည်း စိတ်ကြီးတယ်။

mgyee.com

mgyoe.com


သူများအားမကိုးဘူး၊ စကားတစ်လုံးပြောနိုင်ဖို့ နှစ်နဲ့ချီပြီး ကြိုးစားခဲ့ရတာတွေလည်း ရှိတယ်။ လူကြီးတွေကြည့်ပြီး ကိုယ်တိုင်မခံစားရပေမဲ့ ဘဝလည်း နာခဲ့တယ်။ သင်ခန်းစာလည်း ကောင်းကောင်းယူတတ်တယ်။ လူ့သဘောတွေလည်း သိနိုင်သလောက်သိအောင် ကြည့်တတ်လာတယ်။ ဘမောင်က သားအကြီးဆုံးဆိုတော့ ဘာပဲဖြစ်ဖြစ် အမေက ပြောပြလေ့ရှိတယ်။ အမေ့ရဲ့လောကအမြင်၊ လူတွေရဲ့သဘော၊ အမေ့ဒဿနတွေကို ဘမောင် နားရည်တော်တော်ဝနေပြီ။ သားအကြီးဆုံးကို သူမသင်ခဲ့ရတဲ့ပညာတွေ တတ်စေချင်တယ်။ သူခံစားရသလို မခံစားစေချင်ဘူး။ ရခဲ့သမျှအတွေ့အကြုံတွေကို မျှဝေပေးရှာတယ်။ ခုနစ်တန်း၊ ရှစ်တန်းကျောင်းသား ဘမောင်အရွယ်မမျှခင် နားရည်အတော်ဝခဲ့ပါတယ်။ သည့်အတွက် အမေ့ကို သာမန်အမေတစ်ဦးထက် ပိုလေးစားခဲ့ပါတယ်။ အမေ့ကျေးဇူးဆပ်မကုန်ပါ။ အနန္တဆိုတာ အမေ့ကျေးဇူးနဲ့ယှဉ်ရင် အတော်နီးပါသေးတယ်။ မြင်းမိုရ်ဟာလည်း အမေ့ကျေးဇူးနဲ့ယှဉ်ရင် မြူမှုန်လောက်ပဲ ရှိမယ်ထင်တယ်။

လူလားမြောက်၊ အရွယ်ရောက်လို့ အလုပ်ဝင်တဲ့အခါမှာ လေ့လာမှု သိပ်မလုပ်ရဘဲ အတတ်မြန်၊ အသိထက်သွားတာ အမေယယ်က သွေးပေးလိုက်တဲ့ လက်ရာကြောင့်ပါ။ အမေ့သတ္တိကို ဘမောင် အလေးပြုစရာ ကျန်ပါသေးတယ်။ ဘမောင် စက်မှုတက္ကသိုလ်တက်ပြီး ဒုတိယနှစ်မှာ အဖေဆုံးသွားတယ်။ ဘမောင် အသက်က (၁၈) နှစ်၊ အမေ့အသက်က လေးဆယ်မပြည့်သေးဘူး။ အရွယ်ရှိ၊ အသားဖြူပြီး ရုပ်ရှိတဲ့အမေ့ကို ကမ်းလှမ်းတဲ့သူထဲက ဘမောင်သိသလောက် နှစ်ဦးရှိတယ်။ တစ်ဦးက ငွေကြေးတောင့်တင်းပြီး အမေ့ကို အပျိုကတည်းက သဘောကျနေတဲ့သူ။

အမေနည်းနည်းမှ စိတ်မယိုင်ခဲ့ဘူး။ အနေအထိုင်လည်း ဆင်ခြင်တယ်။ အဘွားက သူ့သားသမီးတွေကို ရင်အုပ်မကွာ ကျွေးမွေးခဲ့သလို အမေကလည်း သားသမီးတွေအပေါ် ထောက်ထားခဲ့တယ်။ သူဘာလုပ်လုပ် သားသမီးနဲ့ယှဉ်ပြီး စဉ်းစားတယ်။ ဘဝကြမ်းကို သားသမီးအတွက် လျှောက်ခဲ့တဲ့အမေ၊ သူရသတ္တိနဲ့ ပြည့်စုံတဲ့အမေ။

အမေ့မှာက တာဝန်နှစ်ခု၊ တစ်ခုက သားသမီးတွေအတွက် ရှန်းကန် လှုပ်ရှားရတာ။ တစ်ခုက အမေ့ရဲ့အမေ၊ အဘွားအတွက်။ အဘွားက အမေနဲ့ပဲနေတယ်။ တခြားသားသမီးနဲ့ ကြာကြာနေလို့ မရဘူး။ ပစ်ပစ်ပယ်ပယ်များလို့မဟုတ်ဘူး၊ အဘွားက အလွန်အေးတာ။ ဒါပေမဲ့ သားသမီးဆိုတာ အားလုံးမိဘကျေးဇူးဆပ်နိုင်ကြသူ

mgyoe.com

mgyoe.com
တွေမဟုတ်ဘူး။ ဆပ်လိုကြသူတွေလည်းမဟုတ်ဘူး။ အဲဒီအကျိုးဆက်တွေ အသက်ရလာကြတော့ အားလုံးသိလာကြတယ်။ အကျိုးပေးခြင်း မတူကြတော့ ဘူးလေ။ အခု အမေအသက် (၈၀) ရှိပြီ။ ဆိုးဆိုးဝါးဝါး သားသမီးမရှိဘူး။ အဘွားအပေါ်သိတတ်ခဲ့တဲ့သူ့ကံက အကျိုးဆက်အဖြစ် အမေပြန်ရနေတယ်။ စိတ်ချမ်းသာတယ်၊ လူလည်းချမ်းသာတယ်။ စိတ်ပါသလောက်လည်း လှူနိုင်တယ်။ အမေက သူ့အမေအပေါ်သိတတ်ခဲ့တော့ သူလည်း သိတတ်တဲ့ သားသမီးတွေ ပြန်ရနေတယ်။

သူများတွေကိုကြောက်စရာကောင်းတာထက် သားသမီးတွေကို ကြောက်စရာကောင်းတာက ပိုတယ်။ သားသမီးဆိုတာ လိမ္မာရင် 'ရတနာ' တဲ့၊ မလိမ္မာရင် 'ရ–တာနာ'။ အတော်ဟုတ်တဲ့ ရှေးလူကြီးများရဲ့ မှတ်ချက်ပဲ။ ဘမောင် ကောင်းကောင်းမှတ်မိသေးတယ်။ အဘွား အသက်တော်တော်ရလာတော့ ရှစ်ဆယ်ကျော်လောက်မှာ ထင်တယ်။ ဆရာဝန်က ဆေးတစ်လုံး တစ်ထောင်ကျော်ပေးရတဲ့။ ဆေးမျိုး (ဆေးအမည်မမှတ်မိ) မှန်မှန်ထိုးရမယ်လို့ ပြောသွားတယ်။

အဘွားရွှေတွေ ကုန်အောင်ယူကြတဲ့သူတွေ ဘယ်သူမှ လှည့်မကြည့်ဘူး။ မသိချင်ဟန်ဆောင်နေကြတယ်။ အဲဒီတော့ ဘမောင်ဗိုလ်ကြီးဘဝနဲ့ စစ်ရုံးမှာ၊ လစာ (၇၀၀) ကျပ်ရတယ်။ ဒါပေမဲ့ အပြင်မှာ ကန်ထရိုက်လုပ်တော့ ဝင်ငွေက အတော်အသင့်ရနေပြီ။ တစ်ရက် ရုံးကအပြန် အဲဒီအကြောင်း အမေကပြောပြတယ်။ သူစီးပွားပျက်တုန်းကအတိုင်း ရှောင်နေကြတဲ့အကြောင်းပြောရင်း စိတ်မကောင်းတာကို ရင်ဖွင့်တာ။ ဘမောင်လည်း တော်တော်ခံပြင်းသွားတယ်။ မိဘအရင်းကိုတောင် လျစ်လျူရှုနိုင်ကြသူတွေကို အံ့လည်းအံ့သြသွားတယ်။

"ကျွန်တော် တာဝန်ယူတယ်အမေ"

အဘွားကျန်းမာရေးကို အမေနဲ့ဘမောင်ပဲ တာဝန်ယူလိုက်ကြရတယ်။ အဲဒီအချိန်မှာ အဘွားမှာ ဘာမှမရှိရှာတော့ဘူး။ လူတွေဟာ 'ငွေ' ကိုထိရင် တော်တော်ကြောက်ကြတာပဲ။ ရွှေတစ်ကျပ်သား နှစ်ထောင်ခေတ်ဆိုတော့လည်း ကြောက်ရင်လည်း ကြောက်မှာပေါ့လေ။ ဒါပေမဲ့ ခံပြင်းတာတစ်ခုက အဲဒီငွေထိရင် ကြောက်ကြသူတွေက 'ငွေ' ကို တခြားသူတွေထက်ပိုပြီး 'မက်' ကြတာပဲ။ ပြောရဦးမယ်၊ ပြောစရာကျန်သေးတယ်။ လူတွေရဲ့အကြောင်းကို။

ဘမောင် ခြောက်တန်းနှစ်မှာ အဘွားက မုန့်ဖိုး (၅၀၀) ကျပ် နှစ်ခါပေးဖူးတယ်။ စုစုပေါင်း (၁၀၀၀) ကျပ်။ အဘွားဆုံးသွားတဲ့အထိ ဘမောင် ဒီထက်ပိုမရခဲ့ဖူးဘူး။ ခွေးချစ်တတ်တဲ့ဘမောင်က ပထမရတဲ့ (၅၀၀) ကျပ်နဲ့ အယ်လ်
mgyoe.com

mgyoe.com

ဈေးရှင်းခွေးတစ်ကောင် ဝယ်မွေးတယ်။ ဒုတိယရတဲ့ (၅၀၀) ကျပ်နဲ့လည်း ခွေးမွေး လိုက်တယ်။ ဘာပြောကြတယ်မှတ်သလဲ၊ အနေနီးတော့ ယူတတ်တယ်တဲ့။ သူခိုးကလူဟစ်တာ။ အဒေါ်အကြီးဆုံးက အဆိုးဆုံး။ ဘမောင် အမေ့ဆီကလွဲပြီး ဘယ်သူ့ဆီမှ မတောင်းဖူးဘူး။ ဒီအရွယ်ရောက်တဲ့အထိလည်း ဘယ်သူ့ဆီမှ မတောင်းဖူးဘူး။ တောင်းရမှာကိုရှက်တာ။ ပြီးတော့ ဥစ္စာပစ္စည်းကို ဘမောင်က ခင်တွယ်တတ်တာ မဟုတ်ဘူး။ ဘမောင် အဲဒီလေသံတွေပြန်ကြားရတော့ ...

"အဘွား ... ကျွန်တော့်ကို ဘာမှမပေးနဲ့တော့၊ ပေးလည်း ယူမှာ မဟုတ်တော့ဘူး၊ အဲသလိုအပြောတော့ မခံနိုင်ဘူး"

အမေ့သားဘမောင်ပဲ၊ မာနတော့ ကြီးတယ်။ အမေ့ဆီကအမွေဆိုလို့ ဒါလေးပဲ ရထားတာ။ ဘမောင်လည်း အမေ့လိုပဲ ကိုယ့်အားကိုယ်ကိုးတာကို ကြိုက်တယ်။ ဘမောင် သင်ခန်းစာရတာတစ်ခု ရှိတယ်။ လူတစ်ယောက်က အကြောင်းအရာတစ်ခုကို သိပ်ပြောနေရင် အဲဒါနဲ့ဆက်စပ်မှုရှိနေပြီဆိုတာပဲ။ ကိုယ့်ကိုယ်ကိုဖုံးကွယ်ချင်ရင် သူများကို အပြစ်ဖို့တတ်တယ်။

အမေတို့မောင်နှမတွေ အိမ်ထောင်ကျတော့ တစ်ဦးစီအမွေပေးပြီး အဘွားမှာ ရွှေတွေတော်တော်များများ ကျန်သေးတယ်။ တစ်အိမ်တည်းနေတဲ့အမေက မတောင်းတတ်ဘူး။ တစ်ပတ်တစ်ခါ လာကြည့်တတ်တဲ့ အဒေါ်မိသားစုကသာ အလိမ္မာနဲ့ယူသွားတတ်တာ။ အဒေါ့်သမီးတစ်ယောက် ဘမောင်ရဲ့ ညီမတစ်ဝမ်းကွဲဆို သိပ်လည်တာပဲ။ အိမ်လာရင် အဘွားကို အခန်းထဲခေါ်သွားတယ်။ ဟိုပစ္စည်း၊ ဒီပစ္စည်းတခုခုကို 'ကျစ်' သွားတယ်။ တစ်ရက် အဘွားမပေးချင်တဲ့ပစ္စည်း (တန်ဖိုးကြီးမယ်နဲ့တူတယ်) ခဏပြပါဆိုပြီး အဘွားကိုပြန်မပေးတော့ဘူး။ အခန်းထဲမှာ အဘွားကလည်း ပြန်တောင်းပေါ့။ အဒေါ်က ဧည့်ခန်းမှာ အမေကို စကားပြောရင်း ထိန်းထားတယ်။ မကြာပါဘူး၊ အဲဒီကောင်မလေးပြေးထွက်လာ၊ အဘွားကလည်း လိုက်ပေါ့။ ဘယ်လောက်လည်သလဲသိလား။ အဲဒီကောင်မလေးက သူ့အမေ ဘေးနားဝင်ထိုင်လိုက်တော့ အဘွားလည်း မတောင်းသာတော့ဘူး။

အပတ်စဉ်လာတိုင်း ပစ္စည်းတစ်ခုပါ–ပါသွားတာ၊ ကြာတော့ အမေနဲ့ ဘမောင်တို့ ရိပ်မိလာတယ်။ ကိုယ်ကလည်း ဝင်မစွက်တတ်တော့ ဘာမှ မပြောဖြစ်ဘူး။ အဒေါ်တို့မိသားစုပြန်ရင် လေသံပစ်သွားတာ ရှိသေးတယ်။

"ဟဲ့ ... မနု၊ ငါ အမေ့ကြည့်ဖို့ လာလည်တာနော်"

အမှန်တရားဆိုတာ တစ်နေ့တော့ပေါ်တာပါပဲ။ တစ်ရက် သူတို့လာပြီး လက်သီးဆုပ်သာသာ အထုပ်တစ်ထုပ်ယူသွားတယ်။ အမေရော၊ ဘမောင်ရော

mgyoe.com

mgyoe.com
မမြင်လိုက်ဘူး။ ဘာကြောင့် လက်သီးဆုပ်သာသာလို့ ပြောနိုင်သလဲဆိုရင် ရဲစခန်းက လာစစ်လို့ သိလိုက်ရတာ၊ ဖြစ်ပုံက ဒီလို ...။

အဘွားဆီက ရွှေထုပ်သယ်သွားပြီးအပြန်မှာ တက္ကသိုလ်ရိပ်သာလမ်း ရောက်တော့ သူတို့ကား ခဏရပ်လိုက်ကြတယ်။ အဲဒီအချိန်က ဦးသန့် အရေးအခင်းဖြစ်နေတုန်းဆိုတော့ ဝိဇ္ဇာသိပ္ပံက ကျောင်းသားတွေ တရားဟောနေတာနဲ့ ကြုံလို့ပဲ။ (၁၉၇၄) လောက်ကနဲ့တူတယ်။ ကျောင်းသားတွေတရားဟောတာ သွားငေးနေတုန်း ကားထဲကရွှေထုပ်ကို အလစ်သုတ်သမားက အလစ်သုတ်သွားတာခံလိုက်ရတယ်။ တိုးတိုးတိတ်တိတ် ရဲစခန်းကိုသွားတိုင်ပေမဲ့ အမှုဖြစ်လာပြီဆိုတော့ ရဲက နောက်ကြောင်း လိုက်တော့တာပေါ့။ အဒေါ်က ဘမောင်တို့အိမ်က ပြန်သွားတာလေ။ အဲဒီမှာ တစ်သက်လုံးလုပ်လာသမျှ ပေါ်တော့တာပဲ၊ မုန့်ဖိုးငါးရာ နှစ်ခါရတဲ့သူကို ရေးကြီးခွင်ကျယ်လုပ်တဲ့အဒေါ်၊ အဘွားဆီက ဘယ်လောက် မ သွားသလဲမသိဘူး။

အဘွားထွက်ချက်ထဲမှာလည်း ရွှေထုပ်က လက်သီးဆုပ်သာသာဆိုလို့ ဘမောင်တို့ သိလိုက်ကြရတာ။ အဲဒီနောက် နှစ်လလောက် အဒေါ်တို့မိသားစု မလာဖြစ်ကြတော့ဘူး။ နှစ်လကျော်လောက်လည်းကြာရော ထုံးစံအတိုင်း ပြန်လာကြတယ်။ နောက်ဆုံး အဘွားက သူ့သမီးလာမှာ ကြောက်နေတော့တာပါပဲ၊ မခံနိုင်တဲ့အဆုံးကျမှ ဘမောင်ကို အဘွားက ...

"ရော့ ... ငါ့မြေး၊ မင်းကအတူနေတဲ့သူ။ ငါ့ပစ္စည်း ဟိုဟာမတွေ လာလာယူကြတာ ကုန်တော့မယ်။ မကုန်ခင်ယူထား"

ဘမောင်မယူဖြစ်ဘူး။ စိတ်လည်းမဝင်စားဘူး၊ အမေပေးတဲ့ မုန့်ဖိုးနဲ့ လောက်နေတာ ပိုတောင်ပိုသေးတယ်။ အမေ့ကိုတော့ အဘွားက ပေးသွားပါတယ်။ ဒါပေမဲ့ သူ့ပစ္စည်းကုန်ခါနီးဆိုတော့ နည်းနည်းပဲပေးနိုင်တော့တယ်။ ကြဲရည်ညှစ်လို့ အရည်မရတော့ရင် ကြံဖတ်ကို ပစ်လိုက်လေ့ရှိကြတယ်။ အဘွားလည်း ကြံဖတ်လိုဖြစ်သွားရှာတယ်။ အဲဒီအချိန်မှာ အဒေါ်အငယ် အိမ်ထောင်ကျတယ်။ ပြီးတော့ ဦးလေးအငယ်အိမ်ထောင်ကျတယ်။ အဘွားကကျန်တာတွေ ပေးလိုက်တယ်။ ကုန်သလောက်နီးပါးရှိတော့ အဒေါ်တို့မိသားစုလည်း တစ်ပတ်တစ်ခါ မပြောနဲ့၊ ခြောက်လတစ်ခါ မလာတော့ဘူး။ အဘွားအသက် (၈၀) လည်း ကျော်ရော၊ ဘာမှလည်း မကျန်တော့ ဆေးတစ်လုံးတစ်ထောင်ကိုတောင် မသိချင်ယောင်ဆောင်သွားနိုင်တဲ့အထိ။

အဲဒီမှာ တူသောအကျိုးပေးတွေက စတာ။ စစ်မြေပြင်မှာ (၃) နှစ် ဗိုလ်ကြီး
mgyoe.com

mgyoe.com

ဘမောင်တို့ နပန်းလုံးရင်း စစ်ရုံးကို တာဝန်ကျလာတယ်။ ဘမောင်က စစ်အင်ဂျင်နီယာတပ်က။ စစ်ရုံးမှာအလုပ်နည်းတော့ အပြင်မှာ ဆောက်လုပ်ရေး ကန်ထရိုက်တွေ လုပ်ဖြစ်တယ်။ အလုပ်တော်တော်ဖြစ်လာတယ်။ ရွှေဈေးက (၂၀၀၀) ကျပ်ပဲရှိသေးတယ်။ အသက် (၈၀) ကျော် ဘာမှမရှိတော့တဲ့ အဘွားရဲ့တာဝန်ကို အမေနဲ့ ဘမောင်ကပဲ သေတဲ့အထိ ယူသွားနိုင်တယ်။ လုပ်ငန်းကပြန်လာရင် အဘွားစားတတ်တာ ဝယ်လာတတ်တယ်။ ကျန်းမာရေးစောင့်ရှောက်မှု မှန်မှန်လုပ်ပေးတယ်။ ဘာတစ်ခုမှ စိတ်မငြိုငြင်အောင်ထားတယ်။ ဘဝတစ်ပါးမပြောင်းခင်အထိ အဘွားစိတ်ချမ်းသာသွားရှာပါတယ်။ အဲဒီအကျိုးတွေက ဈေးကွက်စီးပွားရေးမှာ ဘမောင်အငြိမ်းစားယူပြီးလုပ်တော့ အကျိုးပေးသန်လာပါတယ်။

* * *

ပြည်သူပိုင်ကို (၁၉၆၂–၆၃) မှာသိမ်းတယ်။ မသိမ်းခင်က ပါလီမန်ခေတ်။ ဘမောင်တို့ ခပ်ငယ်ငယ်ပဲရှိသေးတယ်။ နိုင်ငံခြားက လာဖွင့်တဲ့ ကုမ္ပဏီတွေအများကြီးပဲ။ Strand Hotel ဆို နိုင်ငံတကာအဆင့်မီဟိုတယ်။ သမ္မတရုံကြီးကလည်း အရှေ့တောင် အာရှမှာ အကောင်းဆုံးတဲ့။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ကြီးကလည်း အရှေ့တောင်အာရှမှာ အသာယာဆုံး၊ အလှပဆုံးတက္ကသိုလ်တဲ့။ ရန်ကုန်လေဆိပ်ကို သွားကြည့်ရတာကိုက အလုပ်တစ်ခု။

အခု ParkRoyal Hotel ဆောက်ထားထားတဲ့နေရာမှာ မော်တော်ကားပြခန်းတစ်ခု ရှိတယ်။ တစ်ရက် အဖေက ဘမောင်ကိုခေါ်ပြီး ပြခန်းကိုသွားတယ်။ (၁၉၆၀)လောက်ကနဲ့ တူတယ်။ ကားတစ်စီး (၃၀,၀၀)ကျပ်၊ အစမ်းမောင်းကြည့်ရင် ဓာတ်ဆီ (၂) ဂါလံထည့်ပေးလိုက်တယ်။ မကြိုက်ရင်ပြန်ထား။ အခု ဘမောင်တို့ပြောနေတဲ့ ဝန်ဆောင်မှု Service ဆိုတာ အဲဒီအချိန်တုန်းက မြင်သာထင်သာတယ်။ လက်ထဲမှာငွေ (၅၀၀၀) ကျပ်ရှိရင် မာစီဒီးစီးလို့ ရတယ်။ ဘမောင် မုန့်ဖိုးတစ်နေ့ (၁၀) ပြားရတဲ့ အချိန်တွေကပေါ့။ ဘမောင် နှစ်တန်းရောက်တော့ ပြည်သူပိုင်တွေ သိမ်းပြီးနေပြီ။ ဒါပေမဲ့ ကုန်ဈေးနှုန်းတွေ အရမ်းကြီး မတက်သေးဘူး။

တစ်နေ့ ထမင်းဝိုင်းမှာ အဖေက သူ့ရှားလုပ် မော်စကိုဗစ်(ရှ်) ကားကို အမေရိကန်လုပ် ကောင်ဆယ်ကားနဲ့လဲဖို့ အမေနဲ့တိုင်ပင်တယ်။ သူ့ကားတန်ဖိုးက တစ်သောင်းလောက်ရှိတယ်။ ကောင်ဆယ်ကားက တစ်သောင်းရှစ်ထောင်လောက်ဆိုလားပဲ။ အလိုက်ငွေရှစ်ထောင်အတွက် အဖေနဲ့အမေ ခေါင်းချင်းရိုက်နေကြတယ်။ အမေက သဘောမတူချင်ဘူး။ အဖေက ကားတက်လဲချင်တယ်။ ဘမောင်

mgyoe.com

mgyoe.com


ကတော့ မျက်လုံး ကလယ်ကလယ်နဲ့ပေါ့။ ပိုကောင်းတဲ့ကားကို စီးချင်တာတော့ အမှန်ပဲ။ နောက်ဆုံးအမေက အောင်ပွဲရသွားတယ်။ ကားမလဲဖြစ်တော့ဘူး။ ဆီတစ်ပီသာ သုံးကျပ်ခွဲခေတ်မှာ ငွေရှစ်ထောင်ဆိုတာ နည်းမှမနည်းတာ။ ဒရိုင်ဘာတစ်ယောက်လစာ (၁၅၀) ကျပ်လားပဲ၊ အသေအချာတော့ မမှတ်မိတော့ဘူး။ (၃၃) လမ်းမှာ ထမင်းအဝစားတစ်ကျပ် ရှိသေးတယ်။ နေ့စားလုပ်သားက သုံးကျပ်ဆယ့်ငါးပြား။

တောင်ဥက္ကလာမှာ ဟီးနိုးအမှတ် (၁၇) ဂိတ်ဆုံးရှိတယ်။ စပယ်ယာတွေက အမျိုးသမီးတွေ၊ သားရေခါးပတ်ရှေ့မှာ လက်မှတ်အိတ်လေးတွေနဲ့ တောင်ဥက္ကလာ –ရန်ကုန်ကို ပြား (၃၀)၊ အသွား/ အပြန် ပြား(၆၀)။ ဒန်ပေါက် (၁) ပွဲနှစ်ကျပ်၊ ကြက်ပေါင်က အကြီးကြီးပဲ။ အိတ်ထဲမှာ ငါးကျပ်တစ်ဆယ်ပါရင် ရုပ်ရှင်တောင် ကြည့်လို့ရသေးတယ်။ ထမင်းစားလို့လည်း ရတယ်။

အဖေစီးပွားဖြစ်တုန်းက ငါးကျပ်တန်၊ တစ်ဆယ်တန်ဆို ရှိသလောက် ဘမောင်ကို မုန့်ဖိုးပေးတတ်တယ်။ သား အကြီးဆုံးလည်းဖြစ်တာကိုး။ အဲဒါ လေးတွေစုထားရင်း တော်တော်ရလာတယ်။ အဖေ့ကားတွေ မီးလောင်တော့ အမေ့ ရွှေတွေ ရောင်းရတယ်။ ဘမောင်လည်းမနေသာဘူး။ မစားရက်မသောက်ရက် အဖေပေးတဲ့ငွေတွေ စုဘူးဖောက်လိုက်တာ တစ်သောင်းလေး ထောင်လောက်ရ တယ်။ အဖေကိုယ်တိုင် အံ့သြသွားတယ်။ ဘမောင်လည်းမထင်ဘူး။ စုဘူးဖောက် ပြီး ရေကြည့်တော့မှသိတာ။ ကားတစ်စီးစာပဲ။ အဖေကိုပေးတော့ အဖေ့ စိတ်မကောင်းမှုက လက်တုန်တဲ့အထိ ဖြစ်နေရှာတယ်။ ဘာတတ်နိုင်မလဲလေ၊ ဘဝရဲ့အတက်အကျဆိုတာ သည်လိုပဲရှိတတ်တာ။ St. John ကျောင်းမှာနေစဉ် အတွင်း သိသိသာသာ အမြတ်ထွက်တာတစ်ခုရှိတယ်။ စည်းကမ်းပဲ။ အနေအထိုင်၊ အသုံးအစွဲ၊ အသွားအလာအားလုံး စည်းကမ်းနဲ့ ဘမောင်နေတတ်လာတယ်။ အသက် (၅၀) ကျော်အထိ။

အမေစီးပွားဖြစ်တော့လည်း ဘမောင်ကို အဖေ့လိုပဲ မုန့်ဖိုးကောင်းကောင်း ပေးတယ်။ တစ်နေ့စီမုန့်ဖိုးကိုမယူဘူး။ မစုမိမှာစိုးလို့။ တစ်လစာယူတော့ ငွေ ကလေးပုံမှာစိုးတာနဲ့ မသုံးဖြစ်တော့ဘူး။ အဲဒီတော့ စုမိရော၊ မှတ်မှတ်ရရ ငါးတန်း နှစ်ကနေ (၁၀) တန်းအထိ စုလိုက်တာ ငွေနှစ်သောင်းကျော်ရတယ်။ ဒီတစ်ခါစုတာ ရန်ကင်းစာတိုက်မှာ။ အတိုးလေးလည်းရတယ်ဆိုတော့ ပိုစုဖြစ်သွားတာပေါ့။ ဘမောင်တို့ကံဆိုးချက်က မပြောချင်ဘူး။ စုထားသမျှ သုံးဖို့ဇာတာမပါဘူး။ ကုန်ပုံကုန်နည်းပြောပြရရင် ဘမောင်ကို သနားကြဦးမှာ။ အဖြစ်က ဒီလို ...။

mgyoe.com

mgyoe.com

ရုပ်ရှင်လုပ်ငန်းက ရှေ့ပိုင်းမှာသောက်သောက်လဲ အောင်မြင်တယ်။ ရုပ်ရှင်နယ်ထဲမှာလည်း ပြည်တော် XXX ရုပ်ရှင်ဖြန့်ချိရေးက အတော်ဩဇာကြီးလာတယ်။ ဒါပေမဲ့ ဦးလေးအငယ်ဆုံးအရွယ်ရောက်လာတော့ သူ့ကိုအဒေါ်တွေက နေရာပေးကြတယ်။ သူ က ရုပ်ရှင်တစ်ကား ရိုက်တယ်။ မရိုက်ခင် ဗေဒင်မေး ကြည့်တော့ ဆုံးရှုံးမယ်၊ လူတွေသေကြမယ်၊ မရိုက်ပါနဲ့။ ဒါမှမဟုတ် နာမည်ပြောင်းပါလို့ ဟောထားတဲ့ကြားက ဦးလေးလုပ်သူက ဇွတ်ရိုက်တယ်။ ရိုက်ရင်း ငွေကြေးခါးပြတ်သွားတယ်။ အရင်အောင်မြင်ခဲ့တဲ့ ငွေတွေအများကြီး ဘယ်ပျောက်သွားလဲမသိဘူး။ မောင်နှမတွေ စိတ်ဝမ်းကွဲကြတယ်။ 'ပေါက်' ကားတွေ များပြီး စာရွက်ပေါ်မှာ အရှုံးပြနေကြတယ်။ စာရင်းအင်း မကျွမ်းကျင်ကြလို့၊ စာရင်းနိုင်တဲ့ သူရဲ့ အားသာချက်ပဲ။

ဒါနဲ့အိမ်မှာ ညည်းနေကြရင်း ဘမောင်က မနေသာတော့ဘူး။

"ကျွန်တော်ငွေချေးမှာနော်၊ အရှုံးအမြတ်နဲ့မဆိုင်ဘူး။ ရှယ်ယာပါတာ မဟုတ်ဘူး။ ခြောက်လဆို ပြန်ပေးရမယ်။ ကျွန်တော့်ကလေးပိုက်ဆံ အဆုံးမခံနိုင်ဘူး"

ဘမောင် ရန်ကင်းစာတိုက်က စုထားတဲ့ငွေနှစ်သောင်းကျော် အကုန် ထုတ်ပေးလိုက်တယ်။ မှတ်မိသေးတယ်။ မင်းသမီး ချိုပြုံး တစ်ကျော့နှစ်ကျော့တေးကိုသီမှာ အောင်မြင်သွားတော့ အလားအလာရှိတယ်ဆိုပြီး အိမ်ကရိုက်တဲ့ကားမှာ ငှားလိုက်တာ။ စကားပြောတော့ အဲဒီတုန်းက ချိုပြုံးတို့နေတဲ့ အင်းစိန်မှာ ဦးလေးနဲ့ စကားသွားပြောတာမှာ ဘမောင်တောင် ပါသွားသေးတယ်။ ကံမကောင်းစွာနဲ့ ဗေဒင်ဟောတဲ့အတိုင်း ဒါရိုက်တာသေတယ်၊ ဘမောင်အဖေလည်း ဆုံးတယ်၊ ကားက ဆယ်နှစ်ကျော်လောက် အပိတ်ခံရတယ်။ ကားထွက်တော့ ချိုပြုံး အောင်မြင်တဲ့အချိန်မဟုတ်တော့လို့ ဝက်ဝက်ကွဲအောင်ရှုံးတယ်။ ရုပ်ရှင်လုပ်ငန်းလည်း ရပ်သွားလိုက်တာ ဒီနေ့အထိပဲ။ ဘမောင် ငွေနှစ်သောင်းကိုချေးတာပါ။ အရှုံးအမြတ်နဲ့ မဆိုင်ဘူးဆိုတာတောင် ဦးလေးရော၊ အဒေါ်ရော မသိချင်ယောင်ဆောင်နေကြတယ်။ အဲဒီကားထွက်တော့ ဘမောင်တောင် စက်မှုတက္ကသိုလ်က အောင်ပြီး တပ်ထဲမှာ ဗိုလ်ကြီးတောင်ဖြစ်နေပြီ။ အဲဒီထဲက ငွေကောင်းကောင်း မစုမိတော့ဘူး။ ဆွေမျိုးတွေကိုလည်း တော်တော်ပဲ ပိုပြီအံ့ဩသွားတယ်။

တကယ်ပြောရင် အဲဒီအဒေါ်က ဘမောင်ရဲ့ဆရာပဲ၊ သူတော်တာတော့ ဘမောင်လုံးဝလက်ခံတယ်။ သူ့ကိုမခံချင်လို့ ကြိုးစားရင်း အတိုင်းအတာတစ်ခု အထိ ဖြစ်လာရတာ။ ဘမောင် ပထမပြောခဲ့သလိုပဲ၊ အမေတို့မောင်နှမတွေ ရုပ်ရှင်

mgyoe.com

mgyoe.com

စုပြီး လုပ်ကြတုန်းက မလည်မဝယ်နဲ့။ အဲဒီတုန်းက (၃) သိန်း။ အင်းယားလမ်းမှာ မြေတစ်ကွက် (၁) သိန်းမရှိသေးတဲ့ခေတ်က ရုပ်ရှင်နယ်ထဲက အင်မတန်လည်တဲ့ ဒါရိုက်တာတစ်ယောက်က ရိုက်စားလုပ်သွားလို့ အကုန်ကုန်သွားတာ။ အမှုဖြစ်တယ်။ အဒေါ်ရှုံးတယ်၊ ဥပဒေကို နားမလည်လို့။

ဒုတိယတစ်ကြိမ် အဒေါ်က မောင်နှမတွေကို စည်းရုံးပြီးငွေပြန်စုတယ်။ တစ်ချိန်တည်းမှာ ဥပဒေကို ကောင်းကောင်းလေ့လာထားတယ်။ အဒေါ်က အဲဒီအချိန်မှာ တော်တော်လည်သွားပြီ။ ဘွဲ့မရပေမဲ့ ရှေ့နေတစ်ယောက်ကို ကောင်းကောင်း စာချုသွားနိုင်တဲ့အဆင့်ကို ရောက်သွားပြီ။ ရုပ်ရှင်လောကထဲ ဒုတိယအကြိမ်ပြန်ဝင်တော့ ပထမအကြိမ်တုန်းက 'ချ' သွားတဲ့ ဒါရိုက်တာကို အဒေါ်က 'ထောင်' ထဲ ထည့်ပစ်လိုက်နိုင်တဲ့အဆင့်အထိ အောင်မြင်သွားတယ်။ အဲဒီခေတ်တုန်းက သတင်းစာတွေရဲ့ မျက်နှာဖုံးမှာ အဲသလိုသတင်းမျိုး ဖော်ပြခွင့်ရှိတယ်။ စာလုံးမည်း အကြီးကြီးနဲ့ပဲ။

"ဘယ်သူနဲ့ဘယ်သူ အမှုဖြစ်တာ ဒါရိုက်တာဘယ်သူ ထောင်ကျသွားခြင်း" ဆိုပြီး ဟိုးလေးတစ်ကျော် ဖြစ်သွားတယ်။ အဒေါ့်ကိုလည်း အားလုံးဖျားသွားကြတယ်။ အဲဒီကစပြီး ဆက်တိုက်အောင်မြင်လိုက်တာ 'ပြည်တော် × × ရုပ်ရှင်' က အတော်ခန့်ခန့်ညားညားရှိသွားတယ်။

အပြင်မှာ တော်တော် ဩဇာကြီးတယ်ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီတွေကို ငွေပြန်ချေးတယ်။ အဒေါ်က ပရိုရှိုး ဘယ်တော့မှ မကြည့်ဘူး။ Family Show လာပြရမယ်ဆိုလို့ မိသားစုကို စက်တွေထမ်းပြီးလာပြကြရတာ မှတ်မိသေးတယ်။ နာမည်ကြီးဒါရိုက်တာနဲ့ ထုတ်လုပ်သူ လေးငါးဦးလောက် ရုံးကိုညဘက် လာလာပြီး အဒေါ်ကိုတင်ပြရတာလည်း မှတ်မိသေးတယ်။

သည်နေ့ နာမည်ကြီးနေတဲ့ ထုတ်လုပ်သူ နှစ်ဦးလောက်ဆိုတာ အဲဒီအချိန်တုန်းက အဒေါ် ကားချပေးရတာ။ မင်းတို့ ဒီကားကို ဒီလောက်နဲ့ယူဆိုပြီး၊ အဲသလောက်အောင်မြင်ခဲ့တဲ့ ရုပ်ရှင်ကုမ္ပဏီတစ်ခုဟာ တစ်ကားတည်းရှုံးတာနဲ့ ပျက်စီးသွားတယ်ဆိုတာ အံ့ဩစရာပဲ။ မောင်နှမတွေရဲ့ ပညာအားနည်းမှုနဲ့ သာမန်လူတွေရဲ့ စာရင်းဇယားကြောက်တတ်မှုကို အဒေါ်က ကောင်းကောင်း သိတယ်။

"မကျေနပ်ရင် စာရင်းလာလှန်ကြ" လို့ ပြောတာနဲ့ ဘယ်သူမှ တုတ်တုတ်မလှုပ်တော့ဘူး။ အထူးသဖြင့် ဦးလေးအကြီးက ပညာအခြေခံအားနည်းတယ်။ စာရင်း မကြည့်တတ်ဘူး။ သူက နောက်ဆုံး ဘာမှမပြောတော့ဘူး။ ရှယ်ယာလည်း

mgyoe.com

mgyoe.com

တစ်ပြားမှ မထုတ်တော့ဘူး။ တခြားမောင်နှမတွေလည်း ဒီအတိုင်းပဲ။ စလုပ်ကြတုန်းက လူအင်အားပဲ စိုက်ထုတ်တဲ့သူက နောက်ဆုံး ပိုင်ဆိုင်မှုအကုန် ရသွားတယ်။ အချမ်းသာဆုံးဖြစ်သွားတယ်။

အရွယ်ရလာတော့ ဘမောင် DA ဆိုတဲ့ Diploma of Account ကို တက်ဖြစ်တယ်။ ခြောက်ထပ်ရုံးမှာ စနေ၊ တနင်္ဂနွေ တက်ရတာ။ စစ်ရုံးမှာ Posting ကျတဲ့အချိန် အပြင်လုပ်ငန်းတွေ ဘမောင် တော်တော်လုပ်ဖြစ်သွားတယ်။ Staff ဆိုတော့ အလုပ်မများဘူး။ တပ်မှာတုန်းကလို တစ်လမှာ ရက် (၃၀) တာဝန်မရှိတော့ဘူး။ စနေ၊ တနင်္ဂနွေဆိုရင် ကိုယ်ပိုင်ချိန်ပဲ။ မနက် (၉း၀၀) နာရီ မတိုင်ခင်နဲ့ ညနေ (၄း၀၀) နောက်ပိုင်း ကိုယ်ပိုင်အချိန်။

DA တက်ပြီးတော့ Law သင်ဖြစ်တယ်။ IFL (International Foreign Language) မှာ Japanese တက်ဖြစ်သွားတယ်။ အပြင်က ကန်ထရိုက်တွေ အများကြီးဆောက်ဖြစ်သွားတယ်။ အင်ဂျင်နီယာတပ်မှာ GE သွားချင်ကြပေမဲ့ ဘမောင်ကို စစ်ရုံးမှာ (၇) နှစ်ကျော် (၈) နှစ်နေခဲ့ရတယ်။ ဘမောင် တစ်ချက်မှ မညည်းဘူး။ လုပ်စားတတ်သွားပြီလေ၊ အထူးသဖြင့် ပညာတွေ သင်ဖြစ်တာဟာ အဒေါ်ကိုအားကျခဲ့လို့။ အဲဒီလက်နက်ကို နောက်တော့ ဘမောင် ကောင်းကောင်းအသုံးချတတ်သွားတယ်။ နာမည်ကျော် ဒါရိုက်တာကြီးကိုတောင် ထောင်ထဲထည့်လိုက်နိုင်တာ။ အဒေါ်က ဥပဒေမှာ ပိုသာသွားလို့။ ဥပဒေသင်ပြီးတဲ့သူတွေဟာ သာမန်လူတွေထက် ပိုတွေးတတ်လာတယ်၊ ပိုမြင်လာတယ် Planning ပိုလုပ်လာနိုင်တယ်ဆိုတာ ဘမောင်လည်း တတ်ပြီးမှ ပိုသိလာတယ်။

အဒေါ့်ကိုကျေးဇူးတင်ရပါတယ်၊ အဒေါ်ဟာ ဘမောင်ရဲ့ဆရာပါ။

* * *

ဘမောင် (၁၀) တန်းအောင်တော့ အ. ထ. က (၆) ဗိုလ်တထောင်၊ အရင်က St. Paul ကျောင်းပေါ့၊ အဲဒီကျောင်းက ဂုဏ်ထူးများများထွက်နိုင်မဲ့ ကျောင်းသားတွေကို Selection အတန်းဆိုပြီး သီးသန့်ထားတယ်။ ဒဂုံ (၁) တို့နဲ့အပြိုင်ပေါ့။ တန်းခွဲတွေက အကောင်းဆုံး ကျောင်းသားတွေကို စုပြီး (A-1) ဆိုတဲ့ အတန်းမှာ အလေးထားပြီး သင်ပေးတယ်။ (၉) တန်းမှာ အဲဒီကျောင်းကို ဘမောင်ပြောင်းလာတာ။ အ. ထ. က (၁) တောင်ဥက္ကလာက လူသစ်ဆိုတော့ တန်းခွဲ (C) ပဲရတယ်။ နှစ်လလောက်ကြာတော့ တန်းခွဲ (A) ကို

mgyoe.com

mgyoe.com


ပို့ပေးတယ်။ (၉) တန်းမှာ အမှတ်ကောင်းပြန်တော့ ဆယ်တန်းမှာ (A-1) ကို ရတယ်။ အဲဒီအချိန်မှာ ကျူရှင်တွေခေတ်စားပြီ။ ကျူရှင်ယူတာ ညံ့လို့မဟုတ်တော့ဘဲ အမှတ်ပိုကောင်းအောင်ဆိုတဲ့ Mind-set (စိတ်) မျိုးနဲ့ယူကြတာ။

သင်္ချာမှာ ဦးသာ

ရူပမှာ ဦးအောင်ဖေညွန့်

ဓာတုမှာ ဦးဖေသိန်း

ဆရာဦးသာရဲ့ ကျပ်ညပ်နေတဲ့ ဗိုလ်မိုးလမ်းက သင်္ချာကျူရှင်မှာ ဘမောင်တက်ဖြစ်တယ်။ လှည်းတန်း၊ ကမာရွတ်က ဆရာကြီး ဦးအောင်ဖေညွန့်ဆီမှာ ရူပဗေဒယူတယ်။ ဓာတုဗေဒကို ကုန်ဈေးတန်းလမ်းက ဆရာဦးဖေသိန်းဆီမှာ ...၊

ဆယ်တန်းမှာ ဘမောင် ခြေချော်လက်ချော် ဖြစ်သွားသေးတယ်။ ဒါပေမဲ့ အမှတ်ကောင်းကောင်းနဲ့ အောင်ခဲ့ပါတယ်။ ဂုဏ်ထူးတော့မများဘူး။ ခြေချော်လက်ချော်ဆိုတာက အိပ်ချိန် မမှန်လိုက်လို့။ Bio ဖြေတဲ့အချိန်မှာ ဘမောင်ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေပြီး စာတွေမေ့သွားတယ်။ အမြဲတမ်း လပတ်မှာ ဂုဏ်ထူးထွက်တဲ့ ဘမောင်၊ နောက်ဆုံးစာမေးပွဲမှာ ဂုဏ်ထူး မထွက်နိုင်တော့ဘူး။ လေးငါးမှတ်လောက်လိုမယ်လို့ Marking Scheme အရဖြေပြီးတော့ သိသွားတယ်။ အဖြေလွှာအောက်မှာ လက်ရေးအကြီးကြီးနဲ့ ...

"ဒါမျိုး တစ်ခါမှမဖြစ်ဖူးပါ" ဆိုပြီး ရေးလွှတ်လိုက်သေးတယ်။ အမေ့မောင် အငယ်ဆုံးက ရက္ခဗေဒဌာနမှာ သရုပ်ပြဖြစ်နေပြီ။ ဆယ်တန်းတွေကို အမှတ်ခြစ်ရတယ်။ အိမ်ရောက်တော့ အမေ့ကိုပြောပြပြီး ဦးလေးကို အကူအညီတောင်းရတယ်။

"လေးငါးမှတ်လောက်ပဲ လိုမှာပါ၊ လုပ်ပေးပါဦး"

"အေး ...၊ ငါကြည့်လိုက်ဦးမယ်"

ဘမောင် တော်တော်စိတ်သက်သာရာ ရသွားပါတယ်။ ဂုဏ်ထူးလေးလည်း ပြန်ထွက်နိုင်မယ်ပေါ့။ အောင်စာရင်းတွေ ထွက်ခါနီးကျတော့ ...

"မင်းတို့အဖြေလွှာတွေ ငါမခြစ်ရဘူး"

တုံးတိတိပြောလာတဲ့ ဦးလေးရဲ့စကားက ဘမောင်စိတ်ဓာတ်တွေကို ပြန်ကျသွားစေပါတယ်။

"မတတ်နိုင်ဘူးလေ၊ ဂုဏ်ထူးမထွက်တာလောက်ပဲ ရှိမှာပါ"

တကယ် အမှတ်စာရင်းထွက်တော့ ဘမောင် Bio မှာ (၅၀) ပဲရတယ်။ အရမ်းအံ့သြသွားတာပဲ။ ဘမောင် အမှတ် (၇၀) လောက်မှန်းထားတာ။ ကျန်တဲ့

mgyoe.com

mgyoe.com

ဘာသာတွေ Marking Scheme နဲ့ တွက်ထားတဲ့အတိုင်း ဝင်တယ်။ သင်္ချာဆို (၆) မှတ်တောင် ပိုရခဲ့သေးတယ်။ Bio ဂုဏ်ထူးထွက်ရန် ကျောင်းသား List ထဲမှာ ဘမောင်ကပါနေပြီး တကယ်အမှတ်ထွက်ရာမှာ (၅၀) ပဲဆိုတော့ ရှက်လိုက်တာအရမ်းပဲ။ ဆရာကလည်း အံ့သြနေတယ်။ မတတ်နိုင်ဘူး၊ ဘာဖြစ်သွားသလဲမသိဘူး။ တစ်ခုခုတော့ မှားသွားပြီထင်တယ်။

အဲဒီတုန်းက အဖြေလွှာကို တောင်းကြည့်လို့ရတယ်။ ဒါပေမဲ့ ဘာသာစုံအမှတ်ပေါင်း ကောင်းနေတော့ တောင်းမကြည့် ဖြစ်တော့ပါဘူး။ မကောင်းမှုဟာ တစ်ချိန်ချိန်မှာ တစ်နေ့ရာရာက ပေါ်တတ်တယ်ဆိုတာ တကယ်မှန်တဲ့စကားပါ။ (၁၀) တန်းတုန်းက Bio အမှတ်ကိစ္စ မေ့မေ့ပျောက်ပျောက် ရှိသွားခဲ့ပါပြီ။ ဘမောင်လည်း စက်မှုတက္ကသိုလ် ဒုတိယနှစ်ရောက်နေပြီ။

တစ်ရက် ...

ဘမောင်တို့အိမ်မှာ အမေရယ်၊ ဦးလေးရယ်၊ တခြားသူနှစ်ယောက်ရယ် ပညာရေးကိစ္စနဲ့ စကားပြောနေတုန်း ဘမောင် ဦးလေးက အနားမှာရှိတဲ့ ဘမောင်ကို ...

"ဒီကောင် Bio ဘယ်ဂုဏ်ထူးထွက်မလဲ၊ Spot လုပ်ကျက်တာကိုး။ ပြီးတော့အဖြေလွှာမှာ ဟိုရေးဒီရေးနဲ့"

ဘမောင်အဖြေလွှာကို မခြစ်ရဘူးဆိုတဲ့ ဦးလေးက ဘမောင်အဖြေလွှာမှာ "ဒါမျိုးတစ်ခါမှမဖြစ်ဖူးပါ" လို့ ရေးလိုက်တာကို ဘယ်လိုသိသွားသလဲ! ဘမောင်အတွေးထဲ တစ်မဟုတ်ချင်း ရောက်လာပါတယ်။ ဒေါသစိတ်လည်း အတော်ဝင်သွားတယ်။

"အန်ကယ်ပြောတုန်းက Answer Paper ကို မခြစ်ရဘူးဆို၊ ကျွန်တော်ရေးတာ ဘာလို့သိလဲ"

ဘမောင် ဒေါသဆက်ဝင်မိတယ်၊ မထိန်းနိုင်တော့ဘူး။

"ဒါကြောင့် ကျွန်တော့် Bio (၅၀) ပဲရတာ၊ အမှန် (၇၀) လောက်ရသင့်တယ်"

ဘမောင်ဆိုလိုတာ ဦးလေးသိပါတယ်။ သူလည်းမျက်နှာနီပြီး သူခိုးလူမိဖြစ်သွားတယ်။

ရှေ့နေငှားမိတာ ထောင်လုံးလုံးကျသွားတယ်။

သိမ်မွေ့တာလည်း လူပဲ။

ကြမ်းတမ်းတာလည်း လူပဲ။

mgyoe.com

ရက်စက်တာလည်း လူပဲ။

ပရိယာယ်ကြွယ်တာလည်း လူပဲ။

လူလားမမြောက်တမြောက် ဘမောင်၊ အဲသလောက်အထိ ဆွေမျိုးတွေက အကျိုးပေးတာ၊ ဘယ်သူယုံနိုင်မလဲ၊ တကယ်ခံခဲ့ရတာ။

* * *

ဘမောင်ကငယ်သေးတော့ ဒေါသစိတ်တော့ ရှိတယ်။ ကောက်ကျစ်ယုတ်မာတဲ့စိတ်မျိုးတော့ ဘယ်တော့မှမမွေးဘူး။ တစ်ခါတစ်ခါစမ်းပြီး စိတ်ထဲထည့်ကြည့်ရတယ်။ ဘယ်လိုမှထည့်လို့မရဘူး။ စိတ်ကမလုံဘူး၊ နေလို့လည်း မပျော်ဘူး။ အဲဒီတော့ တစ်ခါတည်း အပြီးထုတ်ပစ်လိုက်တော့တယ်။ ကောက်ကျစ်တဲ့ သူတွေကိုလည်း ပေါင်းသင်းလို့မရဘူး။

ကံဆိုတာ ပြောရခက်တဲ့အရာ၊ မှန်းရလည်းခက်တဲ့အရာ။

တလောက စီးပွားရေးတက္ကသိုလ်က ဆရာမကြီး ဒေါ်ရီရီမြင့်က မှတ်ချက်ပေးဖူးတယ်။ Engineering နဲ့ Eco က Best Combination တဲ့။ ကြီးလာတော့ ဘမောင်တို့ စီးပွားရေးသမားဖြစ်ဖို့ အလိုလို စက်မှုတက္ကသိုလ်ရောက်သွားအောင် ကံက ပို့ပေးလိုက်တာ။ ဆရာမကြီးပြောတာ မှန်တော့လည်းမှန်တယ်။ စီးပွားရေးသမား တော်တော်များများ အင်ဂျင်နီယာဘက်က ပြောင်းလာကြတာများတယ်။ ဆရာဝန်ဘက်က ဖြစ်တာနည်းတယ်။ ကျောင်းမှာသင်ရတဲ့ ဘာသာရပ်တွေရဲ့ အတွေးအခေါ်ပွံ့ပိုးမှုတွေကြောင့်လည်း ပါမယ်နဲ့တူတယ်။

ဆယ်တန်းအောင်တော့ ဘမောင် DSA စစ်တက္ကသိုလ်ကိုတက်ဖို့ ကြိုးစားသေးတယ်။ အိမ်ကလုံးဝသဘောမတူဘူး။ အခု ဟောင်ကောင်ရောက်သွားတဲ့ ညီအငယ်ကဆို အိမ်သာတက်တာတောင် အပေါက်ဝက စောင့်တဲ့အထိ။ လျှောက်လွှာတွေ ဖျက်ဆီးပစ်လိုက်တယ်။ တပ်ထဲသွားချင်ရတဲ့အကြောင်းရင်းက ရှိနေတယ်။ အဲဒီအရွယ်တုန်းက တိုင်းပြည်ချစ်စိတ် သိပ်ရှိသေးတာ မဟုတ်ဘူး။ အဖေ့မိတ်ဆွေ တပ်ထဲကလူကြီးတစ်ဦး အိမ်လာလည်ရင် သတိထားမိတယ်။ ဖိနပ်ချွတ်တာကအစ ရေသောက်၊ ဆေးလိပ်သောက်ပြီး ပြာခြွေတာအထိ စည်းကမ်းတကျနဲ့။ Smart သိပ်ဖြစ်တယ်ပေါ့။ အဲဒီတုန်းက နတ်သမီးတံဆိပ်မီးခြစ် အသုံးများတယ်။ မီးခြစ် ခြစ်ပြီး ဆေးလိပ်ညှိ၊ မီးခြစ်ဆံမီးမှုတ်၊ ပြီးရင် မီးခြစ်ဆံအဟောင်းကို ဖင်၊ ခေါင်းပြန်ပြီး မီးခြစ်ဘူးထဲပြန်ထည့်၊ အစိခံနား လက်တစ်လုံးအလိုမှာ စနစ်တကျ မီးပြန်သတ်။

mgyoe.com

mgyoe.com

အဖေ့မိတ်ဆွေက ဘမောင်အတွက် ဟီးရိုးပဲ။ ဆိုရှယ်လစ်ခေတ်မှာ လူကြီးလည်း ဖြစ်သွားတယ်။ သူ့ကိုအားကျပြီး ခြောက်တန်းလောက်ထဲက တပ်ထဲဝင်ချင်တဲ့ပိုးက စကပ်နေတာ။ အဲဒီတုန်းက DSA ကျောင်းအုပ်ကြီးကလည်း ဖေဖေ့မိတ်ဆွေရဲ့ တစ်ပတ်စဉ်တည်းသူငယ်ချင်းဆိုတော့ အဲဒီလူကြီးကလည်း ဘမောင်ကို DSA တက်စေချင်တယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ကံက မပေးဘူး။ တစ်မိသားစုလုံး ဘယ်သူမှ သဘောမတူဘူး။ ဘမောင်တပ်ထဲမသွားဖို့ကို နောက်ဆုံး ရက္ခဗေဒက ဦးလေးရဲ့ ဆရာမကြီး ဒေါက်တာဒေါ်ခင်စိန်ကိုယ်တိုင် အိမ်လာပြီး ဖျောင်းဖျယူရတယ်။

"သား ... မင်းအမှတ်ကောင်းတာပဲ။ တက္ကသိုလ်မှာဆက်တက်ပြီး ကျောင်းက အောင်ရင် တပ်ထဲဝင်လို့ရသေးတယ်။ အဲဒီ အချိန်ကျလို့ မင်းမိဘတွေ သဘောမတူရင် တီချာပြောပေးမယ်"

နောက်ဆုံးတော့ ဘမောင် အရှုံးပေးလိုက်ရတယ်။ ကိုယ့်ဘက်က သုတကလည်း မစုံသေးတော့ ခြေခြေမြစ်မြစ်၊ ဌာန်ကရိုဏ်းကျကျ ချေပဖို့စကားမှလည်း မရှိတာ။

သည်လိုနဲ့ ဘမောင်တို့ စက်မှုတက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ရတယ်။

* * *

သားဦး တက္ကသိုလ်ကျောင်းသားဘဝမှာ မပျော်တဲ့မိဘ ဘယ်ရှိမလဲ၊ အဖေဆိုတာပြုံးလို့။ အမေဆိုလည်း အမြဲတမ်းစိတ်ချမ်းသာနေတဲ့ပုံပဲ။ ကျောင်းက ပြန်လာချိန်တိုင်း ဧည့်ခန်းမှာရှိနေတတ်တဲ့ အဖေ့ကို သတင်းစာဖတ်ရင်းနဲ့ တမင်စောင့်နေမှန်း ဘမောင်သိတာပေါ့။

RIT လို့ခေါ်တဲ့ ရန်ကုန်စက်မှုတက္ကသိုလ်က ကြို့ကုန်းမှာ။ တော်တော်ဝေးတယ်လို့ ပြောလို့ရတာပေါ့။ ကုံကော်တောကက ဝိဇ္ဇာသိပ္ပံကို ကိုယ်စားပြုသလိုပဲ စွယ်တော်ရိပ်က စက်မှုတက္ကသိုလ်ကို ကိုယ်စားပြုတယ်။ ချစ်ကြသူတွေ တင်စားတတ်တဲ့ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တယ်ဆိုတဲ့ စွယ်တော်ရွက်ကလေးတွေ ကိုယ်တိုင်ကိုယ်ကျ သေသေချာချာမြင်ဖူးတာ အဲဒီကျမှပဲ။

ပထမနှစ်မှာ ဘာသာမခွဲဘူး။ Fresher Welcome ဆိုတဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲ လုပ်လေ့ရှိတယ်။ အတောင်မစုံတစုံ အပျံသင်ချင်ကြတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် အဲဒီ မောင်မယ်သစ်လွင်ကြိုဆိုပွဲက အားဆေးတစ်ခွက်ပဲ။ စိတ်ကူးချင်တိုင်း ကူးလို့ရတဲ့အရွယ်၊ လွတ်လပ်ချင်တိုင်း

mgyoe.com

လွတ်လပ်လို့ရတဲ့အရွယ်၊ ပျံ့လွင့်ချင်တိုင်းလည်း ပျံ့လွင့်လို့လွယ်တဲ့အရွယ်။ အထက်တန်းကျောင်းသားဘဝနဲ့ တက္ကသိုလ်ကျောင်းသားဘဝ သိသိသာသာ ကွာခြားသွားတယ်။ အထက်တန်းကျောင်းသားတုန်းက အတန်းပိုင်ဆရာက မျက်စိဒေါက်ထောက်ကြည့်ပြီး တစ်ဦးချင်းအပေါ် အာရုံစိုက်ပေးသလောက် တက္ကသိုလ်ကျတော့ လုံးဝမရှိတော့ဘူး။

တစ်ပတ်တစ်ခါထွက်တဲ့ Time-table ဆိုတဲ့ အချိန်ဇယားမှာ ပါတဲ့ အတိုင်း လက်ချာတွေကိုသတ်မှတ်ထားတဲ့ အဆောက်အအုံက အခန်းမှာ လိုက် တက်ရုံပဲ။ မတက်လည်းရတယ်။ ကျောင်းခေါ်ချိန်မပြည့်မှာလည်း မစိုးရိမ်ရဘူး။ သူငယ်ချင်းကို လက်မှတ်ထိုးခိုင်းလိုက်ရုံပဲ။ တစ်ပတ်တစ်ခါလုပ်တဲ့ Tutorial လောက်ပဲ ကျောင်းသားတွေ ကြောက်ကြတယ်။ Lecture ကတော့ ဖုတ်လေတဲ့ ငါးပိ ရှိတယ်တောင်မထင်ဘူး။

ဘမောင်လည်း ဆယ်တန်းအောင်ပြီးကတည်းက ပညာရေးမှာ အပင်ပန်း သိပ်မခံတော့ဘူးဆိုတဲ့ ကြီးမားတဲ့ရည်ရွယ်ချက်နဲ့ပဲ ကျောင်းတက်ဖြစ်နေတာ။ အချိန်တန်ဘွဲ့ရ၊ ဆရာလုပ်မှာမဟုတ်လို့ အမှတ်ကောင်းစရာလည်း သိပ်မလိုတော့ ဘူးပေါ့။ ဒုတိယနှစ်ကျတော့ ဘာသာတွေခွဲထုတ်လိုက်တယ်။ ဘာသာကြီးရှစ်ခု ရှိတယ်။ ဘမောင်က ဗိသုကာယူဖြစ်သွားတယ်။ တွေးရ ခေါ်ရတာကို ကြိုက်လို့။

St. John ကျောင်းကထွက်လာကတည်းက မဝတ်ဖြစ်တော့တဲ့ ဘောင်းဘီ ကို စက်မှုတက္ကသိုလ်ကျမှပဲ ပြန်ဝတ်ဖြစ်တယ်။ ဘယ်လိုဝတ်ရမယ်ဆိုတာ စည်းကမ်းချက်မထားတော့ ဒီဇိုင်းပုံဖော်ပြီး ဝတ်ပစ်လိုက်တယ်။ Jean ကို နှစ်ရောင် စပ်ကြားချုပ်ပြီး စဝတ်တာ ဘမောင်ပဲ။ ယူတာကလည်း ဗိသုကာဆိုတော့ အဝတ် ဒီဇိုင်းကို ထွင်ပြီးဝတ်တတ်လာတယ်။

စက်မှုတက္ကသိုလ်မှာ နာမည်ကြီးဆိုင်တစ်ဆိုင်ရှိတယ်။ 'နွေးအေး'တဲ့။ ဝိဇ္ဇာ သိပ္ပံမှာ 'ဦးချစ်' က နာမည်ကြီးသလိုပေါ့။ 'နွေးအေး' မှာ အစုံရတယ်၊ 'နွေးအေး ကော်ဖီ' က ဖက်ရှင်ဖြစ်နေတယ်။ ကော်ဖီစေ့ကောင်းကောင်းကိုရွေးပြီး ကိုယ်တိုင် ကြိတ်ပြီးသုံးတာဆိုတော့ အနံ့က အလွန်သင်းပဲ။ ရိုးရိုးကော်ဖီ၊ လက်ဖက်ရည် တစ်ခွက် တစ်ကျပ်။ 'နွေးအေးကော်ဖီရှယ်' က တစ်ကျပ်ခွဲ။ ကြက်ဥကျော်တစ်ကျပ်။ အဲဒီတုန်းက ငွေတစ်ဆယ်ရှိရင် သူငယ်ချင်းနှစ်ယောက်လောက်ခေါ်ပြီး ကော်ဖီဆိုင် ထိုင်ရဲတယ်။

ထမင်းတစ်ပွဲငါးကျပ်၊ လိုက်ပွဲပြားငါးဆယ်။ လပေးစားရင် အနပ် (၃၀) ကို ကြိုက်သလောက်လိုက်ပွဲနဲ့အဝစား (၁၅၀) ကျပ်ပဲကျတယ်။ ထမင်းစားပြီး

mgyoe.com

mgyoe.com

လက်မှတ်လေး ထိုးသွားရုံပဲ။ အနပ် (၃၀) ပြည့်လို့ ငွေမသွင်းနိုင်သေးရင်လည်း ဆိုင်ရှင်က စောင့်ပေးသေးတယ်။ ဆက်စားလို့ရတယ်။

ဘဝတစ်ခုမှာ တက္ကသိုလ်ကျောင်းသားဘဝက ပျော်စရာအကောင်းဆုံး ဆိုတာ ဖြစ်နိုင်တယ်။ အရာရာဟာ ပျော်စရာတွေချည်းပဲ။ စာဂျပိုးတွေကလွဲလို့ သိပ်ပြီးအပြင်းအထန်ဖတ်ဖို့မလိုဘူး၊ လွတ်လပ်တယ်။ ကိုယ်တော်ချင်ရင် ကိုယ့်ဘာသာကိုယ် ကိုယ့်အသိနဲ့ ကြိုးစားရုံပဲ။ ဘယ်သူကမှ တွန်းမနေဘူး၊ လူကြီးတစ်ယောက်လို အလုပ်မလုပ်ရဘဲ လူကြီးလိုနေရတဲ့ဘဝဆိုတော့ မပျော်ဘယ်ရှိပါတော့မလဲ။ အပူအပင်ကလည်း ထားစရာမှမလိုတာ။ သည်ကြားထဲ RIT ကျောင်းသားဆို ဝိုင်းဝိုင်းလည်ထဲက။

RASU ဆိုတဲ့ Rangoon Arts & Science University ဆိုတဲ့ ဝိဇ္ဇာသိပ္ပံဘက် သွားလည်လို့ကတော့ သိချင်တဲ့ မိန်းကလေးတွေက တစ်ပုံချည်းပဲ။ တချို့ဆို RIT ကမှန်းသိအောင် T-Square လေး ကိုင်သွားရတာအမော။ ဦးလေးကို အဖေကျောင်းပို့တုန်းက ကားထဲထိုင်လိုက်ရင်းပဲ ရာဇူးကို ဘမောင် ရောက်ဖူးတယ်။အဲဒီတုန်းက ဘမောင်က အလယ်တန်းကျောင်းသားပဲရှိသေးတယ်၊ ကလေးပေါ့။ ကိုယ့်ဖာကိုယ်တော့ ကိုဆန်းညွန့် (စာရေးဆရာမောင်ညိုငယ်) နဲ့ လိုက်ရင်းရောက်ဖူးသွားတယ်။ RASU က ပိုပျော်စရာကောင်းတယ်၊ ကာလာစုံပဲ။

RASU ရောက်ရင် RIT မပြန်ချင်တော့ဘူး။ စွယ်တော်မှာက မိန်းကလေး (၂၀%) ပဲခေါ်တယ်။ မိန်းကလေးနည်းတယ်ပေါ့။ စာဂျပိုးများတော့ ရွက်ကြမ်းရေကျိုတွေပဲ။ RASU မှာက နတ်ပြည်ရောက်နေသလား အောက်မေ့ရတယ်။ အရောင်စုံ၊ အလှစုံ၊ အသွေးစုံ။

RASU ကို ကိုဆန်းညွန့်ကြီးနဲ့ စရောက်ဖူးတုန်းက အဲဒီက သူ့သူငယ်ချင်းက ဆိုင်ထိုင်ရအောင်ဆိုပြီးခေါ်သွားတော့ ဘုမသိ၊ ဘမသိ ပါသွားရော။

"ဒန်ပေါက်တစ်၊ ဖာလူဒါတစ်၊ လက်ဖက်သုပ်တစ်"

အစပ်အဟပ်မတည့်တဲ့အမှာကို ဘမောင်အံ့ဩနေတယ်။ စားပွဲထိုးလေးက လာချတော့ ရေခဲရေ၊ ထမင်းနဲ့ လက်ဖက်သုပ် တွေတွေ့နေရလို့ ...

"ဟေ့ ခင်ဗျားမှာတာကို မှားပြီးလာပေးနေတယ်"

ရယ်လိုက်တာ ခွက်ခွက်လန်လို့၊ သူတို့ဆီမှာ ရေခဲရေကို ဖာလူဒါ၊ ရိုးရိုးထမင်းကို ဒန်ပေါက်လို့ခေါ်တာ ဘမောင်မှ မသိသေးပဲကိုး၊ အတွေ့အကြုံ အသစ်တွေပေါ့။

(၁၉၇၀) နှစ်ဦးပိုင်းတွေမှာ စာလေးမဖြစ်တဖြစ် ဘမောင် စပြီးရေးဖြစ်ခဲ့

mgyoe.com

တယ်။ ကျောင်းက နံရံကပ်စာစောင်၊ စက်မှုတက္ကသိုလ်မဂ္ဂဇင်း၊ ဌာနက ဗိသုကာ စာစောင်။ ပြီးတော့ တံခွန်၊ ပြီးတော့ အဲဒီတုန်းက သိပ်အောင်မြင်နေတဲ့ 'သပြေ' မဂ္ဂဇင်း။ (၁၉၇၅) ခု၊ အောက်တိုဘာလထုတ် ထင်တယ်၊ သပြေမဂ္ဂဇင်းမှာ ဘမောင်ရဲ့ ဝတ္ထုတိုပါလာတော့ Chemical က ကောင်မလေးက သတင်းပေး တယ်။ ဘမောင်က ပါလာမှန်းတောင် မသိသေးဘူး။

အဲဒီတုန်းက သပြေတိုက်က ဆူးလေဘုရားလမ်းမှာ ထင်တယ်။ စာမူခ ထုတ်ဖို့သွားတော့ အယ်ဒီတာတွေက ...

"ဆရာလေး ... အယ်ဒီတာချုပ်ကြီးက ခင်ဗျားလာရင် တွေ့ပေးပါဦးဆို လို့ ... လာ... လိုက်ခဲ့" ဆိုပြီး ဘုမသိဘမသိ။ အယ်ဒီတာချုပ်ကြီးရုံးခန်း ရောက်သွားခဲ့ရတယ်။ အယ်ဒီတာချုပ်လည်းဖြစ်၊ တပ်မတော်က အငြိမ်းစား ဗိုလ်မှူးကြီးလည်းဖြစ်တဲ့ ဦးသန်းညွှန့်က သူ့ရှေ့မှာထိုင်ခိုင်းပြီး စကားပြောဖြစ် ကြတယ်။ ဘမောင်လို ချာတိတ်၊ ကလောင်သစ်ကို အယ်ဒီတာချုပ်အဆင့်က တရေးတယူခေါ်ပြီး စကားပြောဖြစ်မယ်လို့ မမျှော်လင့်ခဲ့ဘူး။

"မင်းရေးတဲ့ အိုင်ဒီယာလေးကောင်းလို့ စကားပြောချင်နေတာ"

"ဟုတ်ကဲ့"

"ကိုယ်တိုင်ရေးလား"

"ဟုတ်ကဲ့ပါ"

တကယ်တော့ ဘမောင်က လူကြီးတွေနဲ့ မဆက်ဆံတတ်သေးဘူး။ အယ်ဒီတာချုပ်ကြီးပြောသမျှပဲ နားထောင်ပြီး 'ဟုတ်ကဲ့' နဲ့ သံယောင်လိုက် နေမိတာ။

သပြေရှေ့မှာအောင်မြင်နေတာ 'စန္ဒာ' မဂ္ဂဇင်း။ ရုပ်ရှင်မင်းသားကြီး (ဦး) ဝင်းဦးထုတ်တဲ့ စာအုပ်။ (ဗိုလ်မှူးကြီး) သန်းညွှန့်က 'သပြေ' အောင်မြင်အောင် ဘယ်လိုစဉ်းစားပြီး Plan လုပ်ခဲ့တယ်ဆိုတာကို အားတက်သရော ရှင်းပြနေပါ တယ်။

" ...စန္ဒာက ပန်းချီပုံနဲ့ ကာဘာလုပ်တယ်၊ ကျုပ်ကပိုပြီးအသက်ဝင် အောင် ကာဘာကို ဓာတ်ပုံတင်တယ်"

အဲသလိုအစချီပြီး မျက်နှာဖုံးကစလို့ အတွင်းကဏ္ဍတွေမှာ မဟာဗျူဟာ ကျကျ စဉ်းစားပြီးမှ၊ အများကြီး ပြင်ဆင်ပြီးမှ ထုတ်ခဲ့တာ။ ဦးသန်းညွှန့်ကို အတော်လေးစားသွားတယ်။ မဟာဗျူဟာသဘောကို ဘမောင်တို့စပြီး အရသာ ခံတတ်အောင် အဲဒီ အယ်ဒီတာချုပ်ကြီးက အမြည်းအစမ်းပေးလိုက်တာ။

mgyoe.com

mgyoe.com


ဒီလိုစဉ်းစားရပါလား။ ဒီလိုလုပ်ရပါလားဆိုတာ ဘမောင်အတွေးထဲ အများကြီး နေရာယူသွားတယ်။ မဟာဗျူဟာသုံးနည်းကို လက်ဦးဆရာပြောရင် ဦးသန်းညွန့် လို့ ပြောလို့ရတယ်။ အလုပ်ကို သည်လိုလုပ်ရပါလားလို့ သိသွားသလို၊ Planning ကောင်းရင် အောင်မြင်တယ်ဆိုတာလည်း ယုံကြည်သွားတယ်။

အဲဒီ (၁၉၇၅) က နေ စာရေးပြတ်သွားတာ၊ (၁၉၉၉) မှပဲ ပြန်ရေးဖြစ်တော့ တယ်။ နှစ်ပေါင်း (၂၄) နှစ် စာမရေးဖြစ်တော့ဘူး။ အဲဒီကြားထဲ ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်ချင်တာတို့၊ ကျောင်းပြီးတော့လည်း တပ်ထဲရောက်သွားတာတို့ကြောင့် စာနဲ့ဝေးသွားရပါတယ်။

ငယ်စဉ်က မိဘရဲ့စီးပွားရေးအတက်အကျကို တစ်ကြိမ်ခံစားဖူးတဲ့ ဘမောင် ဟာ စီးပွားရေးလုပ်ချင်စိတ်ရှိခဲ့တာ အမှန်ပါပဲ။ St. John လို အကောင်းစား ကျောင်းနေခဲ့ရပြီး ပြည်သူပိုင်တွေသိမ်းလို့ ကျောင်းပြောင်းရပေမယ့်လည်း မိဘ အလိုလိုက်တာ ခံခဲ့ရပါတယ်။ နေ့စဉ် ဟင်းသုံးလေးပွဲနဲ့ စားခဲ့ရတယ်။ လိုလေ သေးမရှိ၊ ပူဆာတာ အကုန်လိုက်လျောခံခဲ့ရတဲ့ ဘမောင်ဟာ အဖေ့ကားတွေ မီးလောင်ခံရပြီးတဲ့နောက် ထမင်းစားပွဲပေါ်မှာ အသားဟင်းတစ်ပွဲ၊ ဟင်းရွက်တစ်ပွဲပဲ တွေ့ရတော့တယ်။ ပူဆာတာ မှန်သမျှလည်း အကုန်လိုက်လျောခြင်း မခံရတော့ ဘူး။ ကလေးဘဝမို့ မပြောတတ်ပေမဲ့ ရင်ထဲက ခံစားရတာတော့ အမှန်ပဲ။ အဲဒီပုံရိပ်က အခုထက်ထိ ထင်ကျန်ဆဲမို့ လုပ်ငန်းတွေအောင်မြင်လာတော့လည်း 'မရမ်း'တော့ဘူး။ ဘာစဉ်းစား စဉ်းစား ဦးသန်းညွန့် စဉ်းစားသလို မဟာဗျူဟာ ကျကျပဲ စဉ်းစားတတ်လာတယ်။ ခေါင်းနည်းနည်းပိုသုံးရပေမဲ့ ကြီးကြီးမားမား အဆုံးအရှုံးတွေကတော့ လွတ်တယ်ပေါ့။

အဖေနဲ့အတူလိုက်ရင်း ကားလေလံပွဲတွေကို ဘမောင် စိတ်ဝင်စားလာ တယ်။ အဲဒီတုန်းက မကြာခဏလည်း လေလံပစ်တတ်တယ်။ မန္တလေး တံခွန်တိုင် က ပစ်တဲ့လေလံဆိုရင် အစင်းရေ (၂၀၀) ကျော် (၃၀၀)။ တစ်ယောက် တစ်ယောက် ကို သုံး၊ လေး၊ ငါးစင်း ရကြတယ်။ တစ်ခါတစ်လေ တစ်စင်းစာလောက် အမြတ်ကျန်တယ်။ ဆေး၊ ဘော်ဒီ၊ ကူရှင်စတာတွေလုပ်ပြီးရင် ကားကလေးတွေက ကြွလို့။

ကမ္ဘာကြီးကျဉ်းတယ်ဆိုတာ ပြောရဦးမယ်။ တစ်ရက် အဖေနဲ့ဘမောင်တို့ တံခွန်တိုင်က လေလံဆွဲအပြီး ထမင်းဆိုင်မှာ နေ့လယ်စာ စားနေတုန်း လူတစ် ယောက်က အဖေ့ကို လာနှုတ်ဆက်တယ်။ ဘယ်သူလို့ထင်သလဲ၊ အဖေ့ကားတွေ မီးရှို့လိုက်တဲ့ 'တင်ငွေ'၊ ခြေချောင်းလေးသုံးချောင်းရှိတဲ့ 'တင်ငွေ'။ အဲဒီတုန်းက

mgyoe.com

ဘမောင်က မူလတန်းကျောင်းသားပဲ ရှိသေးတယ်။ ဒါပေမဲ့ အဲဒီပုံရိပ်က ဖျောက်မရအောင်စွဲနေခဲ့တယ်။ အခုတွေ့ရတော့ ဘမောင်က လူပျိုဖြားဖားဖြစ်နေပြီ။ မိသားစုတစ်စု စီးပွားပျက်အောင်လုပ်တဲ့သူကို ခွင့်လွှတ်တဲ့သူ ဘယ်သူရှိမလဲ။ ဘမောင်လည်း ပုထုဇဉ်ပဲလေ။ ဘမောင် သူ့ကိုတစ်ခုခုလုပ်ဖို့ မတ်တတ်ထလိုက်တဲ့အချိန်မှာ အဖေကသိတယ် ဘမောင်လက်ကို လှမ်းဆွဲလိုက်တယ်။ အဖေ့ကို မလွန်ဆန်ချင်လို့သာ ပြန်ထိုင်လိုက်ရတယ်။ ဘမောင် ရင်ထဲမှာ ဗလောင်တွေဆူနေတယ်။

သူ့ကိုကြည့်ရတာလည်း ညှိုးရော်နေပြီး ယူကြုံးမရ၊ နောင်တ တော်တော်ရနေပုံပါပဲ။ နောင်တရတာနောက်မှ သူများက စီးပွားပျက်သွားရတာက အရင်။ ဘမောင်ဘဝမှာ ပေါက်ထွက်သွားမတတ် ဒေါသထွက်ခြင်း ပထမဦးဆုံးပဲ။ ဒေါသကို မထိန်းသိမ်းနိုင်လုနီးပါး ပေါက်ကွဲသွားတာကလွဲရင် ဘမောင် သင်ခန်းစာတွေ၊ အသိတွေ တော်တော်ရလိုက်ပါတယ်။

ဘဝဆိုတာ အတက်အကျရှိတယ်၊ မမြင်နိုင်တဲ့အန္တရာယ်တွေအများကြီး။ ကျေးဇူးတရား ဘယ်လောက်ရှိခဲ့ရှိခဲ့ လူဆိုတာ လူပဲ။ လူလိုကျင့်ကြံတတ်တယ်။ အထူးသဖြင့် ပညာနည်းပြီး ဆင်ခြင်ဉာဏ်နည်းသူတွေမှာ အမှားတွေ များတတ်တယ်။ အမှားဆိုတာ လုပ်မိရင်လည်း ဥပဒေကခွင့်လွှတ်ခဲ့ရင်တောင် ကံတရားက ခွင့်မလွှတ်တတ်လေ့ မရှိဘူး။ တူညီတဲ့အကျိုးပေးကို ပြန်ရလေ့ရှိတယ်။ ဒီအပြင်လည်း အများကြီး၊ စုံလို့ပါပဲ။

မကျေနပ်မှုတစ်ဝက်နဲ့ အဲဒီနေ့က နေ့လယ်စာ ပြီးသွားတယ်။

တံခွန်တိုင်က ကား (၃) စီး လေလံဆွဲဖြစ်တယ်။ အဲဒီတုန်းက မြန်မာပြည်မှာ သူဌေးကြီး 'ရှော်ဖီ' ဆိုတာ ရှိတယ်။ သူ့သားတွေလည်း လေလံဆွဲတယ်။ သူတို့အုပ်စုက တောင့်တယ်။ ဘယ်လောက်အထိ ဩဇာကြီးသလဲဆိုရင် သူတို့ဈေးပေးတဲ့ကားကို တခြားသူတွေ ဈေးလိုက်မပေးရဲကြဘူး။ အဲသလောက်အထိ ဩဇာကြီးကြတာ။ သူတို့စိတ်ကြိုက်ကားတွေ တစ်ဝဆွဲပြီးမှ ကျန်တဲ့ကားကို တခြားသူတွေ ရကြတာ။ နောက် 'ကြက်တန်း' က အုပ်စုတစ်စုရှိသေးတယ်။ သူတို့အုပ်စုကလည်း တောင့်တယ်။ အရန်ပစ္စည်း၊ Spare ရှားတဲ့ ကားမျိုးဆွဲမိလို့ စပယ်ယာလိုက်ဝယ်။ နောက်ဆုံး ကြက်တန်းကိုပဲ သွားကြရတယ်။ အဲဒီတုန်းက Import လုပ်ငန်းမရှိသေးတော့ ကြက်တန်းကိုလည်း လွန်ဆန်လို့ မရပြန်သေးဘူး။

ရန်ကုန်နဲ့မန္တလေး မကြာခဏကားတွေ လေလံပစ်တတ်ကြတယ်။ ရန်ကုန်

mgyoe.com

mgyoe.com

က အကြိမ်များပေမဲ့ အရေအတွက် နည်းတယ်။ မန္တလေးကအကြိမ်နည်းပြီး အရေအတွက်များတယ်။ လူတွေပညာတတ်လာကြတော့ ညှိနှိုင်းမှုတွေ လုပ်လာကြတယ်။ လေလံဆွဲတဲ့သူအချင်းချင်း ညှိနှိုင်းတာကအစ တာဝန်ရှိတဲ့သူတွေနဲ့ စပယ်ယာ ဘယ်လောက်ပါမယ်ဆိုတာ ညှိနှိုင်းတာမျိုးအထိ၊ အဲဒီပေါ်မှာ အကျိုးအမြတ်က အများကြီး ကွာသွားတယ်။

အဖေပေးခဲ့တဲ့ အဲဒီကားလေလံဆွဲတဲ့ အတတ်ပညာအမွေကို ဘမောင်ကောင်းကောင်း အသုံးချနိုင်ခဲ့တယ်။ မန္တလေး တံခွန်တိုင်ကပစ်တဲ့ လေလံပွဲတစ်ပွဲမှာဆိုရင် ကားအစီး (၃၀၀) ကျော်လောက်ပါတော့ အချီကောင်းပဲ။ မာမွန်ဟယ်ရီတန်လို ကားကြီးမျိုးကျတော့ ဘမောင်က မကျွမ်းကျင်ဘူး။ ကားလတ်နဲ့ ကားလေးလိုင်းမှာတော့ တော်တော်လေး မြင်တတ်၊ တွက်တတ်သွားတယ်။ အဲဒီအခေါက်မှာ ဘမောင်တစ်ယောက်တည်း ကားအစီး (၂၀) ကျော်လောက် ရလိုက်တယ်။

အမှန်ပြောရရင် အဖေရော၊ အမေက ဘမောင်ကို ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်တာ မကြိုက်ဘူး။ ပညာရေးကို လစ်ဟင်းသွားမှာစိုးတဲ့ မိဘတွေရဲ့ မေတ္တာပါ။ ဘမောင်ဘက်ကကျတော့ တစ်မျိုး။ ကိုယ့်အားကိုယ်ကိုးချင်တယ်။ အလုပ်ကို စောစော လုပ်ချင်တယ်၊ ကျောင်းစာကိုပုံမှန်လုပ်ရင် သိပ်ပြီးကြိုးစားရတာ မဟုတ်လို့ အလုပ်ဘက် အချိန်မျှနိုင်တယ်။ ကျောင်းပြီးမှ လုပ်ငန်းအတွေ့အကြုံယူရင် နောက်ကျတယ်လို့ ယူဆတယ်။ မိဘသဘောမတူတဲ့အတွက် သိသိသာသာလုပ်ရမှာလည်း ဝန်လေးပြန်တယ်။ နောက်ဆုံးတော့ အလုပ်ပိုးကို မသတ်နိုင်လို့ လူကြီးတွေမသိအောင် လုပ်မယ်ဆိုတဲ့လမ်းကို ရွေးလိုက်ဖြစ်ပါတယ်။

အဲဒီ (၁၉၇၀) ကျော်တွေမှာ ကားတစ်စီးကို လေလံပွဲမှာ နှစ်သောင်းလောက်ပဲ ရှိတယ်။ ကူရှင်ချုပ်၊ ဆေး၊ ဘော်ဒီ၊ တာယာလဲ၊ လိုအပ်တဲ့ စက်ပစ္စည်းလေးတွေထည့်ပြီးရင် သုံးသောင်းလောက်ပဲ ကျတယ်။ ဆေးအသစ်လေးနဲ့ ကားကိုရှိုင်းလိုက်ရင် လေးသောင်းပိုပိုလောက် ရောင်းလို့ရတယ်။ တချို့ကားဆိုရင် အရင်းထက် နှစ်ဆလောက် မြတ်တယ်။ အဲဒီ တံခွန်တိုင်က လေလံပွဲမှာ ကားအစီး (၂၀) ကျော်ကို (၂) ပတ်အတွင်းပြင်ပြီးရောင်းလိုက်တာ ကား (၃) စီးစာအမြတ်နဲ့ ငွေတချို့ပြန်ပါလာတယ်။

အိမ်ကမသိအောင် 'ခိုး' လုပ်ပြီး အမြတ်နဲ့ ကားပြလိုက်ရင် 'ငါ့သားလေး တော်သားပဲလို့' ပြောမှာပဲဆိုပြီးအတွေးနဲ့ မန္တလေးက ရန်ကုန်ကို ပြန်လာရတာ ပင်ပန်းတယ်လို့ လုံးဝမထင်ခဲ့ဘူး။ ရန်ကုန်ရောက်လို့ ကားတွေကို ခြံထဲထည့်ပြီး

mgyoe.com

အမေ့ကို ငွေလည်းအပ်ရော မှန်းချက်နဲ့ နှမ်းထွက်မကိုက်အောင် အဆူခံလိုက်ရတယ်။ အမေက ဘမောင်ကို ကောင်းကောင်း ဩဘာပေးတယ်။ အဲဒီအချိန်မှာ အမေ့အပေါင်ခံလုပ်ငန်းက ကောင်းကောင်းလူမသိ၊ သူမသိဖွံ့ဖြိုးနေတော့ အတော်ကလေး ငွေပိုငွေလျှံရှိနေပြီ။ သူတို့မသင်ခဲ့ရတဲ့ ပညာကိုပဲ သားဦးဖြစ်တဲ့ ဘမောင်ကို စိတ်ဖြောင့်ဖြောင့် သင်စေချင်တယ်လေ။ ဘမောင်ကလည်း ငယ်ငယ်က စီးပွားကျခဲ့တဲ့ပုံရိပ် မျက်လုံးထဲက မထွက်သေးတော့ အလုပ်ပဲလုပ်ချင်နေတယ်။

အဖေကတော့ သိပ်မဆူဘူး။ အဖေက ဘမောင်ကိုလည်း မရိုက်ဖူးဘူး။ အမေကတော့ တော်တော်ဆူပစ်တယ်။ ဘမောင်လည်း အမြီးကုတ်ပြီး လက်ဖက်ရည်ဆိုင်ပဲ ထွက်ခဲ့လိုက်ရတယ်။ အမေဆူတဲ့အချိန်မှာ တော်တော်နောက်ကျသွားပြီ။ အဲဒီအချိန်မှာ ကားလုပ်ငန်းက ဝင်ငွေကောင်းတော့ ဆေး၊ ဘော်ဒီရုံပါ ဘမောင်က ကိုယ်ပိုင်ထောင်ထားပြီးပြီ။ ကူရှင်ပဲ သူများဆီမှာအပ်ဖို့ လိုတယ်။ မက္ကင်းနစ်လည်း ရှိပြီးပြီ။

ဆေး၊ ဘော်ဒီကလည်း စီးပွားဖြစ်တယ်။ ကိုယ်ဆွဲတဲ့လေလံကားတွေကိုယ့်ဆီမှာလုပ်တော့ အရည်အသွေးပိုကောင်းပြီး အမြတ်ပိုကျန်တယ်။ သူများကားတွေလည်း လက်ခံရတာ အလုပ်မလည်ဘူး။ နောက်တော့ စာလေးလည်း မှန်မှန်ဖတ်ပြတဲ့ ဘမောင်ကို အဖေနဲ့အမေက မဆူတော့ပါဘူး။ အလေနတ်တော လိုက်နေတာထက်စာရင် အလုပ်မှာစိတ်ဝင်စားတာလည်း ကောင်းပါတယ် ဆိုပြီး တားမရလို့ ဖြေဖျောက်စိတ်နဲ့ လွှတ်ပေးလိုက်တယ်။

* * *

အဖေ့ကို ဘမောင် သိပ်သနားတယ်၊ သားသမီးတွေကို အဝေးမှာ အပင်ပန်းခံရှာကျွေးရှာပြီး ရင်အုပ်မကွာနေမယ်လဲဆိုရော သူ့စီးပွားက မထင်မှတ်ဘဲ ပျက်သွားရှာတယ်။ စိတ်ဓာတ်ရေးရာ အတော်ထိသွားရှာတယ်။ အဖေအလုပ်မလုပ်တော့ဘူး။ အမေက ဘမောင်တို့မူလတန်းထဲက အပေါင်ခံတဲ့အလုပ်နဲ့ စီးပွားကို ပြန်မတ်လာတာ။ တက္ကသိုလ်ရောက်တော့ ဘမောင်လည်း စီးပွားရေးအတော်အသင့်ဖြစ်လာတော့ တာဝန်ပခုံးပြောင်းယူမယ်ဆိုပြီး စိတ်လည်းကူးရော အဖေဆုံးသွားရှာတယ်။

ဘမောင်တို့ အဲဒီတုန်းက ဗဟုသုတအတော်နည်းတယ်။ လူမှုရေးလည်း အားနည်းတယ်။ ကြိုးစားမှုတစ်ခုပဲရှိတယ်။ ဗဟုသုတ ဘယ်လောက် အားနည်းသလဲဆိုရင် ကင်ဆာရောဂါကို ကုလို့ရတဲ့ရောဂါလို့ကို ထင်မိခဲ့တယ်။ ဘမောင်

mgyoe.com

တို့ရဲ့ Family Doctor က ဆရာဝန်ကြီး ဒေါက်တာဦးစိန်လှအောင်။ အဲဒီတုန်းက လူပျိုကြီး၊ အဖေ့မိတ်ဆွေ။ နောက် အိမ်ထောင်ကျသွားတဲ့အထိ မိသားစု ဆရာဝန် ဆက်ဖြစ်နေသေးတယ်။ တစ်ရက်မှာ ရုတ်တရက် အဖေ မအီမသာဖြစ်ပြီး အစား အသောက် စပျက်တယ်။ အိပ်ယာပေါ်မှာပဲ လှဲလှဲနေတတ်တော့တယ်။ ဒေါက်တာ ဦးစိန်လှအောင်ကလာပြီး အဖေ့ကို စမ်းသပ်တယ်။ ပြီးတော့ ဆေးရုံတင်ခိုင်းတယ်။ သမားတော်ကြီး ဒေါက်တာမြမောင်နဲ့ ပြဖြစ်ကြတယ်။

ဘမောင်လည်း စိုးရိမ်တတ်လာပြီး ညဘက် ဆရာဝန်ကြီးအိမ်သွားပြီး အတင်းမေးတော့ ကင်ဆာဆိုတာ သိရတယ်။ အသည်းကင်ဆာတဲ့၊ ကုရာဆေး မရှိသေးဘူးတဲ့။ အဲဒီတော့မှ ကင်ဆာဆိုတာ သေစေတဲ့ရောဂါဆိုတာ သိရတော့ တယ်။ ဘယ်လောက် ဗဟုသုတနည်းသလဲ။ တကယ်ဆို တက္ကသိုလ်ဒုတိယနှစ် ကျောင်းသားတစ်ယောက်က သိသင့်တာပေါ့။ ဆရာဝန်ကြီး ဒေါက်တာ စိန်လှ အောင်လည်း စိတ်မကောင်းဘူး။ နောက်တော့ သူလည်း ဆေးရုံအုပ်ကြီးဖြစ်သွား ပြီး မတွေ့ဖြစ်ကြတော့ဘူး။

အဖေ့စေတနာတွေကို ဘမောင် သိပ်လေးစားတာပဲ၊ သားသမီးအပေါ် လည်း အချစ်အလွန်ကြီးတဲ့ အဖေပါ။ မူလတန်းလောက်တုန်းက သူ နယ်က ပြန်လာရင် ဘမောင်တို့ ညီအစ်ကိုတွေကို အကျီချွတ်ကြည့်တယ်။ အရိုးရာတွေ့ရင် အမေနဲ့ ရန်ဖြစ်တယ်။ ဘမောင်တို့ကို ဘယ်တော့မှ မရိုက်ဖူးဘူး။ မာမာကျောကျော တောင် မဆူဖူးဘူး။ အရိပ်တကြည့်ကြည့်နဲ့ အမြဲတမ်းပြုံးနေတတ်တဲ့ အဖေပါ။ ပတ်ဝန်းကျင်ကလည်း အဖေ့ကို သိပ်ချစ်ကြတယ်။ လူမှုရေးသိပ်ကောင်းလို့တဲ့။ အလှူအတန်းလည်း ဝါသနာပါတယ်။ အမေ့ဘက်က မောင်နှမအများကြီးထဲမှာ အားလုံးနဲ့အဆင်ပြေအောင်လည်း နေတတ်တယ်။ ဒေါသလည်း ဘယ်တော့မှ မတွေ့ရဖူးဘူး။

ဘမောင် ပထမနှစ်မှာ အဖေ့အမေ အဘွားဆုံးတယ်။ ဖိုင်နယ်စာမေးပွဲ ဖြေဖို့ တစ်ရက်အလိုမှာ အဖေက ဘမောင် စာကျက်မပျက်အောင် ဘမောင် သူငယ်ချင်းနေတဲ့အဆောင်ကို ချက်ချင်းလိုက်ပို့ပေးတယ်။ အသုဘကိစ္စရပ် အတွက် စိတ်မပူဖို့လည်း အတန်တန်မှာသွားတယ်။ အမေတစ်ခု သားတစ်ခု ဘဝမှာ အဖေ့အမေဆုံးသွားတယ်ဆိုတော့ အဖေ့ဝေဒနာတွေကို ဘမောင် စာနာမိ ပါတယ်။ အဖေက တစ်ကောင်ကြွက်လေ၊ အဖေ့ကို နေသာအောင် အမေက ထားပါတယ်။

ကံတရားရဲ့ ပရိယာယ်က အတော်ကြွယ်တယ်၊ ငယ်ငယ်က ဘာမှ မလုပ်

mgyoe.com

mgyoe.com

တတ်တဲ့အမေကို အသက်ရမှ အလုပ်လုပ်တတ်အောင် ဖန်တီးတယ်။ အေးအေးဆေးဆေးလုပ်ငန်းသိမ်းပြီး ရင်အုပ်မကွာနေချင်ရှာတဲ့ အဖေ့ရဲ့လုပ်ငန်းတွေကို ဖျက်ဆီးပစ်တယ်။ ဒါနဲ့အားမရသေးဘူး၊ အဖေ့အမေကို ခေါ်သွားသေးတယ်။ နောက်တစ်နှစ် ဘမောင် ဒုတိယနှစ်ရောက်တော့ အဖေ့ကိုပါ ကံတရားက သေမင်းနဲ့ပေါင်းပြီး ဘမောင်တို့ဆီက အပြီးခေါ်ထုတ်သွားတယ်။ မိသားစုအပေါ် အပင်ပန်းခံပြီး လုပ်ကျွေးခဲ့တဲ့အဖေ့ကို ကိုယ့်အလှည့်ကျရင် ကောင်းကောင်းကြီး ပြုစုမယ်ဆိုတဲ့ အတွေးတွေ တစ်မုဟုတ်ချင်း ပျက်ပြယ်ခဲ့ရပါတယ်။ အဖေဆုံးတော့ အသက်က (၅၂) နှစ်ပဲရှိသေးတယ်။ ဘမောင်တောင် အခုအဖေ့အသက်ကျော်လာပြီ။ အဲဒီတော့မှ အဲဒီအသက်အရွယ်ဟာ ဘယ်လောက် အလုပ်လုပ်လို့ ကောင်းနေတုန်းဆိုတာ သိလာရတယ်။ အတွေ့အကြုံတွေ ရင့်ကျက်တဲ့အချိန်၊ အတွေးအခေါ်တွေ ကောင်းနေတဲ့အချိန်၊ တကယ့်အချိန်ကောင်းမှာ အဖေလူ့လောကထဲက ထွက်ခွာသွားရတာပါ။

မိဘတွေကို သိပ်ချစ်တတ်တဲ့ ဘမောင်ခပ်ရွယ်ရွယ် အဖေမဆုံးခင်က ရောက်တတ်ရာရာတွေးရင်၊ တကယ်လို့များ အဖေ သို့မဟုတ် အမေများ တိမ်းပါးခဲ့ရင် ... ဆိုပြီး တွေးကြည့်မိဖူးပါတယ်။ ခံစားလို့မရနိုင်အောင် စိတ်ကူးနဲ့တင် တုန်လှုပ်ခဲ့ရပါတယ်။ အဖေ တကယ်ဆုံးတော့ ဆောက်တည်ရာမရလောက်အောင် ဘမောင် ခံစားခဲ့ရတယ်။ အမေက ဘမောင်ကို သနား၊ ဘမောင်က အမေ့ကို သနား၊ နေ့တိုင်းမျက်ရည်ဝဲကြရတာ အမောပါ။ အဲဒီအချိန်မတိုင်ခင် အဒေါ်အငယ်တွေလည်း အိမ်ထောင်ကျ၊ ဦးလေးအငယ်ကလည်း အိမ်ထောင်ကျ၊ အဘွားကလည်း ဆုံး။ ပြီးတော့ အဖေကလည်း ဆုံးပြန်ဆိုတော့ နှစ်ထပ်အိမ်ကြီးမှာ အမေရယ်၊ ဘမောင်တို့ မောင်နှမ (၄) ယောက်ရယ် အတော် ခြောက်သွေ့သွားခဲ့ပါတယ်။

* * *

ကဆုန်လပြည့်နေ့မှာ အဖေဆုံးတယ်။ မိုးကဖွဲဖွဲရွာလို့။ အခုတော့လည်း အဖေဆုံးတာ နှစ်ပေါင်း (၃၀) ကျော်သွားပြီ။ ဘမောင်တောင် အဲဒီ နှစ်သုံးဆယ်ကျော်မှာ ဘဝအမျိုးမျိုး ကျင်လည်ဖြတ်သန်းခဲ့ပြီး မြေးများရဲ့ အဘိုးဖြစ်နေပြီ။ အမေက အခုဆို အသက် (၈၀) နီးပါးဖြစ်နေပြီ။ အမေ့ကို ဘမောင်လိုလေသေးမရှိထားနိုင်ခဲ့တယ်။ အဖေက ကံမကောင်းရှာဘူး။ သားသမီးတွေကို လုပ်ကျွေးသွားပြီး ခံစားရမဲ့ အလှည့်ကျတော့ မရှိရှာတော့ဘူး။ တစ်ခါတစ်ခါ

mgyoe.com

mgyoe.com

ဘမောင်နဲ့မောင်နှမတွေ အမေ့အိမ်မှာဆုံဖြစ်ရင် အမေ့ကို 'စ'ဖြစ်ကြတယ်။

အခုခေတ်က 'သွား' မပါပေမဲ့ ကားပါရင် ရတယ် အမေရဲ့။ ကာရာအိုကေက ကောင်မလေးတွေဆိုရင် ရွယ်တူတွေနဲ့ သီချင်းဆိုချင်ကြတာ မဟုတ်ဘူး၊ အသက်ကြီးလေ သဘောကျလေပဲ" အမေကရယ်ပြီး မျက်စောင်းထိုးရှာတယ်။

"အဖေသာရှိရင် ကားတစ်စီး ငွေတစ်ထုပ်နဲ့ ကာရာအိုကေ တစ်နေ့တစ်ဆိုင်ပို့ပေးမှာ။ အချိန်တန် အိမ်ပြန်လာရင် ပြီးတာပဲမှတ်လား"

အမေ ခစ်ခစ်ထိုးအောင် ရယ်ရှာတယ်။ ဒါပေမဲ့ မျက်ဝန်းထဲမှာတော့ အတိတ်ကိုလွမ်းတဲ့ ဝေဒနာအစလေးတွေ မြင်ရရဲ့။ ဘမောင်တို့ ရှာနိုင်ဖွေနိုင်ပြီဆိုတော့ အမေကလည်း စိတ်မပူရတော့ဘူး။ အဖေ့အတွက်လည်း နှစ်စဉ်ကဆုန်လပြည့်နေ့ရောက်တိုင်း ကျိုက္ကစံသီလရှင်ကျောင်း၊ ဒါမှမဟုတ် တစ်နေရာရာမှာ ဆွမ်းကပ်ရင်း ကောင်းမှုကို နှစ်တိုင်းမပျက် လုပ်ပေးနိုင်တယ်။

တချို့က ငယ်စဉ်ချမ်းသာကြပြီး အသက်ကြီးပိုင်းမှာ ချို့တဲ့ကြရရှာတယ်။ သားသမီးတွေကလည်း မလိမ္မာ၊ စီးပွားရေးကလည်း မကောင်း၊ ဘဝကို ခပ်ကြမ်းကြမ်းရုန်းကန်ရပြီဆိုရင် အဲဒီတိုတိုလေးဆိုတဲ့ လူ့ဘဝကြီးဟာ နေလို့မကောင်းတော့ပါ။ အသက်ကြီးရင် ခွန်အားလည်း မရှိတော့ပါ။ ဉာဏ်ပိုင်းလည်း ကျသွားပါတယ်။ ဩဇာ၊ အာဏာတွေလည်း ပျောက်တတ်ပါတယ်။ မလိမ္မာတဲ့သားသမီးတွေကို မွေးမိရင်၊ သိတတ်မှုလည်းမရရင် တော်တော် အားငယ်ရတတ်ပါတယ်။ သားသမီးတွေ အရေးမပေးတာ၊ ခလုတ်တိုက်တာကို ခံကြရပါတယ်။ ခုထိတော့ အမေက ကံကောင်းရှာပါတယ်။ သိတတ်တဲ့သားသမီးတွေကို မွေးထားပြီး မပူပင် မကြောင့်ကြရတဲ့ဘဝမျိုးကို ပိုင်ဆိုင်ဖြစ်ပါတယ်။

မောင်နှမ (၄) ယောက်မှာ ဘမောင်က အကြီးဆုံး၊ ဘမောင်အောက်ညီနဲ့ အသက် (၆) နှစ်ကွာတယ်။ တတိယကလည်း ညီပဲ၊ နောက်ဆုံးက ညီမလေး။ တတိယမြောက်တစ်ယောက်က ဟောင်ကောင်ကိုထွက်သွားတာ အခုဆို နှစ်ပေါင်းနှစ်ဆယ်ကျော်သွားပြီ။ မြန်မာပြည်မှာကျန်တဲ့ သုံးယောက်ကလည်း စည်းကမ်းစနစ်လေးရှိပြီး ကိုယ့်စီးပွားနဲ့ကိုယ် ပြေပြေလည်လည်ဖြစ်ကြတော့ အမေ စိတ်ချမ်းသာရပါတယ်။ အမေနဲ့ သူ့မောင်နှမတွေ တွေ့ကြရင်၊ အထူးသဖြင့် ရုပ်ရှင်လုပ်ငန်းဦးစီးခဲ့တဲ့ သူ့ညီမနဲ့တွေ့ကြရင် အမေ့ကံကောင်းကြောင်းတွေ ပြောဖြစ်ကြတယ်ဆိုပြီး အမေက ဘမောင်တို့ကို ပြန်ပြောပြလေ့ရှိကြတယ်။

အမေ့မောင်နှမတွေက အမေ့လောက် ကံသိပ်မကောင်းကြဘူး။ စီးပွားရေးစိတ်မပူကြရပေမဲ့ သားသမီးအရေးမှာ သူတို့စိတ်တိုင်းကျ ဖြစ်မလာကြဘူး။

mgyoe.com

mgyoe.com

အထူးသဖြင့် အမေ့ညီမအကြီးရဲ့ သားသမီးတွေနဲ့ အမေ့မောင်အကြီးရဲ သားသမီးတွေ သိပ်မစည်းရုံးကြဘူး။ ငွေကြောင့်စိတ်ဝမ်းကွဲကြတယ်။ သဘောမတူတဲ့ အိမ်ထောင်ရေးတွေကြောင့် မိဘရော၊ မောင်နှမတွေပါ သူစိမ်းပြင်ပြင် ဖြစ်ကြရတယ်။

အမေ့အတွက် အပူအပင်က ငွေရေးကြေးရေး၊ ကျန်းမာရေး၊ သားသမီးအရေးနဲ့ သားသမီးတွေရဲ့ သိတတ်မှုကအစ ဘာမှမပူပင်ရဘူး။ သူ့စိတ်အလိုကျဖြစ်ပါတယ်။ အဲဒါလည်း အမေယယ်က ဆုံးမခဲ့တဲ့ စေတနာတွေကြောင့်ပါ။

* * *

ဘမောင်တို့ စက်မှုတက္ကသိုလ်တက်စ ဗိသုကာကျောင်းသားဘဝမှာ ကျောင်းတော်ကြီးက အတော်စိုစိုပြေပြေနဲ့ပါ။ နိုင်ငံခြားဆရာတချို့ကို မှီလိုက်ပါသေးတယ်။ (၁၉၇၀) အစဦးပိုင်းတွေဆီကပေါ့။ နောက် နှစ်နှစ်၊ သုံးနှစ်လောက်မှာ နိုင်ငံခြားသားဆရာတွေ တဖြည်းဖြည်းပြန်ကြတာ ဘမောင်တို့ဖိုင်နယ်လည်း ရောက်ရော တစ်ယောက်မှမရှိကြတော့ဘူး။ ဆုတ်ယုတ်မှုကိုပြတဲ့ လက္ခဏာဆိုတာ အုပ်ချုပ်သူတွေ သိမှသိကြရဲ့လား မသိဘူး

Bachelor ဘွဲ့မှာတင် ဘမောင်တို့တုန်းက Thesis ဆိုတဲ့ကျမ်းကို ပြုစုရတယ်။ နောက်ပိုင်းမေးကြည့်တော့ မလုပ်ကြရတော့ဘူးတဲ့။ အဲဒီအစဉ်အလာ ဆက်ထိန်းဖို့ကောင်းတယ်။ အမှန်ပြောရရင် ကျမ်းပြုစုရတဲ့အတွက်ကြောင့် စာများများဖတ်ရပြီး ပိုတတ်သွားကြတာ ကိုယ်တွေ့ပါ။ ကျောင်းသားရဲ့သဘောက တွန်းအားရှိရင် စာများများဖတ်ဖြစ်ပါတယ်။ ခပ်ပေါ့ပေါ့ဆိုရင် အများစုက သိပ်မဖတ်ဖြစ်၊ သိပ်မကြိုးစားဖြစ်ကြပါ။ အဲဒီ Thesis ဖြုတ်လိုက်တာ မဟာအမှားတစ်ခုလို့ ဘမောင်တော့ မြင်တယ်။

RIT မှာ ဘမောင်တို့တုန်းက ဘာသာကြီး (၈) ခုရှိတယ်။ အဓိက က ဗိသုကာနဲ့ အခြားအင်ဂျင်နီယာဘာသာ (၇) ခုတို့ ကွဲသွားကြတာပါ။ ဗိသုကာယူတဲ့ သူက အလွန်နည်းတယ်။ တစ်တန်းမှာ လေးငါးယောက်ကနေ ဆယ်ယောက် ပိုပိုလေးပဲ။ ဆရာ စိုင်းရီလိတ်တို့ Batch မှာ ဆရာစိုင်းတစ်ဦးတည်း ကျောင်းသားရှိတယ်။ နိုင်ငံခြားသားဆရာတွေက တစ်ဘာသာတစ်ယောက်နှုန်းနဲ့ ဆရာအရေအတွက်က ပိုများနေတယ်။ စာသင်ဖို့ ကျောင်းသားကို Canteen လိုက်ခေါ်ယူရတယ်လို့ ပြောစမှတ်ရှိခဲ့ဖူးတယ်။ ဘမောင်တို့ရေ့ Batch မှာ ကျောင်းသား (၄) ယောက်ပဲရှိတယ်။ ကံကောင်းလို့ ဘမောင်တို့ Batch မှာ

mgyoe.com

mgyoe.com


စုစုပေါင်း (၁၃) ဦး၊ ဖိုင်နယ် ပြီးတော့ (၂) ယောက်ကျကျန်ခဲ့တာ ကျောင်းပြီးတော့ (၁၁) ဦးပဲအောင်တယ်၊ တခြားအင်ဂျင်နီယားရင်းတွေမှာ ကျောင်းသား ဦးရေက 'ရာ' နဲ့ချီ ရှိကြတာ၊ နည်းပါတယ်ဆိုတဲ့ Metology မှာတောင် ကျောင်းသား (၆၀/၇၀) လောက်ရှိတယ်။

ဗိသုကာဘာသာတွဲ အယူနည်းတာ Drawing ကိုကြောက်လို့တဲ့။ သူတို့ ပြောကြတာ၊ တကယ်တော့ ဘမောင်အမြင်က Architecture က Conceptual ပေါ်မှာ အခြေခံတယ်။ တခြားဘာသာတွေက Formulation ပေါ်မှာ အခြေခံ တယ်။ အတွေးသိပ်မပါဘူး၊ Formula တွေအရကျက်ရင် စာမေးပွဲ အသာလေး အောင်တယ်။ ဗိသုကာကျတော့ အဲသလိုမဟုတ်ဘူး။ Concept ဆိုတဲ့ အယူအဆတစ်ရပ်ပေါ် အခြေခံရတာမို့ ဘယ်လောက်မှန်တယ်ဆိုတာ တိုင်းတာဖို့ ခက်တယ်။ ဆရာတွေမှာတောင် Concept တူကြတာမဟုတ်ဘူး။ တခြားဘာသာ မှာက Formula နဲ့ Method ကို Equation နဲ့ တစ်သမတ်တည်း လက်ခံထား ကြတာဆိုတော့ အငြင်းပွားစရာမရှိဘူး။

ဘမောင်တို့ Batch အပါအဝင်(၁၀)နှစ်စာလောက်ရှိတဲ့ ဗိသုကာ ကျောင်း သားတွေ ကံဆိုးကြတယ်လို့ ပြောကြတယ်။ ဌာနမှာ ဌာနမှူးကြီး ဦးမျိုးမြင့်စိန်က အမေရိကန်က Master ကို ယူလာတာ၊ ဆရာဦးရွှေက ဂျပန်ပြန်၊ ဆရာ ဦးကျော်သိန်းက အမေရိကန်၊ ဆရာဒေါက်တာမောင်ကျော်ကလည်း အမေရိကန် ပြန်၊ ဒေါက်တာလွင်အောင်ကရုရှားပြန်၊ နောက်ဆုံးဝင်လာတဲ့ ဒေါက်တာ ကောင်း ညွန့်က ဂျပန်ပြန်၊ Ph.D ဆရာကြီး (၃) ဦးက သုံးနိုင်ငံပြန်ဆိုတော့ သူတို့ချင်း မတူညီတဲ့ အတွေးအခေါ်တွေကြားမှာ ဘမောင်တို့ (၁၀) နှစ်စာလောက် ကျောင်း သားတွေ သားကောင်ဖြစ်ခဲ့ကြရပါတယ်။

အထူးသဖြင့် အမေရိကန်နဲ့ရုရှားရဲ့ Concept တွေက မတူညီကြဘူး။ Form နဲ့ Function ဘယ်က ဦးစားပေးမလဲဆိုတာ ဖြစ်လာကြတယ်။ ဒေါက်တာ ကောင်းညွန့်ကလည်း ပူပူနွေးနွေး Ph.D ဆိုတော့ ဆရာကြီးတွေ နောက်ဆုံးပေါ် တွေနဲ့ အလှမ်းဝေးသွားပြီ။ ဂျပန် Concept ကို တပည့်တွေ အသုံးပြုစေချင်တယ်။ Project တွေကို Assignment အဖြစ်ပေးရင် ဗိသုကာ ကျောင်းသားတွေက ကိုယ်စိတ်ကြိုက်ဆွဲလို့ရတာ မဟုတ်ဘူး။ ဆရာတွေနဲ့ ဆွေးနွေးရတယ်။ Design Approach ကို ခေါ်သွားတဲ့ Concept ပေါ်မှာ အခြေခံရတာ။ ပြီးမှ Design က တဖြည်းဖြည်းပုံပေါ်လာတယ်။ အဲဒီတုန်းက စိတ်ညစ်ပေမဲ့ ကြီးလာတော့ အတော့်ကို အသုံးကျတာတစ်ခုရှိတယ်။ Jury မှာ ကိုယ့်ဒီဇိုင်းကို ရှင်းပြပြီး

mgyoe.com

mgyoe.com


ဆရာများက သုံးသပ်ချက်ပေးတာ၊ မေးတာ၊ ကျောင်းသားတွေဖြေတော့ပဲ။ တော်ရိရော်ရိ စဉ်းစားလာတဲ့လူကတော့ Jury ကျရင် သေပြီသာမှတ်။

ဖိုင်နယ်မှာပိုဆိုးသေးတယ်။ Thesis မလုပ်ရခင် ပထမ (၄)လမှာ Project (၂) ခုလုပ်ရတယ်။ ပြီးရင် ကိုယ်လုပ်မဲ့ Thesis ရဲ့ခေါင်းစဉ်ကို (၃) ခု ရွေးပေးရတယ်။ ဆရာများနဲ့ ဆွေးနွေးရတယ်။ နောက်ဆုံး ခေါင်းစဉ် အတည်ပြုချက်ရပြီဆိုရင် လုပ်တော့။ Drawing ရယ်၊ Model ရယ်၊ Thesis စာရေးရတာရယ် (၃) ခုပေါင်းပြီး (၆) လအတွင်း အပြီးရေးရတာ။ ကြားမှာ Jury (၄) ခုရှိတယ်။ Conceptual Stage, Design Approval Stage,Pre-final နဲ့ Final Stage ဆိုပြီး (၄) ဆင့်ကိုဖြတ်ရတာ။ အဆင့်တစ်ခုနဲ့တစ်ခုက ဆက်စပ်နေလို့ ခုန်ကျော်သွားလို့မရဘူး။ တချို့ကျတော့ Conceptual Stage မှာ သူများတွေ Approve အတည်ပြုချက်ရလို့ ကိုယ်ကမရသေးတဲ့သူတွေ ရှိတယ်။ သူ့အချိန်သူမပြီးရင် နောက်ပိုင်းမှာ ရှုံးမတတ် သုတ်ခြေတင်ရတော့တာပဲ။ ဒါကြောင့်မို့ (၁၉၇၀) ဝန်းကျင်က R.I.T မှာ ဘယ်သူဒီနှစ်တော့ 'ရှုံး' သွားတယ်ဆိုရင် မေးမနေနဲ့တော့၊ ဗိသုကာဌာနက တစ်ယောက်ယောက်ပဲ။ (၃–၄) နှစ်လောက်လည်း ဆက်တိုက်ဖြစ်လိုက်ရော ဗိသုကာကို တော်တော်ကြောက်သွားကြတယ်။ အမှန်ပြောရရင် ဗိသုကာတွေက တခြားဘာသာရပ်တွေထက် စာပိုဖတ်ဖို့တော့လိုတယ်။ အရည်အချင်း တစ်ခုကို တိုင်းတဲ့ပေတံတွေက များလို့။ ဒီခေတ်ပြောပြောနေကြတဲ့ Brain Storming ဆိုတာ အဲဒီခေတ်မှာထဲက ဗိသုကာတွေနဲ့ရင်းနှီးပြီးသား။ ဆရာတွေရဲ့ ပရက်ရှာကလည်း များတာပါတယ်။ မခံနိုင်တဲ့သူတွေ ရှုံးသွားကြတာပေါ့။

ဘမောင်တို့ ဖိုင်နယ် Thesis လုပ်တော့ 'ရီရီကြိုင်' ဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ ဆရာကြီးနှစ်ဦး ပညာပြိုင်ပွဲမှာ သူ့ Concept လိုက်ရမယ်၊ ငါ့ Concept လိုက်ရမယ်ဆိုပြီး ပရက်ရှာ အကြီးအကျယ်အပေးခံရတာ၊ တစ်ဦးဦးကို လိုက်ရင် ကျန်တဲ့ ဆရာက 'ငါ့အမှတ်မရဘူး' ဆိုလို့ စာမေးပွဲကျမယ့်အတူတူ Thesis ဆက်မလုပ်ဘဲနေတာ မှတ်မိသေးတယ်။ ဘမောင်တို့အုပ်စု ချော့မော့ပြီး ဆက်လုပ်ဖို့ဖြေသိမ့်ရင်း နောက်ဆုံးတော့ ငိုလိုက်၊ ရယ်လိုက်နဲ့ပဲ ကျောင်းက အောင်သွားခဲ့ပါတယ်။

ဖိုင်နယ် Jury မှာ ဂျူရာတွေက တန်းစီပြီမေးဖို့စောင့်တယ်။ ကျောင်းသားတစ်ဦး Project တစ်ခုမှာ Client (လုပ်ငန်းရှင်) ကို ခေါ်ခွင့်ရှိတယ်။ Project နဲ့ဆိုင်တဲ့ ဌာနဆိုင်ရာက အကြီးအကဲကို ခေါ်ရတာ။ ဘမောင်တို့အတန်းက ကျောင်းသား/သူ (၁၃) ယောက်ဆိုတော့ Client က (၁၃) ယောက်။ မေးဖို့

mgyoe.com

mgyoe.com

လက်သီးလက်မောင်းတန်းနေတဲ့ ဆရာဂျူရီအဖွဲ့ဝင်တွေက ဒါဇင်ဝက်လောက်။ Last Minutes အထိ ဆွဲပုံတွေကြား၊ Thesis စာရွက်တွေကြားက ရင်ခုန်ထိတ်လန့်စွာ ဂျူရီဝင်ကြရတာပါ။ ပြီးတော့ သူ့ကိုဘာတွေမေးသလဲ၊ ကိုယ့်အလှည့်ကျရင်ရော ဘာတွေမေးနိုင်သလဲဆိုတာ ပြင်ဆင်ရတာတွေကို အပြင်က လူတွေကြည့်ရင် အရူးမီးဝိုင်းပဲ။

'ခင်ခင်ဝင်း' ဆိုတဲ့ တောင်ကြီးသူလေးအလှည့်မှာ ဘာတွေဝိုင်းမေးလိုက်ကြတယ် မသိဘူး၊ နောက်ဆုံး ကောင်မလေးက ထိုင်ချပြီး 'တဟီးဟီး' နဲ့ ငိုရတဲ့အထိ ဖြစ်သွားတယ်။ အဲဒီအသံကြားတော့ နောက်လူတွေအလှည့်ကျ သွေးပျက်ကြရတာပေါ့။ ပွဲကြမ်းနေမှန်းတော့သိပြီ၊ ဘမောင်အလှည့်ကျ ဘယ်လိုပြောမလဲစဉ်းစားတယ်။ အခု အမေရိကားရောက်နေတဲ့ 'ဝင့်ခင်ဇော်' ဆိုရင် သူ့ Client က ဗိုလ်မှူးကြီးလှအောင်၊ သူ့ Project က 'Zoo' နဲ့ပတ်သက်တာ၊ သူ့ Client ရှေ့မှာ ...ဆရာက

'မင်းလုပ်နေတာ Thesis ...၊ အခု ရိုးရိုး 3rd Year Project လောက်တောင်အဆင့်မရှိဘူး' ဆိုပြီး ပစ်ပစ်ခါခါဝေဖန်လိုက်တာ Client ဖြစ်တဲ့ ဗိုလ်မှူးကြီးလှအောင်တောင် ခေါင်းငုံ့သွားရတယ်။ 'ဝင့်ခင်ဇော်' ကို တစ်နှစ်လည်း ချပစ်လိုက်တယ်။ နောက်အလှည့်က ဘမောင်အလှည့်၊ ဆွဲပုံတွေကို နံရံ (၃) ဘက်မှာ အပြည့်ကပ်ထားလိုက်တယ်။ Drawing ချည်းပဲ (2' x 3') ဆိုက် (၅၃) ရွက်၊ Thesis စာအုပ်က လက်နှစ်လုံးခွဲလောက် ထူတယ်။ Model က (6' x 4') ။ အပြောလွတ်အောင် သေသေချာချာ လုပ်ထားတယ်။ Case Study ကိုလည်း သံရုံး (၃) ခုရဲ့ စာကြည့်တိုက်တွေမှာ ရက်များစွာထိုင်ပြီး ပြုစုထားတာ။ ချီးကျူးဖို့ ဘမောင် မမျှော်လင့်ဘူး၊ အထုအထောင်းအခံရနည်းအောင်ပဲ မျှော်လင့်တယ်။

ကြိုးစားထားတာတွေ့လို့ ပထမပိုင်း ဆရာတွေရဲ့မေးခွန်းက သိပ်မပြင်းထန်ဘူး။ ရှာရင်းဖွေရင်းနဲ့ မေးစရာတွေ တွေ့လာတယ်။ အမေရိကန်နဲ့ ရုရှား၊ ပြီးတော့ ဂျပန်ပြန်တွေရဲ့ သုံးပွင့်ဆိုင် အားပြိုင်မှုမေးခွန်းတွေပဲ။ ဆရာအားလုံးနဲ့ အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီးမှ Concept ယူထားတာဖြစ်လို့ Architectural Drawing နဲ့ပတ်သက်ပြီး အပြင်းအထန် သိပ်အမေးမခံလိုက်ရဘူး။ ဘမောင်အသက်ရှူနည်းနည်း ချောင်သွားတယ်။ ဒါပေမဲ့ ဆရာကြီးတစ်ဦးက လွယ်လွယ်နဲ့ လွှတ်ချင်ဟန်မတူဘူး။ သူ့ Knowledge ကို ပြချင်တာလည်း ပါသွားတယ်။ Structural နဲ့ပတ်သက်ပြီး ရေရေလည်လည် မေးတော့တာပဲ။ သူမေးတော့ တခြားဆရာကြီးတွေကလည်း အားကျမခံ သူတို့လည်း မေးနိုင်တယ်ဆိုတဲ့

mgyoe.com

mgyoe.com


သမားဂုဏ်နဲ့ Electrical ပိုင်း၊ ဓာတ်လှေကားပိုင်း စတာတွေ မေးလိုက်ကြတာ စုံသွားတာပဲ။

ကိုယ့်ကိုယ်ကို ခုခံကာကွယ်တာ မဟုတ်ဘူး။ ဗိသုကာအဓိကယူခဲ့လို့ ဗိသုကာနဲ့ပတ်သက်ပြီး အဓိကမေးခွန်းများ မေးတာကို ဘာမှ ဘမောင် စောဒက တက်စရာမရှိဘူး။ တခြားဘာသာရပ်တွေကို သာမန်မေးခွန်းအဆင့်နဲ့လည်း မေးနိုင်ပါတယ်။ မေးလည်းမေးလေ့ ရှိကြပါတယ်။ ဒါပေမဲ့ ထဲထဲဝင်ဝင် အဓိက ယူတဲ့ဘာသာရပ်လို မေးတာမျိုးကတော့ အဓိကယူတဲ့ ဘာသာကွဲလို့ ဘယ်သူမှ အတိအကျ၊ အသေးစိတ် ဖြေနိုင်မှာမဟုတ်ပါဘူး။

နောက်ဆုံး ဘယ်လောက် ပွဲကြမ်းသွားသလဲဆိုရင် ဘမောင်ကိုမေးနေတာထက် ငါတို့ ဘယ်လိုမေးခွန်းမျိုး မေးနိုင်တယ်ဆိုတာဆီကို လမ်းကြောင်းက ပြောင်းသွားတယ်။ မေးခွန်းတစ်ခုကို ဖြေလို့မဆုံးသေးဘူး၊ နောက်ဆရာတစ်ဦးဆီက လန်ဘား ကြောက်ကလားမေးခွန်းထွက်လာတယ်။ အဲဒီဆရာရဲ့မေးခွန်း ဖြေလို့မဆုံးသေးဘူး။ ပထမဆရာရဲ့ မေးခွန်းအသစ်က ထွက်လာပြန်ရော၊ ဘမောင်တောင် 'ခင်ခင်ဝင်း' လို ထိုင်ငိုရမလို ဖြစ်သွားတယ်။ မေးခွန်းစက်သေနက်သံကြားမှာ ဘမောင် ဘာဖြေရမှန်းမသိတော့ဘူး။ တစ်ခုခုပြောမှဖြစ်တော့မယ်ဆိုတဲ့ အသိက ဘမောင်ဆီ အတင်းတိုးဝှေ့ဝင်လာပါတယ်။

"ဆရာကြီးများခင်ဗျာ... ကျွန်တော်က အခုမှ Final Year ပါ။ Bachelor တောင်မရသေးပါဘူး၊ ဆရာကြီးများက Ph.Dတွေပါ။ မေးခွန်းအားလုံးက Ph.D အဆင့်တွေဖြစ်နေပြီး ကျွန်တော့် Bachelor အဆင့်ထက်ကျော်နေလို့ ကောင်းစွာ ဖြေဆိုနိုင်ခြင်းမရှိတော့ပါဘူး"

ရုတ်တရက် ဘမောင် 'ပက်' လိုက်တာ ဆရာကြီးများ ဘာပြန်ပြောရမှန်း မသိ မိနစ်အနည်းငယ်လောက် ကြက်သေ–သေသွားကြပါတယ်။ Jury တစ်ခုလုံး လည်း ငြိမ်သက်သွားတာ အသက်ရှူသံတောင် ကြားရပါတယ်။ နောက်မှ ဌာနမှူး ဆရာကြီး ဦးမျိုးမြင့်စိန်အသံက ထွက်လာတယ်။

"ကဲ ကဲ ... တော်ပါပြီ၊ နောက်ကျောင်းသားတစ်ယောက်"

ခြောက်နှစ်လောက် ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီး လျော့ကျသွားသလို စိတ်ထဲမှာ အရမ်း လွတ်လပ်ပေါ့ပါးသွားပါတယ်။ တင်းကျပ်မွန်းသိပ်နေမှုကို ဘမောင်တို့ ဗိသုကာကျောင်းသားဘဝမှာ တစ်ကြိမ်၊ ဗိုလ်သင်တန်းတက်တုန်းက တစ်ကြိမ် ခံစားခဲ့ရဖူးပါတယ်။ အခုလည်း Jury ပြီးရင်ပြီးရော၊ ဘယ်အဆင့်နဲ့ အောင်အောင် ကျေနပ်တယ်ဆိုတဲ့ လွတ်လပ်ပေါ့ပါးမှုနဲ့အတူ ကျောင်းတော်ကြီးကို

mgyoe.com

mgyoe.com

မကြာခင်ခွဲခွာရတော့မယ့် စွယ်တော်ပင်ကြီးတွေကို ငေးမောကြည့်နေမိပါတော့တယ်။

ကျောင်းတော်ကြီးမှာနေခဲ့ရတဲ့ (၆) နှစ်တာကာလဟာ ပြီးသွားတော့လည်း ခဏလေးလိုပါပဲလားလို့ စိတ်ထဲထင်မိတယ်။ စွယ်တော်ရိပ်ကိုရောက်စ Fresher Welcome ကအစ၊ ဗိသုကာကျောင်းသားဘ၀ ပုဂံမှာရှိတဲ့ ဘုရားပျက်တွေကိုသွားပြီး တိုင်းတာ ပုံစံထုတ်လုပ်ရေး Field ဆင်းတာအလယ်၊ ရှုးမတတ်ဘ၀နဲ့ Thesis လုပ်ခဲ့ရတာအဆုံး လွမ်းမောတသ သတိတရရှိနေရပါတယ်။ ကျောင်းရောက်စက အပျံသင်စအရွယ်၊ ကျောင်းပြီးတော့ မကျက်တကျက် ဘဲဥပြုတ်လိုနဲ့ အလုပ်ထဲ ဝင်ရတော့မှာပါလားဆိုတဲ့ အသိကလည်း တစ်ပြိုင်နက်တည်း ကပ်ပါလာပါတယ်။ အမှတ်တရတစ်ခုကတော့ ရှိုးပေးရင်း ဆေးလိပ်စသောက်လိုက်တာကနေ ကျောင်းပြီးတော့ ဗိသုကာဘွဲ့နဲ့အတူ နှစ်နှစ်ခြိုက်ခြိုက်ဆေးလိပ်သောက်တာလေးက ဖွားဖက်တော်လို ပါလာပါတော့တယ်။

ဟိုတဖျောက် ဒီတဖျောက် စာကလေးကလည်းရေးတော့ အဲဒီတုန်းက ကြို့ကုန်းဘက်မှာ နာမည်ကြီးတဲ့ ‘နွား’ တံဆိပ် ဆေးပေါ့လိပ်ကိုဖွာရင်း အပေါင်းအသင်းတွေကို အရက်ခပ်ပေးရ၊ အမြည်းလုပ်ပေးရ၊ အံဖတ်တွေကြိုးပေးရတဲ့ အတွေ့အကြုံလေးလည်း ရလိုက်ပါသေးတယ်။ အဲဒီတုန်းက စီနီယာဖြစ်တဲ့ စာရေးဆရာမှ ‘မစန္ဒာ’ ရဲ့ ‘ဂျီဟောသူ’ ကိုဖတ်ရင်း သူ့ကိုအားကျခဲ့ရတာတွေလည်း မှတ်မိပါသေးရဲ့။ ရေးဖော်ရေးဖက်ဖြစ်ကြတဲ့ ကိုဆန်းညွန့် (မောင်ညိုငယ်)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ညွန့်ဝင်းလေး (အာခီတက်) တို့နဲ့အတူ စက်မှုတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွေမှာ အပြိုင်ကြဲကြတာလည်း အတွေးထဲမှာ အရိပ်အငွေ့အဖြစ် ကျန်သေးတယ်။ သွေးသောက်မဂ္ဂဇင်းမှာ မောင်ညိုငယ် ကလောင်အမည်နဲ့ မှန်မှန်ရေးတဲ့ ကိုဆန်းညွန့်တစ်ယောက်ကတော့ ငယ်ငယ်နဲ့ ဆုံးသွားရှာခဲ့ပါပြီ။ ကိုညွန့်ဝင်းလေး၊ မောင်မောင်မြင့်သိန်းတို့နဲ့ကတော့ မကြာခဏ မဟုတ်ပေမဲ့ တွေ့ဖြစ်ကြပါတယ်။

ဗိုလ်ပေါက်စဘဝနဲ့ စွယ်တော်ရိပ်ကို သုံးလေးခေါက် အလွမ်းပြေရောက်ခဲ့ပေမဲ့ နောက်ပိုင်းကြတော့ သိပ်မရောက်ဖြစ်တော့ပါ။ ဘယ်အချိန်မှာ ဘယ်လိုလူတွေ ဘယ်ပုံစံနဲ့ လာခဲ့လာခဲ့၊ အမိစက်မှုတက္ကသိုလ်ကြီးကတော့ မိခင်ရင်းပမာ နွေးထွေးစွာ ကြိုဆိုနေဆဲပါ။

* * *

mgyoe.com

mgyoe.com

ဘမောင်ရဲ့ ပင်ကိုဗီဇက အေးအေးဆေးဆေးနေချင်တယ်။ ပူပူဆူဆူဆို သိပ်မကြိုက်တတ်ဘူး။ ဗိသုကာဘာသာတွဲ ယူလိုက်ရတာလည်း ကိုယ့်စိတ်ကူးလေးနဲ့ကိုယ် စဉ်းစားပြီး၊ ပုံကလေးတွေဆွဲရမယ်လို့ ထင်ခဲ့တာ၊ တကယ်လက်တွေ့ကျတော့ မျှော်လင့်ထားတာတွေနဲ့ နည်းနည်းလွဲသွားတယ်။ အဲဒီ နည်းနည်းလွဲသွားတာတောင် တော်တော် ပူပူလောင်လောင်နဲ့ ကျောင်းကို မနည်းပြီးအောင်လုပ်ခဲ့ရတာ။ လူတွေရဲ့ အတ္တကြီးမားမှု၊ မာန်မာနကြီးမားမှုကို တော်တော်လေးလည်း ရွံသွားတယ်။ မဆိုင်တဲ့သူတွေ သားကောင်ဖြစ်ရတာပေါ့။

ဘမောင်တို့ကတော့ Grade ကောင်းကောင်း သိပ်မှန်းတာမဟုတ်ပါဘူး။ ထိပ်ဆုံးနဲ့အောင်ချင်သူတွေ အကုန်လုံးခြေ ချော်ကုန်ကြတယ်။ မြေဇာပင်ဖြစ်ကုန်ကြတယ်။ တစ်တန်းလုံးမှာ Credit တစ်ယောက်ပဲ ထွက်တယ်၊ ချိုချိုမြင့်ဆိုတဲ့ ကောင်မလေး။ ကျန်တဲ့သူတွေ ဘယ်သူမှမထွက်ဘူး၊ ချိုချိုမြင့်လို Drawing ကောင်း၊ Thesis ကောင်းတဲ့သူ (၂) ဦး (၃) ဦးရှိသေးရဲ့သားနဲ့ သူတို့ Credit မထွက်ကြတာ စဉ်းစားစရာပဲ။ ရလဒ်က ဘမောင်တို့အားလုံး Master ဆက်တက်လို့ မရကြတော့ဘူးပေါ့။ တခြားသူတွေအဲဒီ ဗိသုကာပညာနဲ့ ဆက်မတက်နိုင်တော့ ဒုက္ခတော်တော်ရောက်သွားကြတယ်။

အဲဒီနေ့ Jury ပြီးတော့ အမှောင်စပြီး ပျိုးချင်လာပြီ။ စိတ်နာနာနဲ့ ဗိသုကာနဲ့ဆိုင်တဲ့ပစ္စည်း ဘာမှမယူတော့ဘူးဆိုပြီး ဌာနက ရုံးအကူဒေါ်နယ်ကို 'မင်းအားလုံးယူလိုက်' ဆိုပြီး ကျောင်းပေါ်က ဘမောင်ဆင်းချလာတယ်။ တခြားအတန်းဖော်တွေလည်း ဘမောင်လိုပဲ၊ အောင်စာရင်းစောင့်စရာမလိုဘဲ 'ကျ' တော့မယ်ဆိုတာ ဂျူရီမှာတင် သိတဲ့သူတောင် ရှိနေပြီဆိုတော့ ဘယ်သူစိတ်ဓာတ်မကျဘဲရှိပါ့မလဲ။ 'နွေးအေး' ခဏထိုင်ပြီး အိမ်ပြန်မယ်လုပ်တော့မှ သည်ကျောင်းကြီးမှာ ခြောက်နှစ်လောက်သင်ခဲ့ပြီး အမှတ်တရပစ္စည်းလေးတစ်ခုတော့ အိမ်မှာရှိသင့်တယ်ဆိုတဲ့အသိနဲ့ တီစကွဲယားလေးပဲ ပြန်ယူဖြစ်တယ်။ ကျန်တဲ့ အဖိုးတန်ပစ္စည်းတွေ အများကြီးထားခဲ့လိုက်တယ်။ သံယောဇဉ်လည်း ပြတ်တယ်။

စက်မှုတက္ကသိုလ် ခြောက်နှစ်တာကာလရဲ့ နောက်ဆုံးနှစ်ကို သည်လိုရင်ခံပြီး ကျောင်းပြီးခဲ့ရတာ။

နေရစ်တော့ စွယ်တော်ရိပ်ကြီးရေ ......

စိတ်ပျက်လက်ပျက်နဲ့ ဘမောင်သူငယ်ချင်း ကိုသန်းထူး (ယခု ဗိုလ်မှူးကြီးသန်းထူး) နဲ့ မန္တလေးဘက် ထွက်ခဲ့မိတယ်။ ဘာရယ်မဟုတ်ဘူး၊ ခြောက်နှစ်လုံးမွန်းကျပ်နေခဲ့တဲ့ ကျောင်းသားဘဝရဲ့ နောက်ဆုံးအချိန်တွေကို မြင်ကွင်းအပြောင်း

mgyoe.com